# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း (၉)ရက် ၊ ကြာသပတေးနေ့ ၊ (3-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂

နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်

အယ်ဒီတာ့အာဘော်

# မြန်မာအမျိုးသမီးများနေ့ကို လေးစားဂုဏ်ပြု

ဇူလိုင် ၃ ရက် (ယနေ့)သည် မြန်မာအမျိုးသမီးများနေ့ဖြစ်ပါသည်။ ကဏ္ဍအသီးသီးက စွမ်းဆောင်ရည်ရှိသော ထူးချွန်အမျိုးသမီးများကို ဂုဏ်ပြုချီးမြှင့်သောနေ့လည်းဖြစ်သည်။ မိမိတို့လူမှုအဖွဲ့အစည်းတွင် အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူအခွင့်အရေးပေးထားကြောင်း ထင်ရှားပေါ်လွင်သည်။

မြန်မာတို့ဆိုရိုးစကားတွင် မောင်တစ်ထမ်း မယ်တစ်ရွက်ဟူ၍ရှိသည်။ အမျိုးသမီးများသည် မိမိတို့၏ ခင်ပွန်းအမျိုးသားများနှင့်အတူယှဉ်တွဲကာ အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းကို မြင်တွေ့ရသလို တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတစွာ ရပ်တည်ရှင်သန်နိုင်မှုကိုလည်း တွေ့နိုင်သည်။ အမျိုးသမီးများသည် မိသားစုတစ်စု၏ နေ့စဉ်ဘဝစားဝတ်နေရေးနှင့်ကျန်းမာရေးကို ဦးစားပေးစဉ်းစားရသူ၊ သားသမီးများ၏ ပညာရေးအတွက်စဉ်းစားဆောင်ရွက်ပေးရသူ၊ သားသမီးများကို ဆုံးမပဲ့ပြင်ပြုစုပျိုးထောင်ပေးရသူ၊ မိသားစု၏ အသုံးစရိတ်များကို ခြိုးခြံချွေတာသုံးစွဲရသူစသည့် မိသားစုအတွက် အနစ်နာခံရသူများအဖြစ် မိသားစု၏ နေ့စဉ်ဘဝတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နေရသူများဖြစ်ကြသည်။

မြန်မာအမျိုးသမီးများသည် မိမိတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တစွမ်းရည်များကို အမျိုးသားများနှင့် ယှဉ်တွဲ၍သမိုင်းအဆက်ဆက်ပြသနိုင်ခဲ့သည်။ ပုဂံခေတ်တွင် ထင်ရှားခဲ့သော မိဖုရားကြီးဖွားစော၊ ပုဂံခေတ်ကျစွာမင်း၏ သမီးတော် သံပျင်မင်းသမီးလေး၊ ညောင်ရမ်းခေတ် စာပေလောကတွင် တောင်တွင်းရှင်ငြိမ်းမယ် သာမက ကုန်းဘောင်ခေတ်တွင် မယ်ခွေ၊ ခင်ဆုံ၊ မမြလေး၊ လှိုင်ထိပ်ခေါင်တင်တို့သည်လည်း ကမ္ဘည်းမော်ကွန်းတင်ခံရသည့် မြန်မာအမျိုးသမီးစာပေပညာရှင်၊အနုပညာရှင်များဖြစ်သည်။ ကိုလိုနီခေတ်တွင် ဝိုင်အမ်ဘီအေမှ သခင်မများ၊ အမ်အေဒေါ်အုန်း၊ ဒေါ်မြစိန်၊ သခင်မဒေါ်သိန်းတင်တို့သည် ကိုလိုနီခေတ်၏ အာဇာနည်များဟုပင်ခေါ်ဆိုထိုက်သူများဖြစ်သည်။ မြန်မာ့သမိုင်းတွင် အရပ်သားဘဝဖြင့် သူရဘွဲ့ရခဲ့သူ အမျိုးသမီး သူရမချစ်ပို၊ မင်းကွန်းဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့သူ ဘွားဦးဖွန်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ဖလောရင့်နိုက်တင်ဂေးဆုရှင် သူနာပြုဆရာမကြီး ဒေါ်ခင်အုန်းမြ၊ ဒုတိယအကြိမ် ဖလောရင့်နိုက်တင်ဂေးဆုချီးမြှင့်ခံရသူ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနမ်၊ ဖလောရင့်နိုက်တင်ဂေးဆုရရှိသူ သားဖွားဆရာမ ဒေါ်သိန်းရီ၊ ရဲဗလဆုချီးမြှင့်ခံခဲ့ရသည့် လေကြောင်းပို့ဆောင်ရေးမှ လေယာဉ်မယ် ဒေါ်သွယ်သွယ်ဝင်း စသည့်အမျိုးသမီးများသည် လေးစားဂုဏ်ယူဖွယ်အမျိုးသမီးများပင်ဖြစ်သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းစဉ်အဆက်ဆက်၌ အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများနှင့် ပါဝင်ခဲ့ကြသည်။ လက်ရှိအချိန်တွင် ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နှင့် ဆောင်ရွက်ရာ၌လည်း မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းများအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီး၌လည်း ကာယအား၊ ဉာဏအားများနှင့် စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နေကြသည့် မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍသည် များစွာအရေးပါလှသည်။

သို့ဖြစ်ရာမြန်မာအမျိုးသမီးများနေ့သည် မိမိတို့လူမှုအဖွဲ့ အစည်းအတွင်း၌ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်ကို အမြဲအမှတ်ရနေစေမည့် နေ့တစ်နေ့ပင်ဖြစ်သည်။ မိန်းမသားများဖြစ်နေစေကာမူ အမျိုးသားများနှင့်တန်းတူ တာဝန်ယူစွမ်းဆောင်နိုင်သော၊ လူမှုအဖွဲ့အစည်းအတွက် တာဝန်ကျေပွန်ခဲ့ကြသော မြန်မာအမျိုးသမီးများကို မြန်မာအမျိုးသမီးများနေ့တွင် လေးစားဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။

# ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပထမအကြိမ် မြန်မာအီလက်ထရွန်နစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်



**ကျောက်ဆည် ဇူလိုင် ၂**

ပထမအကြိမ် မြန်မာအီလက်ထရွန်နစ်မဲပေးစက် (Myanmar Electronic Voting Machine–MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် MEVM ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် မဲစာရင်းပြုစုရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်းများမှပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ နည်းပြများ၊ သင်တန်းသား၊သင်တန်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုအောင်မြင်အောင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် အကျိုးကျေးဇူးများစွာရှိပြီး ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူလူထုအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည့် မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVE)၏ဖွဲ့စည်းတည်ဆောက်ပုံ၊ တပ်ဆင်ပုံ၊ အသုံးပြုပုံ စသည့်အချက်အလက်များကို သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ရှင်းလင်းသေချာစွာသိရှိနားလည်အောင် ဂရုတစိုက်လေ့လာမှတ်သားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဆန်းက မြန်မာအီလက်ထရွန်နစ် မဲပေးစက်ကို ပြည်တွင်းရှိ နည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့်တီထွင်ဆောင်ရွက်ထားမှု၊ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာအီလက်ထရွန်နစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာဆင့်ပွားသင်တန်းအတွက် ပြင်ဆင်ထားမှုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများကို နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကျောင်းကုန်းမြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် မြေပဲဆန်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် ဇွန်လ ဒုတိယပတ်မှ ယနေ့တိုင် မြေပဲဆန်များဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်လာပြီး အဆိုပါ မြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူအားကောင်းလာသည့်အတွက် ဖြစ်ကြောင်း သိရသည်။

''လက်ရှိမှာ ကျောင်းကုန်းမြို့နယ်ကို ဒေသမြေပဲဆန်တွေအပြင် အခြားဒေသကမြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန် တစ်ပိဿာကို ငွေကျပ် ၂၁၀၀၀ ထိ ဈေးပေါက်နေပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှု အားကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က အခုထက်ပိုကောင်းလာဖို့ရှိပါတယ်။ အခုနှစ် မြေပဲဆန်တွေ အဝယ်လိုက်နေတဲ့အခါ တောင်သူတွေ အဓိကအဆင်ပြေနေပါတယ်''ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်သည် မြေပဲများကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်ထုတ်လုပ်ကာ ဝယ်ယူသည့်ဒေသများသို့ စနစ်တကျ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၂၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဒီပဲယင်း ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၂၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် နေကြာ ၅၁၆၃ ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၂၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒီပဲယင်းမြို့နယ်အတွင်း နေကြာဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊နှမ်းတွေထက်ပိုများပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူသို့ ဖလှယ်သည့် နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောက်ဆည်ခရိုင် အာရှသားဆီစက်တွင် ဆီသန့်စင်ခြင်းဆောင်ရွက်နေမှု၊ နွေစပါးစံပြကွက်ကွင်းသရုပ်ပြပွဲနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ကို ကွင်းဆင်းကြည့်ရှု



**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇူလိုင် ၁ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင်အတွင်း ဆီသန့်စင်စက် ဝယ်ယူတပ်ဆင်၍ ဆီသန့်စင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက် အောင်မြင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲနှင့် ဆောက်အင်းဆိုလာစနစ် ပူးတွဲလျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းများသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကျောက်ဆည်မြို့ ရွာနိုင်ရပ်ကွက်ရှိ အာရှသားဆီစက် လုပ်ငန်းသို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌနှင့် အာရှသားဆီစက် လုပ်ငန်းရှင်တို့က ဆီသန့်စင်စက် ဝယ်ယူတပ်ဆင်ပြီးစီးမှုနှင့် ဆီသန့်စင်ထုတ်လုပ်နေမှု၊ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံများကို နိုင်ငံတကာအဆင့်မီ သန့်စင်ပြီး တစ်နေ့လျှင်ပိဿာချိန် ၃၀၀၀ ထိ ထုတ်လုပ်ပေးနိုင်မည့် အခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေး၊ ဆီထွက်သီးနှံပန်းတိုင် ရည်မှန်းချက်များ ပြည့်မီရေး၊ ပြည်ပသွင်းကုန် လျှော့ချပြီး ပြည်ပပို့ကုန်များ တင်ပို့နိုင်ရေး ပြည်တွင်းထုတ်လုပ်နိုင်မှု ပိုမို တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ လုပ်ငန်းလည်ပတ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စဉ့်ကိုင်မြို့နယ် ဆောက်အင်းကျေးရွာရှိ တောင်သူတစ်ဦး၏ နွေစပါး(ဆင်းသုခ) ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းသရုပ်ပြနေရာသို့ရောက်ရှိပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် တက်ရောက်လာသည့် တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စပါးစိုက်ပျိုးထားမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် ဆောက်အင်းကျေးရွာ အနီးရှိ ဆောက်အင်းဆိုလာစနစ် ပူးတွဲလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ဒုဋ္ဌဝတီမြစ်ပေါ်တွင် မြစ်ရေတင်စီမံကိန်း ၁၅ ခုဆောင်ရွက်ထားရှိမှု၊ ယခုစီမံကိန်းတွင် လျှပ်စစ်ခတ်အား ချွေတာသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်နှင့်ဆိုလာစနစ် ပူးတွဲပြီး လာမည့်မိုးရာသီမှစ၍ အကျိုးပြုဧက ၁၀၀၀ ထိ စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေး၍ လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ရွှေဘိုမြို့နယ်တွင် နွေစပါး ၂၂၄၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ရွှေဘို ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၂၄၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၄၉၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၂၄၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၄၂ တင်းထွက်ရှိကြောင်း သိရသည်။



"ရွှေဘိုမြို့နယ် ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ဒီနေ့ထိ ၂၂၄၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာတွေ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာတွေပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေး သင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်သွင်းအားစုများအချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကင်းရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ခနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ခနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်သည် ခနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ခနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ခနိချပ်ရေ ၅၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ခနိချပ်ရေ ၉၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇွန်လအတွင်း ခနိချပ်ရေအများအပြား ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့မေလက ရန်ကုန်ဘက်ကို ခနိချပ်ရေ ၅၇၀၀၀၀ သာ တင်ပို့ခဲ့ရပြီး ဇွန်လထဲမှာတော့ ခနိချပ်ရေ ၉၀၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပြီး မေလကထက် ပိုမိုတင်ပို့ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ခနိချပ်တွေက ခိုင်ခံ့သလို အရည်အသွေးလဲ ကောင်းပါတယ်။ ဇွန်လထဲမှာ ရန်ကုန်ဈေးကွက်က ခနိချပ်တွေ ဝယ်ယူမှု အားကောင်းခဲ့ပါတယ်။ ဝယ်ယူမှု အားကောင်းခဲ့တဲ့အတွက် ဒေသခံ ခနိစိုက်ပျိုးသူတွေနဲ့ ခနိထိုးလုပ်သားတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ငပုတောမြို့နယ်မှ ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ခနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ခနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထိုသို့ ခနိချပ်များဝယ်ယူမှု အားကောင်းလာခြင်းကြောင့် ခနိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ခနိထိုးလုပ်သားများ၊ ခနိပွဲရုံပိုင်ရှင်များအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့

**ဗိုလ်ရှိတ်(ရတနာပူရ)**

မြန်မာ့စာပေနယ်ပယ်တွင် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများဟူ၍ရှိသည်။ မြန်မာပြက္ခဒိန်သတ်မှတ်ချက်အရ တစ်နှစ်လျှင် ၁၂ လရှိပါသည်။ ထို ၁၂ လ၏ အကြောင်းကို ရှေးစာဆိုတို့သည် ကဗျာလင်္ကာများ ရေးဖွဲ့ခဲ့ကြသည်။ ထိုသို့ ၁၂ လ၏အကြောင်းကို ရေးဖွဲ့ထားခြင်းကြောင့် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများဟု ခေါ်ကြခြင်းဖြစ်သည်။

**ဖွဲ့ဆိုသည့်ပုံစံအမျိုးမျိုး**

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ရေးဖွဲ့ကြရာတွင် ပုံစံအမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့သည်ကို တွေ့ရပါသည်။ ကဗျာဖွဲ့ဆိုပုံအမျိုးမျိုးရှိရာတွင် စာဆိုတို့သည် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ပုံစံအမျိုးမျိုးဖြင့် ဖွဲ့ဆိုခဲ့သည်ကိုတွေ့ရသည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို အိုင်ချင်း၊ အဲချင်း၊ တေးထပ်၊ တေးတွဲ့၊ တေးရိုး၊ သံပေါက်၊ ရတု၊ ပျို့၊ မော်ကွန်း၊ လူးတား၊ ရကန်၊ ချေင်း၊ လေးချိုး၊ ဒွေးချိုး၊ မှာတမ်း၊ လေပြေ၊ လွမ်းချင်း၊ သဖြန်၊ ရကန်၊ ခွန်းထောက် စသည်ဖြင့်ဖွဲ့ဆိုခဲ့ကြသည်။

**၁၂ လကို ဖွဲ့ဆိုသည့်ပုံစံ**

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကိုရေးဖွဲ့ကြရာတွင် အချို့က ကဗျာတစ်ပုဒ်လျှင် တစ်လနှုန်းဖြင့် ၁၂ လကို ၁၂ ပုဒ်ရေးဖွဲ့သည်လည်းရှိသည်။ အချို့က တစ်လလျှင် တစ်ပုဒ်နှုန်းမဟုတ်ဘဲ လေးလလျှင် တစ်ပုဒ်နှုန်းဖြင့် ရေးဖွဲ့သည်လည်းရှိသည်။ တချို့မှာမူ ကဗျာတစ်ပုဒ်တည်းတွင် ၁၂ လလုံးပါအောင် ရေးဖွဲ့သည်လည်းရှိပါသည်။

**ဖွဲ့ဆိုရာတွင်ပါဝင်သည့်အကြောင်းအရာများ**

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ရေးဖွဲ့ရာတွင် မြန်မာ့ဓလေ့အရ ထည့်သွင်းရေးဖွဲ့ဆိုသည့်အကြောင်းအရာ များစွာရှိပါသည်။ ဆယ့်နှစ်လရာသီဘွဲ့ကဗျာများတွင် ရာသီပန်း၊ ရာသီပွဲတော်၊ ရာသီအခေါ်အဝေါ်များ၊ လအခေါ်အဝေါ်များ၊ ရာသီရုပ်အခေါ်အဝေါ်များ၊ စန်းယှဉ်နက္ခတ်များ၊ ရိုးရာဓလေ့နတ်ပွဲများ စသည်ဖြင့် ထည့်သွင်းဖွဲ့ဆိုကြပါသည်။ ဥပမာဆောင်ပြရလျှင် ဆယ့်နှစ်လရာသီတွင် ပွင့်သောရာသီပန်းများအကြောင်းကို ကင်းဝန်မင်းကြီး ဦးကောင်းက–

ပန်းကံ့ကော်၊ ရွှေစံကား
ငွေသားနု၊ စပယ်မှန်
မြတ်လေးခတ္တာနှင့်
ရွှေရင်းမာ ကြာ ခဝဲ
ဖွဲ့စနှင်းလျှို၊
သဇင်ကျန် ခွာတံနှင့်ပေါက်လဲ၊
ပွင့်ဝတ်မှုံ ရွှေဖီမင်း
သင်းထုံနံ့ကဲ။ ။ ဟူ၍ လအလိုက်ပွင့်သော

ရာသီပန်းများကို ထည့်သွင်းဖွဲ့ဆိုခဲ့ပါသည်။

**ဆယ့်နှစ်ရာသီဘွဲ့ကဗျာစတင်တွေ့ရှိရာခေတ်**

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ဆယ့်နှစ်ရာသီလုံး အပြည့်အစုံဆုံးရာသီတစ်ပိုင်းတစ်စ အရေးအဖွဲ့ပုံစံများကို အင်းဝခေတ်ဦးကာလကပင် တွေ့ရှိနေပြီဖြစ်သည်။ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့တွင် တပေါင်းလရာသီဘွဲ့များကို တွေ့မြင်ရမည်ဖြစ်သည်။ အခြားသောအင်းဝခေတ်ပေါ် ပျို့ကဗျာတွင်လည်း ဆယ့်နှစ်ရာသီဘွဲ့ကဗျာ၏ ရှေ့ပြေးဖြစ်သောရာသီဘွဲ့ဆိုင်ရာများကို ကြိုးကြားကြိုးကြား တွေ့ရမည်ဖြစ်သည်။ ဆယ့်နှစ်လလုံးလုံး ရေးဖွဲ့ထားသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာအပြည့်အစုံကို တောင်ငူခေတ်တွင် စတင်တွေ့ရှိရပါသည်။ တောင်ငူခေတ်၏စာဆို နဝဒေးကြီးက ဆယ့်နှစ်ရာသီဘွဲ့ရတုပိုဒ်စုံကို ရေးသားခဲ့သလို ဆယ့်နှစ်ရာသီဘွဲ့လူးတားသုံးပိုဒ်ကိုလည်း ရေးသားခဲ့ပါသည်။ ထို့ကြောင့် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို အစောဆုံး၊ အပြည့်စုံဆုံး စတင်တွေ့ရသည့်ခေတ်မှာ တောင်ငူခေတ်ဟုဆိုရမည်ဖြစ်ပြီး အစောဆုံးရေးဖွဲ့ခဲ့သော စာဆိုမှာ နဝဒေးကြီးဟု ဆိုရပါမည်။

**❖ပုရပိုက်တွင်တွေ့ရသော ဆယ့်နှစ်ရာသီဘွဲ့လူးတားသည် "ရွက်ညှာလေလိုက်၊ ညှာငိုက်ဘူးတန်"ဟူသောစကားဖြင့် အစချီထားသည်။ ဤလူးတားကို ပုံနှိပ်မှုများတွင် ရှာဖွေရာမတွေ့ရှိရပေ။ ထို့ကြောင့် ဤဆယ့်နှစ်ရာသီဘွဲ့လူးတားသည် ပုံနှိပ်မှုဖြင့်မရှိသေးသော အသစ်တွေ့လူးတား၊ အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့ တစ်စောင်သာဖြစ်ပါသည်။ အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့လူးတားသည် တစ်ရာသီလျှင် တစ်ပိုဒ်နှုန်းဖြင့်ဖွဲ့ဆိုထားသည်။ အသစ်တွေ့ လူးတားကို စာပေသုတေသီတို့ လေ့လာနိုင်ရန် ပထမပိုဒ် တန်ခူးလဘွဲ့ကို ပုရပိုက်မှ ကူးယူဖော်ပြလိုက်ပါသည်။ ❖**

**ဆယ့်နှစ်ရာသီဘွဲ့ကဗျာထုတ်ဝေမှုသမိုင်းအကျဉ်း**

စာဆိုတို့ရေးသားခဲ့သော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများသည် နယ်အသီးသီး၊ ဒေသအသီးသီးတို့တွင် ပေ၊ ပုရပိုက်မူဘဝဖြင့် ပြန့်ကျဲလျက်ရှိခဲ့သည်။ တစ်စုတစ်ဝေးတည်းဖြစ်အောင် စုစည်းနိုင်ခြင်းမရှိခဲ့ပေ။ ထိုသို့နေရာအနှံ့ပြန့်ကျဲနေသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို တိမ်မြုပ်နေခြင်း၊ ပျောက်ကွယ်ပျက်စီးသွားခြင်းမရှိစေရန် ပေ၊ ပုရပိုက်မူဘဝများမှ စာအုပ်မူဘဝရောက်အောင် စတင်ဖော်ထုတ်ခဲ့သူမှာ မော်ဘီဆရာသိန်းဖြစ်သည်။ မော်ဘီဆရာသိန်းသည် ဟိုတစ်စ သည်တစ်စ ပြန့်ကျဲနေသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ပထဆုံးပုံနှိပ်ဖြန့်ဝေရန် သတိရခဲ့သူဖြစ်သလို ပထမဆုံးလည်း ပုံနှိပ်ဖြန့်ဝေခဲ့သူဖြစ်သည်။ မော်ဘီဆရာသိန်းသည် ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို စုစည်းကာ "ဆယ့်နှစ်ရာသီဘွဲ့အမျိုးမျိုး"ဟူသော အမည်ဖြင့် ဟံသာဝတီစာအုပ်တိုက်က ၁၉၄၈ ခုနှစ်တွင်ထုတ်ဝေခဲ့သည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာစာအုပ်ထုတ်ဝေမှုသမိုင်းတွင် မော်ဘီဆရာသိန်း စုစည်းပြုစုခဲ့သော "ဆယ့်နှစ်ရာသီဘွဲ့အမျိုးမျိုး"စာအုပ်သည် အစောဆုံးစာအုပ်ဖြစ်သည်။ ထို့ထက်စောသော စာအုပ်မရှိသေးပေ။ မော်ဘီဆရာသိန်း စုစည်းထုတ်ဝေခဲ့သော "ဆယ့်နှစ်ရာသီဘွဲ့အမျိုးမျိုး" စာအုပ်တွင် ဆယ့်နှစ်ရာသီဘွဲ့ကဗျာ ၁၀ စုံသာပါရှိခဲ့ပါသည်။

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို စုစည်း၍ ထုတ်ဝေခဲ့သော စာအုပ်များတွင် ဒုတိယမြောက်စာအုပ်မှာ ဆရာလှသမိန်စုစည်းပြုစုခဲ့သော "ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်"စာအုပ်ဖြစ်သည်။ ဟံသာဝတီ ပုံနှိပ်တိုက်က ၁၉၆၂ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ အကြံတူ နှောင်းလူကောင်းစမြဲဆိုသည့်အတိုင်း ဆရာလှသမိန်စုစည်းထုတ်ဝေခဲ့သော "ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်"စာအုပ်တွင် ဆယ့်နှစ်ရာသီဘွဲ့ကဗျာပေါင်း ၂၈ စုံထိ စုစည်းနိုင်ခဲ့ပါသည်။ မြန်မာစာပေလောကတွင်မော်ဘီဆရာသိန်းထုတ်ဝေခဲ့သော "ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်" စာအုပ်သည် သိသူများ ထင်ရှားခဲ့သည်။

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို တတိယမြောက် စုစည်းထုတ်ဝေခဲ့သူမှာ "ရှေးဟောင်းစာပေသုတေသီတစ်ဦး"ဖြစ်သည်။ ရှေးဟောင်းစာပေသုတေသီတစ်ဦးသည် "အသစ်တွေ့ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများ" အမည်ဖြင့် ၁၉၇၇ ခုနှစ်က ထုတ်ဝေခဲ့ပါသည်။ သို့သော် ဤစာအုပ်သည် ပုံနှိပ်မှုဖြင့် စောင်ရေများစွာ ထုတ်ဝေသည်မဟုတ်ဘဲ စာကူးစက်မှုဖြင့် စောင်ရေ အနည်းငယ်သာ ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သိသူနည်းသလို စာအုပ်မှာလည်း တိမ်မြုပ်နေခဲ့သည်။ ဤစာအုပ်တွင် မော်ဘီဆရာသိန်းနှင့် ဆရာလှသမိန်တို့၏စာအုပ်တွင် မပါသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာ ၂၃ စုံထိပါရှိသည်။

ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို စတုတ္ထမြောက် ထုတ်ဝေခဲ့သော စာအုပ်မှာ ထွန်းရီ(ရှေးဟောင်းသုတေသီ)၏ "ဆယ့်နှစ်ရာသီဖွဲ့ကဗျာပဒေသာ" စာအုပ်ဖြစ်သည်။ ဤစာအုပ်ကိုမိဘဂုဏ်ရည်စာပေက ၂၀၁၄ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဆယ့်နှစ်ရာသီဖွဲ့ကဗျာစာအုပ်များတွင် နောက်ဆုံးထွက်ရှိထားသည့်စာအုပ်ဖြစ်သလို ဆယ့်နှစ်ရာသီဘွဲ့ကဗျာအစုံရေ အများဆုံးပါရှိသောစာအုပ်ဖြစ်သည်။ ဆယ့်နှစ်ရာသီဘွဲ့စာအုပ်များတွင် ပုဒ်ရေအများဆုံး စုစည်းထားနိုင်ခြင်းဖြစ်သည်။ ဤစာအုပ်နောက်တွင် ဤမျှစုံသောဆယ့်နှစ်ရာသီဘွဲ့စာအုပ် ထွက်ပေါ်မလာသေးပေ။

**အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့လူးတား**

တစ်နေ့တွင် ပေ၊ ပုရပိုက်များကို လှန်လှောရင်း ပုရပိုက်တစ်ဆူကို ကြည့်မိပါသည်။ ပုရပိုက်တွင် "ဆဲးနှစ်ရာသီလူးဒါး ၁၂ ပုဒ်၊ ရှင်ဥတ္တမကျော်စပ်ဆိုတော်မူသည့် ရေလား၊ သပြေလား"ဟု ခေါင်းစဉ်ရေးထားပါသည်။ ဆယ့်နှစ်ရာသီဘွဲ့လူးတားဟုဆိုသဖြင့် ဤ ပုရပိုက်ပါ လူးတားသည် ပုံနှိပ်မှုများတွင် ပါဝင်ထားခြင်းရှိ၊ မရှိရှာဖွေမိပါသည်။

ပုရပိုက်တွင်တွေ့ရသော ဆယ့်နှစ်ရာသီဘွဲ့လူးတားသည် "ရွက်ညှာလေလိုက်၊ ညှာငိုက်ဘူးတန်" ဟူသောစကားဖြင့် အစချီထားသည်။ ဤလူးတားကို ပုံနှိပ်မှုများတွင် ရှာဖွေရာမတွေ့ရှိရပေ။ ထို့ကြောင့် ဤဆယ့်နှစ်ရာသီဘွဲ့လူးတားသည် ပုံနှိပ်မှုဖြင့်မရှိသေးသောအသစ်တွေ့လူးတား၊ အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့တစ်စောင်သာဖြစ်ပါသည်။

အသစ်တွေ့ဆယ့်နှစ်ရာသီဘွဲ့လူးတားသည် တစ်ရာသီလျှင် တစ်ပိုဒ်နှုန်းဖြင့် ဖွဲ့ဆိုထားသည်။ အသစ်တွေ့ လူးတားကို စာပေသုတေသီတို့ လေ့လာနိုင်ရန် ပထမပိုဒ် တန်ခူးလဘွဲ့ကို ပုရပိုက်မှကူးယူဖော်ပြလိုက်ပါသည်။

"ရွက်ညှာလေလိုက်၊ ညှာငိုက်ဘူးတန်၊ ဖြူဆန်အကြွ၊ ဆန်းစတက်သစ်ပုရစ်လေ။ တေဇောခတ်အိမ်၊ နွေဂိမ္ဘ၊ တန်ကူးလဟု၊ မိဿရာသီ၊ နာရီညနေ့၊ မျှ၍တူညီ၊ သုံးဆယ်စီတည်၊ အသဝနီကြွယ်၊ နေနှင့်ဆွယ်လျက်၊ ညဥ့်ဝယ်စိတြ၊ သော်ဒါလနှင့်၊ လှဥ့်ကြမချွတ်၊ ကေဝဋ္ဋတာရာ၊ ရှင်ပြိုင်လာသား၊ အတာသဘင်၊ သည်ပွဲတွင်၌၊ ကေရှင်ညွှန့်လန်း၊ နှင်းရည်ဖြန်းသား၊ ဖော့ပန်းအတူ၊ ဖန်နန်းသူတို့၊ ဟန်ယူပြောင်းပြောင်း၊ ရွှေဖယောင်းသို့၊ မွေးပေါင်းနန့်သာ၊ စမ္ပာရည်ဖျော်၊ ကန့်ဂေါ်ရင်ကပ်၊ ပွင့်ဝတ်မှိုင်ခြေ၊ တောင်လေညှင်းညှင်း၊ ရစ်လာသွင်းသား၊ ရင်တွင်းငြိမ့်လေး၊ စိမ့်ရုံ့၏။ ငယ်သွေးလဲ့ဖြာ၊ မောင်နှင့်သာလျှင်၊ မေတ္တာမပျက်၊ လွမ်းကြင်ငှက်သို့၊ သံမြွတ်မွေးကြိုင်၊ ကူရွှေလှိုင်တွင်၊ တူပြိုင်ဆုတောင်း၊ ညောင်ရေလောင်းသည်၊ မွေးပေါင်းနန့်သာဆီနှင့်လေ။ ။ စက်နေတည့်နှစ်သိမ်ငါးထောင်ကိန်း၊ တြိန်းဘွားအမှန်၊ ဂိမ္ဘာန်တည့်တံကူးသာဆန်းထူး၊ နှစ်ဦးမိဿခွင်၊ သဘင်တည့်ပြော်မြဲ အတာပွဲ။ မိဿရာသီဘွဲ့။

နိုင်ငံအနှံ့ပြန့်ကျဲနေသော ဆယ့်နှစ်ရာသီဘွဲ့ကဗျာများကို ပြည့်စုံ စုံလင်အောင် တစ်ဦးတစ်ယောက်တည်း စုစည်းရန်မလွယ်ကူပါ။ စာပေပညာရှင်၊ စာပေဝါသနာရှင်များက ဝိုင်းဝန်းစုဆောင်းကြရန်လိုသည်။ ထိုသို့စုဆောင်းပြီး ပြည့်စုံသော ဆယ့်နှစ်ရာသီဘွဲ့ ကဗျာပေါင်းချုပ်ကျမ်းကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းသင့်ပါသည်။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၆၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၆၇၈ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၃ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၆၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ဧရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး စတဲ့သီးနှံတွေ အများဆုံးစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးထားပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ်ကန့်ဘလူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

## လပ္ပတ္တာမြို့နယ် အတွင်းရေဆိုင်ကျေးရွာတွင် မြေသားရေလှောင်ကန်တူးဖော်နေမှုလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**လပ္ပတ္တာ ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး လပ္ပတ္တာခရိုင် လပ္ပတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဆိုင်ကျေးရွာအုပ်စုအတွင်း ရေဆိုင်ကျေးရွာတွင် မြေသားရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လပ္ပတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ လပ္ပတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အတွင်းရေဆိုင်ကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ရေရရှိရေးကော်မတီဝင်များကို ရေလှောင်ကန်များ ရေရှည်အသုံးပြုနိုင်စေရေးအတွက် ရေသုံးစွဲရာတွင် အလေအလွင့်မရှိစေရေး စနစ်တကျ ဖြန့်ဝေသုံးစွဲကြရန်နှင့် နှစ်စဉ် ရေကန်ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များထားရှိရန် အကြံပြုမှာကြားခဲ့သည်။

အတွင်းရေဆိုင်ကျေးရွာတွင် အလျား ပေ ၁၁၀၊ အနံ ပေ ၁၁၀၊ အမြင့် သုံးပေရှိ မြေသားရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းနှင့် အလျား ပေ ၁၆၀၊ အနံ ပေ ၁၆၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၅ သန်းဖြင့် ယခုနှစ် ဧပြီလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေများ ဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**

## တည်ကြည်ခံ့ညား တို့မြန်မာအမျိုးသမီးများ

- သူ့ခြေတစ်လှမ်း ကုဋေတစ်သန်းဟု
  ယုံတမ်းစကား မဟုတ်ပြောသည့်
  မိန်းမသားဣန္ဒြေ ဖော်ပြနေသော
  စာပေစကား ကြားဖူးသည်မဟုတ်လော။

- မိန်းမတို့ဣန္ဒြေ ရွှေပေးမရ
  ဆိုကြပြန်သည့် စစ်မှန်စကား
  မိန်းမသားတို့ များနှင့်မတူ
  အမူလွန်ကဲ မဖြစ်ဘဲတည့်
  စွဲမြဲကိုင်ဆုပ် အဟုတ်တည်ငြိမ်
  သည်ဣန္ဒြေဖြင့် ကြည့်လေရှုတိုင်း
  ယဉ်မရိုင်း။

- ကမ္ဘာ့အလှမယ် ရွေးချယ်ပြိုင်ပွဲ
  ဝင်နွဲခဲ့ပြား အများနဲ့မတူ
  ဖော်ယူဖွင့်လှစ် အလှစစ်ကို
  ပြမဆိုဘဲ လှလဲလှပေ
  ပြုံးပန်းတွေဖွင့် ဣန္ဒြေတင့်စွာ
  ယှဉ်ပြိုင်ပါလဲ ခါခါအောင်ပွဲ သူဆင်နွဲခဲ့။

- မြန်မာအမျိုးသမီး ရှုမငြီးတို့
  တစ်သီးဘာသာ အားကစားမှာလဲ
  ဝံ့စွာနွဲ၍
  ခိုင်မြဲဓိဋ္ဌာန် ဝင်ကန်ဘောလုံး
  မဆုံးအောင်ပွဲ ခြိမ့်ခြိမ့်သဲစွာ
  လက်ဝှေ့မှာလဲ ကမ္ဘာထဲထိ
  အသိဝင်ရောက် ဒူးမထောက်တမ်း
  အောင်ပန်းဆင့်ဆင့် ပန်းနှယ်ပွင့်ခဲ့။

- ကမ္ဘာမှာလေ မြန်မာဟေ့လို့
  ကိုယ်တွေ့ကြွေးကြော် ပေါ်လွင်ပေသား
  မြန်မာအမျိုးသမီးများဟု
  ထင်ရှားပြက်ပြက် ဂုဏ်တက်ဝင့်မော်
  အမျိုးကိုဖော်မည်
  တည်ကြည်ဝင့်ကြွား တို့မြန်မာအမျိုးသမီးများ။ ။

**ဘိုမျိုး(ရွှေဘို)**

ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုလျက်

## နိုင်ငံတကာ သတင်းများ

# ဘယ်လာရုစ်သမ္မတ လူကာရှန်ကို အကျဉ်းသား ၁၆ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေး




**မင့်စ် ဇူလိုင် ၂**

ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုသည် အကြမ်းဖက်ဝါဒ ကျူးလွန်မှုအပါအဝင် ပြစ်မှုအမျိုးမျိုးဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရသူ ၁၆ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ကြောင်း ဘယ်လာရုစ်နိုင်ငံပိုင်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သမ္မတ လူကာရှန်ကိုသည် ဘယ်လာရုစ် လွတ်လပ်ရေးနေ့ မတိုင်မီ အဆိုပါအကျဉ်းသား ၁၆ဦးကို ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုသည် အနောက်အုပ်စုနှင့် ဆက်ဆံရေးပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းသည့်အနေဖြင့် ပြီးခဲ့သည့်နှစ်ကလည်း အကျဉ်းသား ၃၀၀ကျော်ကို ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

အနောက်အုပ်စု နိုင်ငံများသည် ဘယ်လာရုစ်နိုင်ငံအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များဖြင့် အရေးယူပိတ်ဆို့မှုများပြဋ္ဌာန်းထားသည်။

သမ္မတလူကာရှန်ကိုက ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် အကျဉ်းသားများတွင် အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးရှစ်ဦးတို့ ပါဝင်ကြောင်း ဘယ်လာရုစ်အစိုးရမီဒီယာများ၏အဆိုအရ သိရသည်။

ဘယ်လာရုစ်နိုင်ငံကို နှစ်ပေါင်း ၃၀ ကျော်ဦးဆောင်ခဲ့သည့် သမ္မတ လူကာရှန်ကိုသည် ရုရှားသမ္မတ ပူတင်၏ အဓိကမဟာမိတ်တစ်ဦး ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းရေးဥပဒေကြမ်း အီရန်အတည်ပြု

**တီဟီရန် ဇူလိုင် ၂**

ကုလသမဂ္ဂ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်မှုရပ်ဆိုင်းရေးဥပဒေကြမ်းကို အီရန်သမ္မတ ပီဇက်ရှ်ကီရမ်က ယနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းရေးဥပဒေကြမ်းကို အီရန်လွှတ်တော်က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အတည်ပြုခဲ့ပြီးဖြစ်သည်။

အိုင်အေအီးအေ အနေဖြင့် အီရန်နျူကလီးယား အဆောက်အအုံများကို အစ္စရေးနိုင်ငံတိုက်ခိုက်နိုင်ရေးအတွက် လမ်းစဖွင့်ပေးခဲ့ကြောင်း အီရန်အစိုးရက စွပ်စွဲထားသည်။

နျူကလီးယား မပြန့်ပွားရေး စာချုပ်ပါ တာဝန်ဝတ္တရားများကို အီရန်နိုင်ငံကချိုးဖောက်နေကြောင်း အိုင်အေအီးအေက ကြေညာခဲ့ပြီး တစ်ရက်အကြာ ဇွန် ၁၃ ရက်တွင် အစ္စရေးလေတပ်က အီရန်နျူကလီးယား အဆောက်အအုံများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရန်သမ္မတ ပီဇက်ရှ်ကီရမ် လက်မှတ်ရေးထိုးခဲ့သည့် ဥပဒေအရ အနာဂတ်ကာလ၌ အိုင်အေအီးအေအနေဖြင့် အီရန်နျူကလီးယား အဆောက်အအုံများကို စစ်ဆေးလိုပါက အီရန်အမျိုးသားလုံခြုံရေးကောင်စီ၏ အတည်ပြုချက်ရယူရန်လိုမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အီရန်နိုင်ငံသည် အစ္စရေးနှင့် ၁၂ ရက်ကြာ ဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်း ပျက်စီးခဲ့သော နျူကလီးယား အဆောက်အအုံများအား စစ်ဆေးခွင့်ပေးရန် အိုင်အေအီးအေ အကြီးအကဲ ရာဖေးလ်ဂရော့ဆီ၏ မေတ္တာရပ်ခံချက်ကို ငြင်းပယ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရုရှားသမ္မတပူတင်နှင့် ပြင်သစ်သမ္မတတို့ ဖုန်းခေါ်ဆိုဆွေးနွေး

**မော်စကို ဇူလိုင် ၂**

ရုရှားသမ္မတပူတင်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့သည် ဇူလိုင် ၁ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် ရုရှားသမ္မတ ပူတင်နှင့် ပြင်သစ်သမ္မတမက်ခရွန်တို့အတွက် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်နောက်ပိုင်း ပထမဆုံးဖုန်းခေါ်ဆိုဆွေးနွေးမှုဖြစ်သည်။



ဇူလိုင် ၁ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် သမ္မတ မက်ခရွန်တို့ အနေဖြင့် ယူကရိန်းပဋိပက္ခ၊ အစ္စရေး-အီရန်ပဋိပက္ခများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားသမ္မတပူတင်နှင့် ပြင်သစ် ယူကရိန်းစစ်မြေပြင်၌ အပစ်အခတ်ရပ်စဲရန်နှင့် ပဋိပက္ခအဆုံးသတ်ရေးအတွက် စေ့စပ်ဆွေးနွေးကြရန် ရုရှားသမ္မတပူတင်နှင့် ဆွေးနွေးစဉ် ပြင်သစ်သမ္မတက တိုက်တွန်းခဲ့သည်။

ပြင်သစ်သမ္မတနှင့် ရုရှားသမ္မတတို့သည် ယူကရိန်းပဋိပက္ခစတင် သမ္မတမက်ခရွန်တို့၏ ဇူလိုင် ၁ ရက် ဖုန်းခေါ်ဆို ဆွေးနွေးပွဲသည် နှစ်နာရီထိ ကြာမြင့်ခဲ့ကြောင်း ပြင်သစ်သမ္မတရုံးက ထုတ်ပြန်ထားသည်။

ကာစကာလက ပုံမှန်ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလနောက်ပိုင်း ယင်းသို့ဆွေးနွေးမှုများ ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အယ်လီဂေတာအယ်လ်ထရက်ဇ်ထိန်းသိမ်းရေးစခန်းသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သွားရောက်



**နယူးယောက် ဇူလိုင် ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဇူလိုင် ၁ ရက်တွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ယာယီထိန်းသိမ်းရေးအတွက် တည်ဆောက်ထားသော ထိန်းသိမ်းရေးစခန်းသစ်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

အယ်လီဂေတာအယ်လ်ထရက်ဇ် အမည်ရှိ အဆိုပါထိန်းသိမ်းရေးစခန်းကို ဖလော်ရီဒါပြည်နယ်အတွင်းရှိ မိကျောင်းနှင့် စပါးကြီးမြွေပေါများသော အဲဗားဂလိတ်ဒေသ၌ တည်ဆောက်ထားခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံအတွင်းသို့ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာသူများအား နှင်ထုတ်မှုလုပ်ငန်းကို အရှိန်မြှင့်တင်ပေးမည့် ဥပဒေကြမ်းတစ်ရပ်အား အထက်လွှတ်တော်က မဲခွဲအတည်ပြုရန် စီစဉ်နေစဉ် အယ်လီဂေတာအယ်လ်ထရက်ဇ် ထိန်းသိမ်းရေးစခန်းသို့ သမ္မတဒေါ်နယ်ထရန့် သွားရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မိုင်ယာမီမြို့နှင့် ၃၇ မိုင်အကွာတွင်တည်ရှိသော အယ်လီဂေတာအယ်လ်ထရက်ဇ် ထိန်းသိမ်းရေးစခန်းသည် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၅၀၀၀ထိ လက်ခံနေရာပေးထားနိုင်သည်။

အယ်လီဂေတာအယ်လ်ထရက်ဇ် ထိန်းသိမ်းရေး စခန်းအတွက် အမေရိကန်အစိုးရ အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၄၅၀ထိ သုံးစွဲရဖွယ်ရှိသည်။

အယ်လီဂေတာအယ်လ်ထရက်ဇ် ထိန်းသိမ်းရေးစခန်း လုံခြုံရေးအတွက် ယင်းစခန်းသို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၀၀ စေလွှတ်ရန် ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူးက စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီဂျစ်နိုင်ငံ စူးအက်ပင်လယ်ကွေ့၌ ရေနံတူးဖော်ရေးသင်္ဘောတစ်စီးတိမ်းမှောက် အနည်းဆုံး လေးဦးသေဆုံး၍ သုံးဦးပျောက်ဆုံး

**ကိုင်ရို ဇူလိုင် ၂**

အီဂျစ်နိုင်ငံ စူးအက်ပင်လယ်ကွေ့၌ ရေနံတူးဖော်ရေးသင်္ဘောတစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လေးဦးသေဆုံး၍ သုံးဦးပျောက်ဆုံးနေကြောင်း အီဂျစ်ရေနံဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အက်ဒ်မရိန်း-၁၂ အမည်ရှိ အဆိုပါ ရေနံတူးသင်္ဘောသည် ဇူလိုင် ၁ ရက်တွင် ဂါဘယ်လ်အယ်ဇိတ်အမည်ရှိ အီဂျစ်ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ကွက်အတွင်း တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အက်ဒ်မရိန်း-၁၂ ရေနံတူးသင်္ဘောနစ်မြုပ်မှုကြောင့် ရေယာဉ်ဝန်ထမ်း အနည်းဆုံး လေးဦးသေဆုံးခဲ့ရပြီး ပျောက်ဆုံးနေသူ သုံးဦးကို အီဂျစ်ရေတပ်က ရှာဖွေနေဆဲဖြစ်သည်။

အက်ဒ်မရိန်း-၁၂ ရေနံတူးသင်္ဘောပေါ်တွင် လူပေါင်း ၃၀ လိုက်ပါသွားရာ ၂၃ ဦးကို အီဂျစ်ရေတပ်က ကယ်တင်နိုင်ခဲ့ကြောင်း ရေနံဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

အီဂျစ်မီဒီယာများ၏အဆိုအရ အက်ဒ်မရိန်း-၁၂ ရေနံတူးသင်္ဘောသည် ဆွဲသင်္ဘောများအကူအညီဖြင့် နေရာရွှေ့ပြောင်းနေစဉ် တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အက်ဒ်မရိန်း-၁၂ရေနံတူးသင်္ဘော တိမ်းမှောက်မှုနောက်ခံအကြောင်းရင်းကို အီဂျစ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Muon Space ကုမ္ပဏီက လွှတ်တင်ထားသော Fire Sat ဂြိုဟ်တု ပထမဆုံးဓာတ်ပုံများရိုက်ကူး



**ဝါရှင်တန် ဇူလိုင် ၂**

အမေရိကန်နိုင်ငံ အခြေစိုက် Muon Space ကုမ္ပဏီက လွှတ်တင်ထားသော Fire Sat အမည်ရှိ ဂြိုဟ်တု ပထမဆုံးဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုများကို စောင့်ကြည့်ရေးအတွက် လွှတ်တင်ထားသည့် Fire Sat ဂြိုဟ်တုသည် ဓာတ်ပုံများကို ကမ္ဘာ ပတ်လမ်းအနိမ့်ပိုင်းမှ တစ်ဆင့် ရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Fire Sat ဂြိုဟ်တုသည် တောမီးလောင်ကျွမ်းမှုများကို ညွှန်ပြနေသော အပူဓာတ်လက္ခဏာများကို IR ခေါ် အနီအောက်ရောင်ခြည် ကင်မရာစနစ်ကိုသုံး၍ ရိုက်ကူးထားခြင်းဖြစ်သည်။

Muon Space ကုမ္ပဏီသည် တောမီး လောင်ကျွမ်းမှုများကို ဂြိုဟ်တုကွန်ရက်ဖြင့် စောင့်ကြည့်ရေးအတွက် Fire Sat ဂြိုဟ်တု အစင်း ၅၀ ကျော်ထိ လွှတ်တင်ရန်စီစဉ်ထားသည်။

Fire Sat ဂြိုဟ်တုကွန်ရက် တည်ဆောက်ပြီးပါက ၎င်းဂြိုဟ်တုကွန်ရက်သည် ကမ္ဘာဂြိုဟ်တစ်ခုလုံးကို မိနစ် ၂၀ လျှင် တစ်ကြိမ်ကျ ဓာတ်ပုံများ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုကွန်ရက်၏ ပထမဆုံးဂြိုဟ်တုဖြစ်သော Fire Sat ဂြိုဟ်တုကို ယခုနှစ် မတ် ၁၄ ရက်တွင် Space-X ကုမ္ပဏီ၏ Transporter-13 မစ်ရှင်ဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကနေဒါနိုင်ငံ ဟက်ဒ်ဆန်ပင်လယ်အော်အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ မီးတောင်ကျောက်သားလွှာများက ကမ္ဘာပေါ်ရှိ သက်တမ်းအရင့်ဆုံးဖြစ်

**အော့တဝါ ဇူလိုင် ၂**

ကနေဒါနိုင်ငံ အရှေ့မြောက်ပိုင်း ကွိဘက်ပြည်နယ် ဟက်ဒ်ဆန် ပင်လယ်အော်အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ မီးတောင် ကျောက်သားလွှာများသည် ကမ္ဘာပေါ်ရှိ သက်တမ်းအရင့်ဆုံး ကျောက်သားများ ဖြစ်ကြကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

Nuvvuagittuq အမည်ရှိ အဆိုပါ ကျောက်သားနယ်မြေ အတွင်းရှိ ကျောက်သားများ၏ သက်တမ်းမှာ နှစ်ပေါင်း ၄ ဒသမ ၁၆ ဘီလီယံထိရှိကြောင်း အော့တဝါတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

Nuvvuagittuq ကျောက်သားလွှာများသည် လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၁၆ ဘီလီယံက မြေမျက်နှာပေါ်ရှိ ချော်ရည်များ အောက်ခံကျောက်သားလွှာများအတွင်း စိမ့်ဝင်၍ မြေအောက်၌အေးခဲပြီး ပေါ်ထွက်လာသည့်ကျောက်သားများ ဖြစ်ကြောင်း သိရသည်။



ယခင် ကမ္ဘာ့ရှေးအကျဆုံး ကျောက်သားလွှာအဖြစ် သတ်မှတ်ခံထားရသည့် ကျောက်သားလွှာ၏ သက်တမ်းမှာ နှစ်ပေါင်း ၄ ဒသမ ၀၃ ဘီလီယံရှိကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၁၆ ဘီလီယံခန့်ကာလ ဟေဒီယန်ခေတ်အတွင်း တစ်ကမ္ဘာလုံးနီးပါးကို ချော်ရည်များ ဖုံးလွှမ်းထားသည်။

Nuvvuagittuq ကျောက်သားလွှာများကိုလေ့လာခြင်းဖြင့် ကမ္ဘာမြေ၏ပထမဆုံးအပေါ်ယံကျောက်သားလွှာများ မည်သို့ဖြစ်ပေါ်လာသည်ကို ပို၍နားလည်လာနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ မိုးလေဝသစောင့်ကြည့်ရေး ဂြိုဟ်တုတစ်စင်းကို Space-X ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် ဇူလိုင် ၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဥရောပ အာကာသအေဂျင်စီ၏ မိုးလေဝသ စောင့်ကြည့်ရေး ဂြိုဟ်တုတစ်စင်းကို ဇူလိုင် ၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် MTG-S1 အမည်ရှိ အဆိုပါ မိုးလေဝသ ဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅မိနစ် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၃၅ မိနစ်ခန့်အကြာတွင် MTG- S1 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

MTG- S1 ဂြိုဟ်တုသည် လက်ရှိပတ်လမ်းမှတစ်ဆင့် ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ကျော် အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

MTG- S1 ဂြိုဟ်တုသည် ဥရောပ အာကာသအေဂျင်စီ၏ MTG မိုးလေဝသဂြိုဟ်တုအုပ်စု၏ ဒုတိယမြောက် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကာဘိုဟိုက်ဒရိတ်စားသုံးမှုကို လျှော့ချပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ လျှော့ချနိုင်

**နယူးယောက် ဇူလိုင် ၂**

ကာဘိုဟိုက်ဒရိတ် စားသုံးမှုကို လျှော့ချပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

ကာဘိုဟိုက်ဒရိတ် လျှော့ချထားသော ဓာတ်စာများဖြင့် ဦးနှောက်အတွင်း သကြားဓာတ်စုစည်းမှုကို လျှော့ချခြင်းဖြင့် အယ်ဇိုင်းမားရောဂါ လက္ခဏာများကို ဖန်တီးပေးသည့် ပရိုတင်းများ စုစည်းမှုကိုလည်း တားဆီးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ကာဘိုဟိုက်ဒရိတ်သည် ဦးနှောက်လုပ်ငန်း လည်ပတ်ရေးအတွက် လိုအပ်သည့် ဂလိုက်ကိုဂျင်(Glycogen) ခေါ် သကြားဓာတ်တစ်မျိုးကို ထုတ်ပေးသည်။

ဦးနှောက်လုပ်ငန်းလည်ပတ်ရေးအတွက် ဂလိုက်ကိုဂျင်ကို အနည်းငယ်မျှသာ လိုအပ်ပြီး ဂလိုက်ကိုဂျင် လွန်ကဲခဲ့ပါက Tau ခေါ် ပရိုတင်းတစ်မျိုး စုစည်းမှု မြင့်တက်လာတတ်သည်။

သို့ရာတွင် ကာဘိုဟိုက်ဒရိတ်စားသုံးမှုကို လျှော့ချခြင်းဖြင့် ဂလိုက်ကိုဂျင်များကို ဖြိုခွဲနိုင်သည့် အင်ဇိုင်းများပေါ်ထွက်မှုကို မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Glycogen Phosphorylase (Glyp) ခေါ် အင်ဇိုင်းသည် ဂလိုက်ကိုဂျင်သကြားဓာတ်များကို ဖြိုခွဲပေးနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## မီးဖိုချောင်နှင့် ခြံထဲတွင် စိုက်ပျိုးနိုင်သည့် ဟင်းခတ်အမွှေးအကြိုင် တစ်မျိုးက Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဇူလိုင် ၂**

မီးဖိုချောင်နှင့်ခြံထဲတွင် အလွယ်တကူစိုက်ပျိုးနိုင်သည့် ဟင်းခတ်အမွှေးအကြိုင် တစ်မျိုးသည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ(Dementia) ဖြစ်နိုင်ခြေ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရိုစ်မာရီ(Rosemary) ခေါ် ဟင်းခတ်အမွှေးအကြိုင်ပင် တစ်မျိုးသည် Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ရိုစ်မာရီပင်တွင် ပါဝင်သော Carnosic acid ခေါ်ဓာတုဒြပ်ပေါင်းတစ်မျိုးသည် မှတ်ဉာဏ်စွမ်းရည်ကို ထိန်းထားနိုင်ပြီး ဦးနှောက်ဆဲလ်များကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ဟင်းခတ်အမွှေးအကြိုင်တွင်ပါသော Carnosic acid သည် အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းများနှင့် ရောင်ရမ်းမှုတိုက်ဖျက်ရေး ဂုဏ်သတ္တိတို့ပိုင်ဆိုင်ထားပြီး လူ့ကိုယ်ခန္ဓာ၏ သဘာဝကာကွယ်ရေးစနစ်အင်ဇိုင်းများကိုလည်း စေ့ဆော်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ရိုစ်မာရီပင်၏ ရနံ့မှာလည်း စိုးရိမ်သောကဝေဒနာကို လျှော့ချပေးနိုင်ပြီး အိပ်စက်မှုအရည်အသွေးကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ဘုန်းမောက်အသင်းက ဆီမီညိုကို ငါးနှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်းထုတ်ပြန်

လန်ဒန် ဇူလိုင် ၂

ဘုန်းမောက် အသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား ဆီမီညိုကို လာမည့် ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

တောင်ပံကစားသမား ဆီမီညိုကို ပရီးမီးယားလိဂ်ပြိုင်ဘက် မန်ယူအသင်း၊ လီဗာပူးအသင်း၊ စပါးအသင်းတို့က နွေရာသီ အပြောင်းအရွှေ့ စတင်ကတည်းက ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေမှုကြောင့် ဘုန်းမောက်အသင်းနည်းပြ အီရာအိုလာက ကစားသမားကို ဆက်လက်ထိန်းသိမ်းရန် စီစဉ်ခဲ့ရာ ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သက်တမ်းငါးနှစ်တိုးနိုင်ခဲ့ကြောင်း သိရသည်။

ဆီမီညိုသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ချန်ပီယံရှစ်ကလပ် ဘရစ္စတိုးအသင်းမှ ပြောင်းရွှေ့ကြေး ယူရို ၁၀ ဒသမ ၂၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး အသင်းတွင် ပြိုင်ပွဲစုံ ၈၉ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ပြိုင်ပွဲစုံ ၃၇ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်၍ ဘုန်းမောက်အသင်းကို ရလဒ်ကောင်းများ ရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သည်။

နည်းပြ အီရာအိုလာအနေဖြင့် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ခြေစွမ်းပြကစားသမားများဖြစ်သည့် ခံစစ်ကစားသမား ဟူအီဆန်ကို ရီးရဲလ်မက်ဒရစ်၊ ခံစစ်ကစားသမား ကာကက်ဇ်ကို လီဗာပူးအသင်းနှင့် ဂိုးသမား ကီပါကို အပြီးသတ်ခေါ်ယူနိုင်ခြင်းမရှိဘဲ အာဆင်နယ်အသင်းတို့သို့ လက်လွှတ်ခဲ့ရပြီးနောက် အဓိက တိုက်စစ်ကစားသမား တစ်ဦးဖြစ်သည့် ဆီမီညိုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ကာလရှည် သက်တမ်းတိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML



## ကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဥရောပပြိုင်ဘက် ရီးရဲလ်မက်ဒရစ်နှင့် ဒေါ့မွန်အသင်းတို့ တွေ့ဆုံ



ဝါရှင်တန် ဇူလိုင် ၂

ဖီဖာကလပ် ကမ္ဘာ့ဖလား ရှုံးထွက်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ဂျူဗင်တပ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဒေါ့မွန်အသင်းက မွန်တာရေးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် ဥရောပပြိုင်ဘက်နှစ်သင်း ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုပြိုင်ပွဲ အုပ်စုအဆင့်တွင် အယ်ဟိုင်လာအသင်း၊ ဆဲလ်ဘတ်အသင်း၊ ပါချူကာအသင်းတို့နှင့် တစ်အုပ်စုတည်း ကစားခဲ့ရသော်လည်း နှစ်ပွဲနိုင် တစ်ပွဲသရေ ရလဒ်ဖြင့် အုပ်စုပထမနေရာမှ ရှုံးထွက်အဆင့် တက်ရောက်ခဲ့ပြီး ဂျူဗင်တပ်အသင်းနှင့် ကစားခဲ့ရသည်။

ဂျူဗင်တပ်အသင်းနှင့် ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသည် အပြန်အလှန် ဖိအားပေးမှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုများ ပိုမို ပြုလုပ်နိုင်ခဲ့သောကြောင့် ဒုတိယပိုင်း ပွဲကစားချိန် ၅၄ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့ပြီး ဂျူဗင်တပ်အသင်းက ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့သည်။

ဒေါ့မွန်အသင်း အနေဖြင့် အုပ်စုပွဲစဉ်တွင် ဆန်းဒေါင်းအာဆန်၊ ဖလူမီနန်စီအသင်းတို့နှင့် ကစားခဲ့ရပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရှုံးထွက်အဆင့် တက်ရောက်ခဲ့ရာ မက္ကဆီကိုကလပ် မွန်တာရေးအသင်းနှင့်တွေ့ဆုံခဲ့ပြီး ပွဲအစပိုင်းတွင် တိုက်စစ်ကစားပုံကောင်းမွန်မှုကြောင့် ပြိုင်ဘက်ကို ဖိအားပေး၍ ပွဲချိန် ၁၄ မိနစ်နှင့် ၂၄ မိနစ်တွင် ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းချုပ်ရန် ကြိုးပမ်းလာခဲ့သဖြင့် မွန်တာရေးအသင်း၏ ဖိအားပေးမှုကိုခံခဲ့ရကာ ပွဲချိန် ၄၈ မိနစ်တွင် ချေပဂိုး ပြန်လည်ခွင့်ပြုရပြီးနောက် ဂိုးသမားကိုဘယ်၏ ကာကွယ်မှုများကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ကလပ်ကမ္ဘာ့ဖလား ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ဒီမာရီယာဦးဆောင်

ဝါရှင်တန် ဇူလိုင် ၂

ဖီဖာကလပ် ကမ္ဘာ့ဖလား ၁၆ သင်းရှုံးထွက်ပွဲစဉ်အပြီးတွင် ဘင်ဖီကာအသင်း တောင်ပံကစားသမား ဒီမာရီယာက သွင်းဂိုး လေးဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဦးဆောင်နေကြောင်း သိရသည်။

ဒီမာရီယာ၏ ဘင်ဖီကာအသင်းသည် လက်ရှိ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရသောကြောင့် ၎င်းအနေဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ရန် မသေချာတော့ဘဲ သွင်းဂိုး သုံးဂိုးစီဖြင့် ဒုတိယနေရာက ဖိအားပေးနေသည့် တိုက်စစ်မှူး ဟယ်ရီကိန်း၊ မူစီအာလာ၊ အိုလီစီ၊ ဂါစီယာ၊ လီယိုနာဒို၊ နက်တို၊ ဂီရက်ဆီတို့က ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ပြီး ဒီမာရီယာကို ကျော်ဖြတ်နိုင်ရန် အခွင့်အရေးများ နေခြင်းဖြစ်သည်။

Goal.com က ထုတ်ပြန်ခဲ့သည့် ဖီဖာကလပ် ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ဘင်ဖီကာအသင်းတိုက်စစ်မှူး ဒီမာရီယာက သွင်းဂိုး လေးဂိုး၊ ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား မူစီအာလာ၊ မန်စီးတီးအသင်း တောင်ပံကစားသမား ဖိုဒန်၊ တိုက်စစ်မှူး ဟာလန်း၊ မွန်တာရေးကစားသမား ဘာတာရာမီ၊ ရီးရဲလ်မက်ဒရစ်ကစားသမား ဂါစီယာ၊ ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း၊ တောင်ပံကစားသမား အိုလီစီ၊ ဂျူဗင်တပ်အသင်းကစားသမား ရဲလ်ဒီဇ်၊ အယ်အာလီကစားသမား အဘူအာလီ၊ ချဲလ်ဆီးအသင်းမှ နက်တို၊ အယ်ဟိုင်လာမှ လီယိုနာဒို၊ ဒေါ့မွန်အသင်းမှ ဂီရက်ဆီတို့က သုံးဂိုးစီဖြင့် အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

အဆိုပါ ကစားသမားများထဲတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း၊ အိုလီစီ၊ မူစီအာလာ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဂါစီယာ၊ ချဲလ်ဆီးအသင်းမှ နက်တို၊ အယ်ဟိုင်လာအသင်းမှ လီယိုနာဒို၊ ဒေါ့မွန်အသင်းမှ ဂီရက်ဆီတို့က ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့သောကြောင့် ဂိုးသွင်းအများဆုံး ကစားသမားဆုအတွက်ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်း၊ နာပိုလီအသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်ကစားသမား မာလစ်ဖိုဖန်တာကို နည်းပြဆန်းတို့စ်၏ နော်တင်ဟမ်အသင်းကခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- စပိန်ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ လာလီဂါပွဲစဉ်များကိုထုတ်ပြန်ခဲ့ရာ အဖွင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းက မာယော့ကာအသင်းနှင့်လည်းကောင်း၊ ရီးရဲလ်မက်ဒရစ်အသင်းက အိုဆာဆူနာအသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်ပြီး အယ်ကလက်စီကိုပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက်နှင့် ဒုတိယအကျော့ကို လာမည့်နှစ် မေ ၁၀ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။
- လာမည့်နှစ် ဘောလုံးရာသီတွင် အသင်းမှ လူငယ်ကစားသမားများဖြစ်သည့် ပါအူပရင်၊ ဒီယေဂိုပါကန်၊ ပီယာရာ၊ အစ်ဆာ့ဟ်၊ လိုပက်ဇ်၊ စီဒရစ်၊ ဆိုမာတို့ကို အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။ ML

## လူးဝစ်ဒီယက်ဇ်ကိုခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းကမ်းလှမ်းမှုကို လီဗာပူးအသင်းပယ်ချ

လန်ဒန် ဇူလိုင် ၂

ဘိုင်ယန်မြူးနစ် အသင်းက လီဗာပူးအသင်းမှ လူးဝစ်ဒီယက်ဇ်ကိုခေါ်ယူရန် ကမ်းလှမ်းမှု လုပ်ဆောင်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

လူးဝစ်ဒီယက်ဇ်သည် နည်းပြ အာနီစလော့ လက်အောက်တွင် လူစားဝင်ကစားသမား အဖြစ်သာ ပါဝင်ကစားနေရပြီး ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်မရရှိသည့်အတွက် လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန်အတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ ကာလကတည်းက လူးဝစ်ဒီယက်ဇ်နှင့် ဘာစီလိုနာအသင်းတို့ အပြောင်းအရွှေ့ သတင်းများ ကာလရှည်ထွက်ပေါ်နေသော်လည်း လူးဝစ်ဒီယက်ဇ်ကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်း၏ ငွေကြေးပိုင်းအခက်အခဲကြောင့် ခေါ်ယူနိုင်ရန်အတွက် ခက်ခဲနေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက ကြားဖြတ်ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းက အသင်း တောင်ပံတိုက်စစ်ကစားသမား ဆာနေးအနေဖြင့် အသင်းမှ ထွက်ခွာခဲ့သည့်အတွက် ၎င်း၏နေရာတွင် အစားထိုးရန် ကစားသမားရှာဖွေမှု လုပ်ဆောင်နေပြီး



အသင်း တောင်ပံတိုက်စစ်ပိုင်းအတွက် လူးဝစ်ဒီယက်ဇ်ကို ခေါ်ယူလိုနေသောကြောင့် တရားဝင်ကမ်းလှမ်းမှုတစ်ရပ် လုပ်ဆောင်ခဲ့သော်လည်း ပယ်ချခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မန်ယူအသင်းက အသင်းကစားသမား ကိုးဦးနှင့် စာချုပ်သက်တမ်းကုန်ဆုံး၍ လမ်းခွဲခဲ့ကြောင်းအတည်ပြုကြေညာ




မန်ချက်စတာ ဇူလိုင် ၂

မန်ယူအသင်းက အသင်းမှကစားသမား ကိုးဦးနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရပြီးနောက် နည်းပြအာမိုရင်က လက်ရှိအသင်းမှ ကစားသမားစာရင်းကို ကြီးကြီးမားမား အပြောင်းအလဲလုပ်ဆောင်ရန် ကြိုးပမ်းနေပြီး လက်ရှိတွင် ဝါရင့်ကစားသမားသုံးဦးဖြစ်သည့် ခံစစ်ကစား အီဗန်၊ လင်ဒီလော့ဖ်၊ အဲရစ်ဆင်တို့နှင့် လမ်းခွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။

အလားတူ မန်ယူအသင်းက အသင်းမှလူငယ် ကစားသမားခြောက်ဦးဖြစ်သည့် ဝေါ့စတား၊ နိုလန်၊ မိုင်လက်စ်၊ မူရေး၊ ဂျက်ကင်းဒန်း၊ ဂရက်ယက်တို့နှင့်လည်း စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုတော့မည်မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လမ်းခွဲရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အဆိုပါကစားသမား ကိုးဦးနှင့် လမ်းခွဲခဲ့သော်လည်း နောက်ထပ်အသင်းမှ စာချုပ်သက်တမ်းကျန်ရှိနေသည့် ကစားသမားများကိုလည်း ရောင်းချရန်အတွက် ဆုံးဖြတ်ထားပြီးဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်များဖြင့် စေလွှတ်ထားသည့် အန်တိုနီ၊ ရက်ရှ်ဖို့ဒ်၊ ဆန်ချိုတို့ကို အစောပိုင်းကတည်းက ရောင်းချရန်အတွက် ဆုံးဖြတ်ထားပြီး သင့်တော်သည့်ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိမည်ဆိုပါက ရောင်းချသွားမည်ဖြစ်သည်။

အလားတူ ကက်စ်မဲရိုး၊ ဂါနာချိုနှင့် မေဆင်မောင့်တို့ကိုလည်း ရောင်းချရန်အတွက် ဆုံးဖြတ်ထားသော်လည်း လက်ရှိအချိန်ထိ မန်ယူအသင်းက ရောင်းချရန်အတွက် ဆုံးဖြတ်ထားသည့် ကစားသမားများကို တရားဝင်ကမ်းလှမ်းလာသည့် အသင်းမရှိသောကြောင့် မန်ယူအသင်းနည်းပြအာမိုရင်အတွက် ကစားသမားသစ်များခေါ်ယူရန် အခက်တွေ့နေပြီး လက်ရှိ အပြောင်းအရွှေ့ကာလတွင် ဝုဗ်အသင်းမှ တိုက်စစ်ကစားသမား ကန်ဟာတစ်ဦးတည်းသာ ခေါ်ယူထားနိုင်ခဲ့ကာ ကစားသမားသစ် ခေါ်ယူနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဆားဘီးယားကစားသမား ဂျိုကိုဗစ်တက်ရောက်

လန်ဒန် ဇူလိုင် ၂

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ပြင်သစ်တင်းနစ်ကစားသမား မူလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၁၊ ၆-၇၊ ၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အတွက် ကစားသမားဘဝ၏ နောက်ဆုံးသော ဝင်ဘယ်ဒန်ပြိုင်ပွဲလည်း ဖြစ်လာနိုင်သည့်အတွက်ကြောင့် ချန်ပီယံဆုအား ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

ဂျိုကိုဗစ်အနေဖြင့် ဒုတိယပွဲငယ်တစ်ပွဲ၌သာ ခက်ခက်ခဲခဲကစားခဲ့ရသလို tie-break တွင် ရှုံးနိမ့်ခဲ့ရသည်။

ဂျိုကိုဗစ်အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂရန်းစလန်းဆုဖလား ၂၅ လုံးထိ ဆွတ်ခူးနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခွင့်ရရှိရေးအတွက်လည်း ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် အောင်မြင်မှုရယူရန် စိတ်အားထက်သန်နေကြောင်းလည်း သိရသည်။

ဂျိုကိုဗစ်က "ပထမအဆင့်ပွဲစဉ်နဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ်အားရကျေနပ်မှုရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ ရုတ်တရက် သက်သောင့်သက်သာမရှိဘဲတစ်ခုခုဖြစ်နေသလိုခံစားခဲ့ရတယ်။ ဆရာဝန်က လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ပြီးတော့ ကျွန်တော့်ကို ဆေးတိုက်ခဲ့တယ်။ ဒီဆေးကြောင့် ပြန်အဆင်ပြေသွားပြီး အခုလိုရလဒ်ကောင်းနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲငယ်ဟာ ကျွန်တော့်အတွက် တော်တော်လေးကို အဆင်မပြေဖြစ်ခဲ့တဲ့ ပွဲငယ်ပဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ခဲ့ပါစေရလဒ်ကောင်းတစ်ခုရအောင်စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ကျေနပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ဒုတိယအဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ဒန်အီဗန်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်

ရန်ကုန် ဇူလိုင် ၂

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဆင့်ကို မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ISPE အသင်းက ဝင်ရောက်ကစားသွားမည်ဖြစ်ပြီး ISPE အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဆင့်ကို အုပ်စုငါးခုခွဲခြားကာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဆင့်တွင် ISPE အသင်းနှင့်အတူ ပြိုင်ပွဲဝင်အသင်း ၁၉ သင်းဖြင့်ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုမခွဲရန်အတွက် မဲအိုးနံပါတ် သတ်မှတ်ချက်တွင် ISPE အသင်းသည် မဲအိုးနံပါတ်(၂)တွင် ကျရောက်လျက်ရှိနေကြောင်း သိရသည်။

STA

# Women's Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မက်ဂွဲယား ပါဝင်ယှဉ်ပြိုင်သွားမည်




အီဒင်ဘာ့ဂ် ဇူလိုင် ၂

အိုင်ယာလန်နိုင်ငံတွင် ကျင်းပသွားမည့် Women's Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန်အဆင့်(၁) ဂေါက်သီးရိုက်မယ် မက်ဂွဲယားက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သလို ပုံစံကောင်းပြသနိုင်ရေးအတွက်လည်း အကောင်းဆုံးပြင်ဆင်ထားကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အိုင်ယာလန် နိုင်ငံတွင် ကျင်းပမည့်ပြိုင်ပွဲဖြစ်ပြီး အိုင်ယာလန် ပရိသတ်များကလည်း ချန်ပီယံဆုအတွက် အိုင်ယာလန်ဂေါက်သီးရိုက်မယ် ဖြစ်သည့် မက်ဂွဲယားက ဆွတ်ခူးနိုင်မည်ကိုလည်း မျှော်လင့်နေကြောင်း သိရသည်။

မက်ဂွဲယားသည် ၂၀၂၅ ခုနှစ်အတွင်း အောင်မြင်မှုများရရှိရန် ရုန်းကန်နေရသလို စွမ်းဆောင်ရည်ပိုင်းက သိသိသာသာကျဆင်းခဲ့ပြီး ပြိုင်ပွဲစုံလေးပွဲဆက်တိုက်တွင် Cut စာရင်းပါသွားသည်အထိ ရလဒ်ပိုင်းကျဆင်းခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့သည့် Dow Championship ဂေါက်သီးရိုက် ပြိုင်ပွဲတွင်လည်း မက်ဂွဲယားသည် ဂျန်နီဖာနှင့် တွဲဖက်၍ ဝင်ရောက်ယှဉ်ပြိုင်သွားခဲ့ပြီး အမှတ်ပေးဇယား၏ အဆင့် ၁၈ နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

မက်ဂွဲယားက "ကျွန်မအနေနဲ့ ဒီနှစ်ထဲမှာတော့ စွမ်းဆောင်ရည်ကျဆင်းပြီး ခက်ခဲတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရလဒ်ပိုင်းက သိသိသာသာလေးကို ကျဆင်းခဲ့တယ်။ ဒါပေမဲ့လဲ ပြီးခဲ့တဲ့ ရက်သတ္တပတ်လောက်က စပြီးတော့ စွမ်းဆောင်ရည်ပိုင်း တိုးတက်မှုရှိလာပါပြီ။ Women's Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင်လဲ ပြင်ဆင်ထားတယ်။ ကျွန်မအတွက် ဒီပြိုင်ပွဲက တခြားပြိုင်ပွဲတွေနဲ့မတူဘူး။ ကိုယ့်နိုင်ငံကိုယ့်လူမျိုးတွေရှေ့မှာ ကစားသွားရမှာဖြစ်တဲ့အတွက် စိတ်ခံစားမှုပိုင်းဆိုင်ရာမှာတော့ အားသာချက်ရှိတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ခရူဆာဝိတ်တန်းတွင် ဂျိတ်ပေါလ်အား ကမ္ဘာ့အဆင့်(၁၄)အဖြစ် WBA အဖွဲ့ချုပ်သတ်မှတ်

ဝါရှင်တန် ဇူလိုင် ၂

အမေရိကန်နိုင်ငံသား နာမည်ကြီး Youtuber တစ်ဦးဖြစ်သလို Influencer တစ်ဦးလည်းဖြစ်သည့် ဝါသနာအရလက်ဝှေ့ထိုးသတ်နေသည့် ဂျိတ်ပေါလ်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကမှ ပြိုင်ဘက်များဖြင့် စိန်ခေါ်ထိုးသတ်နေပြီး ရလဒ်များ ကောင်းမွန်လာခဲ့သည့်အတွက် WBA အဖွဲ့ချုပ်က ခရူဆာဝိတ်တန်းတွင် ဂျိတ်ပေါလ်အား ကမ္ဘာ့အဆင့်(၁၄)အဖြစ် သတ်မှတ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့အဆင့် (၁၄) နေရာ သတ်မှတ်ခံလိုက်ရသည့်အတွက် ဂျိတ်ပေါလ်အနေဖြင့် ခရူဆာဝိတ်တန်းတွင် စိန်ခေါ်ပွဲများ ထိုးသတ်ခွင့်ရမည်ဖြစ်ပြီး ရလာသည့် ရလဒ်ပေါ်မူတည်၍ ကမ္ဘာ့ချန်ပီယံကိုပင် မျှော်လင့်ခွင့်ရသွားပြီဖြစ်သည်။

ဂျိတ်ပေါလ်သည် ပရော်ဖက်ရှင်နယ်လောကသို့ ဝင်ရောက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ပွဲဦးထွက်အနေဖြင့် ဇွန် ၂၈ ရက်တွင် အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ်၌ ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်သူ ချာဗက်ဇ် ဂျူနီယာနှင့်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ ပွဲဦးထွက်တွင် ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးအား အနိုင်ရခဲ့ခြင်းသည် ဂျိတ်ပေါလ်ကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ပါဝင်လာနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ပရော်ဖက်ရှင်နယ်သို့ ကူးပြောင်းကြောင်းမထုတ်ပြန်မီ စိန်ခေါ်ပွဲပေါင်း ၁၂ ပွဲထိုးသတ်ခဲ့ပြီး တွမ်မီပေါလ်တစ်ဦးကိုသာ ရှုံးနိမ့်ထားသူလည်းဖြစ်သည်။

ကမ္ဘာကျော် လက်ဝှေ့သမားကြီး မိုက်တိုင်ဆန်ဖြင့်လည်း ထိုးသတ်ခဲ့ဖူးပြီး မိုက်တိုင်ဆန်အား အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း အသက်အရွယ်ကွာဟချက်ကြောင့် ဂျိတ်ပေါလ်၏ အနိုင်ရလဒ်များမှာ လက်ဝှေ့လောကတွင် ထင်ပေါ်ခဲ့ခြင်းမရှိဘဲ ဝေဖန်မှုများဖြင့်လည်း မကြာခဏ ရင်ဆိုင်ခဲ့ရသည်။

ပရော်ဖက်ရှင်နယ်သို့ ကူးပြောင်းပြီး ကမ္ဘာ့ချန်ပီယံဟောင်းအား အနိုင်ထိုးသတ်လာနိုင်ခဲ့ပြီးနောက် ဂျိတ်ပေါလ်သည် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်နိုင်သည့် လက်ဝှေ့သမားအဖြစ် အသိအမှတ်ပြုခံလာခဲ့ရပြီး ဂျိတ်ပေါလ်အနေဖြင့်လည်း ၎င်း၏ ကမ္ဘာ့ချန်ပီယံ အိပ်မက်ကို အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Ref : DAZN

Trs : AZL

# နိုင်ငံအတွက်အလေးထားရသော မြန်မာအမျိုးသမီးများ

မန္တလာကိုကိုဝင်း

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအခြေခိုင်ခဲ့ခဲ့သောနိုင်ငံဖြစ်သည်။ ထိုရှေးဟောင်းယဉ်ကျေးမှုများအနက် အမျိုးသမီးများ၏ဆင်ယင်ထုံးဖွဲ့မှုသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးတို့သည် သိက္ခာရှိရှိဝတ်စားဆင်ယင်ထုံးဖွဲ့လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏အဆင့်အတန်းကို ထိုနိုင်ငံ၏ ယဉ်ကျေးမှုကိုကြည့်ပြီး သုံးသပ်ဆုံးဖြတ်နိုင်သည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသောနိုင်ငံများတွင် ပါဝင်သည်။

မြန်မာတို့၏ရိုးရာယဉ်ကျေးမှုမှာ နှစ်ပေါင်းထောင်ချီ၍ သက်တမ်းကြာမြင့်လျက်ရှိသည်ကို **"မြန်မာအစ တကောင်းက"**၊ **"မြန်မ့ာယဉ်ကျေးမှုအစပျူခေတ်က"**ဟူသော စကားရပ်များကသက်သေပြလျက်ရှိသည်။ ပျူခေတ်ယဉ်ကျေးမှု၊ ပုဂံခေတ်ယဉ်ကျေးမှု၊ ပင်းယခေတ်ယဉ်ကျေးမှု၊ အင်းဝခေတ်ယဉ်ကျေးမှု၊ တောင်ငူခေတ်ယဉ်ကျေးမှု၊ ညောင်ရမ်းခေတ်ယဉ်ကျေးမှု၊ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ခေတ်ယဉ်ကျေးမှုများမှာ သမိုင်းအစဉ်အလာကောင်းများရှိခဲ့ကြသည်။

ကုန်းဘောင်ခေတ်ကုန်ဆုံး၍ ကိုလိုနီခေတ်ရောက်သည့်အခါ မြန်မာအမျိုးသမီးတို့၏ မျိုးချစ်စိတ်သည်ထင်ရှားပေါ်လွင်လာသည်။ မြန်မာနိုင်ငံသူ့ကျွန်ဘဝရောက်ရှိစဉ် ၁၉၁၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် မြန်မာအမျိုးသမီးများက "ကုမ္မာရီအသင်း"ကို မြန်မာပြည်အနှံ့ဖွဲ့စည်းခဲ့ကြသည်။ ၁၉၁၉ ဝံသာနုကုမ္မာရီအသင်းကိုလည်း တည်ထောင်ခဲ့ကြသည်။

တိုင်းတစ်ပါးအုပ်စိုးမှုခံနေရချိန်တွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူ ရဲဝံ့စွာအသင်းအဖွဲ့တည်ထောင်ခြင်း၊ နယ်ချဲ့ဆန့်ကျင်ရေးတရားများဟောခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးတရားဟောပြောမှုကြောင့် ပုလိပ်များက မြန်မာအမျိုးသမီးများကိုထောင်ဒဏ်ချမှတ်ခဲ့ သည်။ မြန်မာအမျိုးသမီးတို့သည် နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးနှင့်အသက်ကိုပင်မငဲ့ကွက်ဘဲ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

မြန်မ့ာသမိုင်းတွင် ထူးချွန်စွာစွမ်းဆောင်ခဲ့သူ အမျိုးသမီးများမှာ များပြားလှသည်။ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးကြိုးပမ်းလှုပ်ရှားမှုများတွင် စွမ်းစွမ်းတမံရှုပ်ရှုပ်ချွံချွံစွန့်လွှတ်စွန့်စားခဲ့ကြသောစာပေ၊ ဂီတ၊ သဘင်လောကမှ အမျိုးသမီးများ၏ ဇာတိမာန်ပြင်းထန်မှုများ၊ စိတ်အားထက်သန်မှုများကိုဖော်ပြရမည်ဆိုပါက ကျမ်းတစ်စောင်ပေတစ်ဖွဲ့ပင်ရနိုင်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ထားဝယ်သူ သူရမချစ်ပိုကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံထမ်းရွက်ခဲ့သည့် စစ်ဘက်နယ်ဘက်မှအမျိုးသမီးများလည်းများစွာရှိခဲ့သည်။ ၎င်းတို့၏ ဂုဏ်ယူဖွယ်ကောင်းလှသည့်ဆောင်ရွက်ချက်များမှာ မမေ့နိုင်စရာဖြစ်ရသည်။

မြန်မာအမျိုးသမီးများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် "ဇာတိပုညဂုဏ်မာန"ရှိခဲ့ကြသည်ကို သမိုင်းတွင် ထင်ရှားစွာရှိထားပြီးဖြစ်သည်။ အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး ရဲရဲတောက်အစွမ်းပြ သတ္တိပြခဲ့ကြသည်။ ယနေ့တိုင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုတွင် အမျိုးသားများနှင့်ရင်ပေါင်တန်းကာလေယာဉ်မောင်းနှင်ခြင်း၊ စစ်ရေယာဉ်မောင်းနှင်ခြင်းများကို သက်စွန့်ဆံဖျားဆောင်ရွက်လျက်ရှိကြသည်။ မြန်မာအမျိုးသမီးတိုင်းက မြင့်မားသောရည်မှန်းချက်၊ ပြည့်ဝသောပညာအရည်အချင်းများရှိနေအောင် ကြိုးစားကြမည်ဆိုပါက




မိမိတစ်ဦးချင်းအတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်သော်လည်း ကောင်းအလွန်ပင်ကောင်းမွန်လှသော အခြေအနေများဖြစ်ပေါ်လာပေမည်။ အမျိုးသမီးများ၏ ပင်ကိုအလှထက် နိုင်ငံတာဝန်ကို စွန့်လွှတ်စွန့်စားထမ်းဆောင်နေသည့် ရဲဝံ့သောသတ္တိများက ပို၍လှသော၊ ပို၍မွှေးသောပန်းကလေးများအသွင်ကဲ့သို့ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏နှလုံးသည်းပွတ်မှာယဉ်ကျေးမှုပင်ဖြစ်သည်။ မြေပေါ်မြေအောက်သယံဇာတများလွန်စွာကြွယ်ဝသော နိုင်ငံဖြစ်လင့်ကစားမိမိတို့ထိန်းသိမ်းစောင့်ရှောက်အပ်သော မြန်မ့ာရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ကွယ်ပျောက်သွားခဲ့လျှင် လူမျိုးပါတိမ်ကောသွားနိုင်သည်။ **"အမျိုးပျောက်မှာစိုးကြောက်လှသည်"**ဟူသောစကားသည် နိုင်ငံအတွက် အလွန်သတိပြုရမည့်သတိပေးစကားဖြစ်သည်။ အမျိုးဂုဏ်ကိုစောင့်ထိန်းခြင်းဖြင့် မိမိမျိုးနွယ်၏ဂုဏ်ကို တင့်တယ်စေရမည်ဖြစ်သည်။ လှပသော မြန်မာအမျိုးသမီးများမှာလှပနေရုံမျှဖြင့်မဖြစ်သေးပေ။ အလှကိုအဆင်းဟုဆိုလျှင် အဆင်းနှင့်အတူရှိနေရသည်မှာအချင်းပင်ဖြစ်သည်။ ဖြူစင်သောနှလုံးသားနှင့် ပြည့်ဝသောပညာအရည်အချင်းများရှိနေရမည်ဖြစ်သည်။ ထိုသို့ရှိနေလျှင် မိမိကိုယ်ကိုယုံကြည်သည့်စိတ်ဓာတ်များကိန်းအောင်းနေမည်ဖြစ်သည်။

အဆင်းနှင့်အချင်းပြည့်စုံသူသည် လှသောပန်း၊ မွှေးသောပန်းနှင့်တူသည်။ အချို့သောပန်းတို့သည်လှသည်။ရနံ့မသင်းပါ။ အချို့ကားရနံ့သင်းသော်လည်းမလှပါ။ ထို့အတူမြန်မာအမျိုးသမီးတို့သည် လှသောမွှေးသောပန်းများကဲ့သို့ လောကကိုအလှဆင်နိုင်ကြရမည်ဖြစ်သည်။ ထိုသို့ အလှဆင်နိုင်ရေးအတွက် လှသောအမျိုးသမီးများ ပိုမိုလှပစေရန်၊ အရည်အချင်းပြည့်ဝသောအမျိုးသမီးများပိုမိုအရည်အချင်းပြည့်ဝစေရန်အတွက် ထိန်းကျောင်းပဲ့ပြင်ပေးသည့်အဖွဲ့အစည်းတစ်ခုရှိရမည်ဖြစ်သည်။ ထိုအဖွဲ့အစည်းမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်-

၁။ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

၂။ အမျိုးသမီးများ၏ အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရန်။

၃။ အမျိုးသမီးများ၏စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝ လုံခြုံရေးကိုကာကွယ်စောင့်ရှောက်ရန်။

၄။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကိုလေ့ကျင့်ပျိုးထောင်ရန်။

၅။ အမျိုးသမီးများကို အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်။

၆။ အမျိုးသမီးများနှင့်ကလေးသူငယ်များကို လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်။

၇။ အမျိုးသမီးများ၏အခွင့်အရေးများကိုတိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးအားလုံးအတွက် အကောင်းဆုံးသောလမ်းကြောင်းကို တည်ငြိမ်အေးချမ်းစွာဖြင့် လျှောက်လှမ်းနိုင်ရန် လမ်းပြ၊ လက်တွဲခေါ်လျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများ၏ဘဝခရီးလမ်းတွင် တွေ့ကြုံရမည့် ဆူးငြောင့်ခလုတ်များကိုလည်း ကြိုတင်သိမြင်နိုင်အောင်အသိပညာပေးလျက်ရှိပြီး လမ်းကောင်းကို လျှောက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ အဓိကအားဖြင့် နိုင်ငံတော်အတွက် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသော မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်တည်ဆောက်ရာတွင် လွန်စွာပင်အရေးကြီးလှသည်။ အမျိုးသားများနှင့်ရင်ပေါင်တန်းကာ တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်မှာအားရဖွယ်ကောင်းလှသည်။ နိုင်ငံနှင့်လူမျိုးအတွက် ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးများကိုတွေ့မြင်ရသည်။ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင်ပါဝင်ထမ်းရွက်နေကြသော အမျိုးသမီးများ၊ နိုင်ငံတော်လုံခြုံရေးကဏ္ဍတွင် ပါဝင်ထမ်းရွက်နေကြသော အမျိုးသမီးများ၏ ရဲဝံ့သောစိတ်ဓာတ်၊ ခွဲသတ္တိနှင့်စွမ်းဆောင်ချက်မှာ နိုင်ငံ့အတွက် ဂုဏ်ရှိန်မြင့်မားလှသည်။ ထို့ကြောင့် နှစ်စဉ်ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ရောက်ရှိတိုင်း နိုင်ငံတစ်ဝန်းရှိထူးချွန်သော အမျိုးသမီးကို ဂုဏ်ပြုလျက်ရှိသည်။

မြန်မာအမျိုးသမီးများနေ့ကိုကျင်းပပြီး ဂုဏ်ပြုလျက်ရှိသည်မှာ ချီးမြှင့်ဂုဏ်ပြုထိုက်သူကိုချီးမြှင့်ထောက်ပံ့ခြင်းဖြစ်သည့်အတွက် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။

လူမျိုးတိုင်းတွင် အမျိုးသား၊ အမျိုးသမီးဟူ၍ရှိကြပေရာ အမျိုးသမီးတို့၏ အခန်းကဏ္ဍသည် အထူးပင်အရေးပါလှသည်။ မိမိတို့၏အမျိုးအနွယ်ကို စောင့်ထိန်းခြင်းတွင်အမျိုးသမီးများက အဓိကဖြစ်သည်။ မြန်မ့ာအစဉ်အလာသားသမီးဝတ်ငါးပါးတွင် "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ"ဟု ဖော်ပြလမ်းညွှန်ထားသည်။ မိမိအမျိုးအနွယ် တိမ်ကောပပျောက်မသွားရအောင် အမျိုးကိုချစ်သောစိတ်မွေးမြူကာအမျိုးကို စောင့်ရှောက်ကြရန် စောင့်လေမျိုးနွယ်ဟူသောအပိုဒ်က သတိပေးနှိုးဆော်ထားသည်။

မြန်မာတို့သည် မျိုးချစ်စိတ်ပြင်းထန်သူများဖြစ်ကြသည်အပြင် မြန်မာအမျိုးသမီးတို့သည်လည်းမိမိအမျိုးအနွယ်ချစ်သည့်စိတ်ရှိကြသည်။ မျိုးချစ်စိတ်ဓာတ် ဆိုသည်မှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကိုချစ်ခင်မြတ်နိုးသည့် စိတ်၊ ကိုယ့်တိုင်းပြည်နှင့်ကိုယ့်လူမျိုးကိုထိလျှင် မချိအောင်နာတတ်သည့်စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ ကိုယ့်တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမည်ဆိုသည့်စိတ်ဓာတ်ဖြစ်သည်။ မိမိတိုင်းပြည်ကိုမချစ်သူသည် ဘာကိုမျှချစ်မည်မဟုတ်ဟူသောအဆိုတစ်ခုရှိသည်။ မိမိအမျိုးအနွယ်ကိုမစောင့်ထိန်းဘဲ တိုင်းတစ်ပါးကိုအထင်ကြီးသူများမှာ မိမိတို့၏ အမျိုးအနွယ်ဂုဏ်ကို မိမိတို့ကိုယ်တိုင်ဖျောက်ဖျက်လိုက်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် အမျိုးသမီးများနှင့်ပတ်သက်လာလျှင် မြန်မာနိုင်ငံကဲ့သို့ အခွင့်အရေးပြည့်ဝစွာရရှိမှုနည်းပါးသည်။ ထို့ကြောင့် အမျိုးသမီးများနှင့်ပတ်သက်၍ အခွင့်အရေးတောင်းဆိုမှုများရှိလာသည်။ နိုင်ငံတကာအမျိုးသမီးလှုပ်ရှားမှုများပြုလုပ်ကာ အမျိုးသမီးများသည် အမျိုးသားနှင့် တန်းတူအခွင့်အရေးများရရှိနိုင်ရန်၊ တန်းတူရည်တူဆက်ဆံခွင့်ရရှိရန်နှင့်အမျိုးသမီးများ၏ စွမ်းပကားတောင်းဆိုလှုံ့ဆော်စည်းရုံးမှုများပြုလုပ်ရန် ဟူသောရည်ရွယ်ချက်သုံးရပ်ဖြင့် ကမ္ဘာ့အမျိုးသမီးညီလာခံများကို ကျင်းပလျက်ရှိသည်။ အဆိုပါညီလာခံများအနက် ၁၉၉၅ ခုနှစ် တရုတ်နိုင်ငံ ပေကျင်းမြို့တွင်ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံတွင် ပေကျင်းကြေညာစာတမ်းပြဋ္ဌာန်းခဲ့သည်။ ထိုကြေညာစာတမ်းတွင်"အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့် ယန္တရားဖွဲ့စည်းပြီးဆောင်ရွက်သင့်သည့် ကဏ္ဍအပါအဝင်ကဏ္ဍကြီး(၁၂)ရပ်ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံကလိုက်နာဆောင်ရွက်သည့်အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ ယခုမြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီစတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်နေ့ကိုမြန်မာအမျိုးသမီးများနေ့ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံရှိ မြန်မာအမျိုးသမီးအားလုံးနိုင်ငံနှင့်လူမျိုးကောင်းကျိုး ပိုမိုသယ်ပိုးဆောင်ရွက်အောင်မြင်၍တိုးတက်သောလူမှုစီးပွားဘဝများကိုပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းရေးသားလိုက်ရပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

**- အနှစ် ၂၀ ပြည့် အမျိုးသမီးရေးရာမဂ္ဂဇင်း**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Raytheon ကုမ္ပဏီက Sidewinder ဒုံးကျည်ကို NASAMS ဒုံးပစ်လောင်ချာတွင်တပ်ဆင်၍ စမ်းသပ်ပစ်ခတ်ခဲ့



အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီသည် Sidewinder ဒုံးကျည်ကို NASAMS ဒုံးပစ်လောင်ချာပေါ်တွင် တပ်ဆင်၍ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ခြင်းသည် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်များ အားကောင်းစေရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဩစတြေးလျအမြောက်တပ်မှ အမှတ် (၁၆)တပ်ရင်းကြီးသည် Hawkei ဒုံးပစ်လောင်ချာပေါ်မှ AIM-9 Sidewinder ဒုံးကျည်ကို အောင်မြင်စွာပစ်ခတ်နိုင်ခဲ့ပြီး ဒုံးကျည်နှင့် ဒုံးပစ်လောင်ချာတို့ ပေါင်းစည်းအသုံးပြုမှုတွင် ပထမဦးဆုံးအကြိမ်လည်းဖြစ်သည်။

NASAMS လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို နော်ဝေနိုင်ငံ Kongsberg Defence & Aerospace ကုမ္ပဏီက အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီနှင့်ပူးပေါင်း၍ တီထွင်ထားခြင်းဖြစ်ပြီး လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ခရူဇ်ဒုံးကျည်များကို တိုက်ခိုက်ဖျက်ဆီးရန် တာတိုမှတာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဤစမ်းသပ်မှုတွင် ရှေးယခင်ကတည်းက ဝေဟင်မှ ဝေဟင်ပစ်လက်နက်အဖြစ် အသုံးပြုလျက်ရှိသည့် Sidewinder ဒုံးကျည်ကို မြေပြင်အခြေစိုက် ဒုံးပစ်လောင်ချာတွင် တပ်ဆင်ပစ်ခတ်ရန် လိုက်လျောညီထွေဖြစ်စွာ ပြင်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။ Hawkei သံချပ်ကာ ဒုံးပစ်လောင်ချာယာဉ်သည် AIM-9 Sidewinder နှင့် AIM-120 AMRAAM ဒုံးကျည်များအပါအဝင် ဒုံးကျည်ခြောက်စင်းထိ တင်ဆောင်နိုင်ကာ အော်ပရေတာများကို ပစ်မှတ်အမျိုးအစားနှင့် လိုအပ်ချက်များအပေါ်အခြေခံ၍ ခဲယမ်းများကို ရွေးချယ်ပစ်ခတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Sidewinder ဒုံးကျည်ကို NASAMS ၏ ဒုံးပစ်လောင်ချာစနစ်နှင့် ပေါင်းစည်းအသုံးပြုနိုင်ရန် အမှတ်(၁၁၁)တပ်ဆွယ်အနေဖြင့် အပြင်းအထန်လေ့ကျင့်စမ်းသပ်မှုများကို အချိန်ကာလတစ်နှစ်ခွဲပြုလုပ်ဆောင်ရွက်ခဲ့ရပြီး ယခုလို အောင်မြင်စွာပစ်ခတ်စမ်းသပ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဤပေါင်းစပ်မှုသည် ဩစတြေးလျကြည်းတပ်၏ မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်များအတွက် နည်းဗျူဟာမြောက်အသုံးပြုနိုင်မှုကို သိသိသာသာကျယ်ပြန့်လာစေခဲ့သည်။ သမိုင်းကြောင်းအရ Sidewinder ဒုံးကျည်သည် ကမ္ဘာတစ်ဝန်းတွင် အသုံးအများဆုံး ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များထဲမှ တစ်ခုဖြစ်ပြီး လေကြောင်းစီးချင်း တိုက်ပွဲများတွင် တန်ဖိုးရှိသည့် လေကြောင်းစွမ်းအားတစ်ခုလည်းဖြစ်သည်။ မြေပြင်အခြေစိုက်ကာကွယ်ရေးတွင် ဤသို့လျင်မြန်စွာ ပျံသန်းတိုက်ပွဲဝင်နိုင်သော ဒုံးကျည်ကို အသုံးပြုလာနိုင်ခြင်းသည် အနိမ့်ပျံ၊ လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားသော လေကြောင်းခြိမ်းခြောက်မှု အန္တရာယ်များကို ထူးခြားစွာတန်ပြန်တိုက်ဖျက်နိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

NASAMS ဒုံးပစ်လောင်ချာပေါ်တွင် Sidewinder ဒုံးကျည်ကို အောင်မြင်စွာ ပေါင်းစပ်နိုင်ခဲ့မှုသည် ဩစတြေးလျ မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးတွင် မြင်သာထင်သာသော တိုးတက်ဖွံ့ဖြိုးမှုကို ကိုယ်စားပြုနေကြောင်း သိရသည်။

**Raytheon Australia Integrates Sidewinder Missile With NASAMS Launcher to Strengthen Air Defence.** ကို ဘာသာပြန်ဆိုထားပါသည်။

## Baykar နှင့်MKEကုမ္ပဏီတို့က မောင်းသူမဲ့လေယာဉ်နှင့် မောင်းသူမဲ့ရေယာဉ်၏ တိုက်စွမ်းရည်ပေါင်းစပ်မှုကို သရုပ်ပြစမ်းသပ်ခဲ့

တူကီယဲနိုင်ငံ Baykar ကုမ္ပဏီနှင့် နိုင်ငံပိုင်ကာကွယ်ရေး ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ MKE တို့သည် ကုန်းရေနှစ်သွယ်သွား ချေမှုန်းရေးရေယာဉ် TCG Anadolu ပေါ်မှနေ၍ မောင်းသူမဲ့လေယာဉ်နှင့် မောင်းသူမဲ့ရေယာဉ်တို့၏ တိုက်စွမ်းရည်ပေါင်းစပ်အသုံးပြုမှုကို သရုပ်ပြစမ်းသပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစမ်းသပ်သရုပ်ပြမှုတွင် Bayraktar ကုမ္ပဏီထုတ် TB3 မောင်းသူမဲ့လေယာဉ်သည် အရေးကြီးသောဝေဟင်ကြားခံစနစ်အဖြစ် လုပ်ဆောင်ခဲ့ပြီး MKE ကုမ္ပဏီထုတ် PIRANA ကာမီကာဇေတိုက်ခိုက်ရေး ရေယာဉ်ကြား အဆက်မပြတ်ဒေတာချိတ်ဆက်မှုနှင့် ထိန်းချုပ်ဆက်သွယ်ထားသည်။ TCG Anadolu ကုန်းရေနှစ်သွယ် ချေမှုန်းရေးရေယာဉ်ရှိ သင်္ဘောကုန်းပတ်ပေါ်မှပျံတက်လာသော TB3 မောင်းသူမဲ့လေယာဉ်သည် သတ်မှတ်ထားသော ရေကြောင်းပစ်မှတ်ဆီသို့ အရှိန်ပြင်းပြင်းဖြင့် ခုတ်မောင်းနေသည့် ကာမီကာဇီတိုက်ခိုက်ရေးရေယာဉ်ကို ထိန်းကျောင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တစ်ချိန်တည်းတွင် TCG Anadolu ကုန်းရေနှစ်သွယ်သွား ချေမှုန်းရေးရေယာဉ်သည် ကုန်းရေနှစ်သွယ်သွားရေယာဉ်များသာ တင်ဆောင်တိုက်ပွဲဝင်နိုင်ရုံမျှမကဘဲ မောင်းသူမဲ့စနစ်များအတွက် ဘက်စုံလွှတ်တင်နိုင်သည့် တိုက်ပွဲဝင်ဖြန့်ကြက်နိုင်မှုကို အလေးပေးဖော်ပြလျက်ရှိသည်။

စမ်းသပ်မှုအောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ခြင်းသည် စနစ်နှစ်ခုစလုံးအတွက် နှစ်ပေါင်းများစွာ တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်နိုင်ခဲ့မှုကို ထင်ဟပ်စေလျက်ရှိသည်။ Baykar ကုမ္ပဏီ၏ TB3 မောင်းသူမဲ့လေယာဉ်သည် လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းလုပ်ဆောင်နိုင်မှုနှင့်အတူ ရေယာဉ်၊ သင်္ဘောတင် စစ်ဆင်ရေးများအတွက် ဒီဇိုင်းထုတ်ထားသည့် မောင်းသူမဲ့ လေယာဉ်အမျိုးအစားဖြစ်သည်။ ဤအတောအတွင်း MKE ကုမ္ပဏီထုတ် PIRANA သည် ပင်လယ်ရေကြောင်းသွားလာမှုနှင့် အတားအဆီးရှောင်ရှားမှုဆိုင်ရာ စမ်းသပ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်ရာ ရန်သူဘက်မှ ထောက်လှမ်းသိရှိနိုင်စွမ်း နည်းပါးမှု လျင်မြန်စွာ လှုပ်ရှားစစ်ကစားမောင်းနှင်နိုင်မှုနှင့် ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်မှုစွမ်းဆောင်ရည်များကို သက်သေပြနိုင်ခဲ့ကြောင်းလည်း သိရသည်။

TCG Anadolu ရေယာဉ်ပေါ်တွင် မောင်းသူမဲ့စနစ်များနှင့်အတူ စစ်ရေးစွမ်းအားများ စီမံခန့်ခွဲအသုံးပြုနိုင်ခြင်းသည် ပြိုင်ဆိုင်မှုပြင်းထန်သော အရှေ့မြေထဲပင်လယ်မှ ပင်လယ်နက်ထိ အဟန့်အတား စွမ်းရည်တစ်မျိုးပင်ဖြစ်သည်။ ထို့ပြင် တူကီယဲနိုင်ငံ၏ တည်ငြိမ်စွာ တိုးတက်နေသော ကာကွယ်ရေးစက်မှုလုပ်ငန်းများကို ပြသခြင်းနှင့်အတူ စစ်ဆင်ရေးလက်လှမ်းမီမှု၊ ရေကြောင်းတိုက်ပွဲများအတွက် ရှင်သန်ရပ်တည်နိုင်မှုကို အဆင့်မြှင့်တင်ပေးနိုင်သည့် ပြည်တွင်းထုတ်စနစ်အများအပြား ပိုင်ဆိုင်ထားသည်။ ဤအတွဲအစပ်သည် NATO မဟာမိတ်အဖွဲ့၏ မောင်းသူမဲ့စနစ်သုံးယာဉ်များဆိုင်ရာ ပူးပေါင်းစစ်ဆင်ရေးကို ခိုင်မာအားကောင်းစေပြီး အနာဂတ်တွင် သင်္ဘောတင်(ရေတပ်သုံး)အုပ်စုဖွဲ့လှုပ်ရှားစစ်ဆင်ရေးများနှင့် ပင်လယ်ပြင်တွင် နယ်ပယ်ပေါင်းစုံ ကိုယ်ပိုင်လုပ်ဆောင်နိုင်မည့်မစ်ရှင်များအတွက် စံနမူနာတစ်ခုအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။



ရေတပ်စစ်ဆင်ရေးများသည် မောင်းသူမဲ့လေကြောင်းနှင့် ရေကြောင်းစွမ်းအားများကို ချောမွေ့စွာ အတူတကွပူးပေါင်းလုပ်ဆောင်သည့်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ရေတပ်၏ သမားရိုးကျစစ်ဆင်နိုင်စွမ်းထက်မြင့်မားသာလွန်သော အလှမ်းခွာစစ်ဆင်နိုင်စွမ်းများကို တူကီယဲနိုင်ငံ၏ Baykar နှင့် MKE ကုမ္ပဏီတို့က သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။ TCG Anadolu ကုန်းရေနှစ်သွယ်သွား ချေမှုန်းရေးရေယာဉ်တွင် မောင်းသူမဲ့လေယာဉ် ပျံသန်းရန် လိုက်လျောညီထွေရှိသော သင်္ဘောကုန်းပတ်နှင့် ဘက်စုံသုံးစစ်ဆင်ရေးအတွက် ဗဟိုချက်မအဖြစ် အသုံးပြုနိုင်မှုသည် ပိုမိုအဆင့်မြင့်သော ရေတပ်နှင့် လေတပ် ပူးပေါင်းစစ်ဆင်ရေးများကို လမ်းဖွင့်ပေးနိုင်ခဲ့ပြီဖြစ်သည်။ တူကီယဲရေတပ်သည် အနာဂတ်စိန်ခေါ်မှုများအတွက် အသင့်ပြင်ဆင်ထားရမည်ဖြစ်သောကြောင့် ဤစမ်းသပ်မှုသည် တူကီယဲနိုင်ငံအနေဖြင့် ရေတပ်မောင်းသူမဲ့စစ်ဆင်ရေး၏ ရှေ့တန်းကျကျတွင် ရပ်တည်နေခြင်းနှင့် ၂၁ ရာစုတွင် ရေတပ်အင်အားကို မည်ကဲ့သို့ စီမံထိန်းသိမ်းထားသည်ကို ပြန်လည်ပုံဖော်ရန် ရည်ရွယ်ထားခြင်းပင်ဖြစ်ကြောင်း သိရသည်။

**Breaking News: Türkiye's MKE Sea Drone Strikes Target Guided by Baykar TB3 UAV from TCG Anadolu Amphibious Ship.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses work coordination meeting on national economic development


Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at the meeting.

**Nay Pyi Taw July 2**

A work coordination meeting on national economic development took place at the State Administration Council Chairman's Office here this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC members, union ministers, the Nay Pyi Taw Council chair, deputy ministers, and departmental officials. Region/state chief ministers took part in the meeting through video conferencing.

**National economic development through the development of agriculture production**

In his keynote address, the Senior General said the main business of the country is the production industry based on agriculture production. Prices of food products must be maintained at an affordable level by boosting production of basic food items including rice, edible oil, meat and fish. A constant encouragement has been given by the Senior General for progress of the agriculture-based production industry. The production industry must be developed through the application of the existing favourable foundations for farming activities. Although it grows crops such as groundnut, sesame, sunflower and soybean, Myanmar is still importing cooking oil due to domestic insufficiency. Officials must always push for ensuring local oil sufficiency.

Economy of a nation is measured by its GDP. The country's GDP was USD 76.4 billion in the financial year 2024-2025, and the target for FY 2025-2026 is USD 81.6 billion, which is an increase of USD 5.2 billion. The World Bank's estimation for the economy was 2.5 percent up, but the global financial body's current estimation was 2.5 percent down. But it is found that figures and data used in calculating the GDP are imperfect and inaccurate. Effective work is what the country really needs. Although there are estimations for negative GDP results, the country folks can turn the tide.

Myanmar's GDP is low when compared with the other ASEAN countries and neighbours. Hence, utmost efforts are required for achieving GDP growth through the development of the production industry. Recently, the Senior General had attended the fourth Eurasian Economic Forum (EEF) 2025 in Belarus, which is a country relying on agro-based industries. Its GDP was USD 73.1 billion, and the country is exporting from USD 6.8 billion to 8.2 billion worth of farm products. At the same time, Myanmar's earning from agriculture exports was just USD 4.8 billion, which is only about half of Belarus's. Hence, development of modern farming is obligatory for Myanmar. Although participation in the forum was the main issue, the Senior General took time in visiting the said industry. Although its area and population are smaller than Myanmar, Belarus's has a higher GDP. Belarus uses modern farming methods and is exporting a large amount of agricultural products. It is one of the global countries that is exporting modern tractors. It is also using advanced machinery in milk cow farms and exporting dairy products.

During the visit to Republic of Buryatia, Russian Federation, it was found that modern methods were applied in conducting breeding pedigree livestock and meat export. Hence, Myanmar will have a successful agriculture production industry, if it can adopt the production methods of the two in conducting farming activities.

Myanmar has 170 per cent of rice sufficiency. But some regions and states do not have rice sufficiency. If farmers grow crops systematically meeting the target cultivation with efforts to increase per-acre yield of crops, these regions and states will have rice sufficiency. It can be seen that Chin and Shan states and Taninthayi, Magway, Mandalay and Yangon regions do not have rice sufficiency. If these regions and states strive to meet the target cultivation, they will have rice sufficiency except Chin State and Mandalay Region. If they produce quality rice to foreign countries, the country can earn more incomes of foreign exchange. Hence, efforts must be expedited to increase agricultural produce.

Local farmers were urged to follow the methods of seeding and using paddy transplanters in agricultural tasks in regions and states. So, agricultural tasks improved. Only when rows of paddy plants are in correct methods and relevant plots must be filled with set number of paddy plants will paddy plants thrive and per-acre yield increase. As paddy plants can bear ears, seeds and fruits, it is necessary to grow paddy plants systematically for thriving.

It is necessary to emphasize per-acre yield of crops as well as expand sown acreage of crops through double cropping. There were 17 million acres of rain-fed paddy in 2022-2023. In the entire country, there were 15 million acres of net sown acreage, 2.24 million acres of double-cropped area and 28,000 acres of mixed-cropped areas. The country grew 7.33 million acres of growing paddy alone yearly. If paddy or other crops are planted on these cultivable lands, it will be the best beneficial. There are some 20 million acres of single paddy crop per year across the nation.

Regional and state authorities have to implement agricultural projects to have success. They have to manage systematic cultivation with set number of crop saplings to meet the target cultivation. Moreover, efforts must be made to supply water to the farmlands systematically. It is necessary to carry out agricultural tasks as a must to achieve success. Regional and state chief ministers have to emphasize businesses related to agriculture and livestock farming except the situations of natural disasters. They have to strive to secure success in agriculture and livestock based businesses as a milestone of the government.

**Successful undertaking of agriculture and livestock breeding tasks will contribute much to rural development and poverty alleviation**

Reviews mentioned that efforts to implement agriculture and livestock projects successfully can contribute much to rural development and poverty alleviation with raising the poverty index of Myanmar. Poverty is based on failure to operating businesses and lack of chances to work due to natural disasters. Some 70 per cent of people are residing in the rural area in the country while 30 per cent live in urban area. More than 50 per cent of them are engaged in agriculture, livestock and forestry sectors. As such, if the country successfully implements agriculture and livestock farming tasks the rural people mainly operate, these efforts can contribute much to poverty alleviation. It is necessary ti implement poverty alleviation successfully with compassion. Moreover, it is necessary to successfully carry out agriculture as well as livestock breeding tasks. The country has great chances to operate raising of chickens, pigs, goats, cows and fish in any places successfully. Agriculture and livestock farms must be expanded to supply livestock, fish, eggs and fish as well as vegetables to all regions depending population. In so doing, rural people will have to enjoy improvement of socioeconomic life. As any agriculture and livestock farms must centre the rural area, rural people can generate increased incomes while reducing poverty rate.

**Cotton and bamboo as key drivers for national economic development**

Cotton and bamboo have been included as key industries to promote national economic development. Regarding MSMEs (Micro, Small, and Medium Enterprises) based on agricultural and livestock products, efforts have been encouraged since around 2021, and at present, these enterprises have achieved a certain level of success in operation. Globally, MSMEs are also being supported and promoted. When examining MSMEs in our country, most are related to food and beverage products. However, there is a need to produce more marketable goods such as industrial products and agricultural inputs. In production, some goods require processing, while others can be derived directly from nature. For example, bamboo, which grows naturally, can be used to produce a wide range of products. If utilized effectively, it could significantly contribute to national income. Regarding crops, there are approximately 500,000 acres of cotton cultivation. Supporting cotton-based industries would greatly benefit the country's economic development. Cotton is a crop with high potential for national progress, so efforts should be made to expand and promote it. Cotton and bamboo should be prioritized as key industries for economic growth.

The objectives of supporting MSMEs include substituting imports, boosting the domestic economy, producing high-quality goods for export, and earning foreign exchange. In operating MSMEs, the availability of raw materials is crucial. Therefore, priority is given to MSMEs based on locally produced goods. Essential inputs such as fertilizers, pesticides, fuel, and electricity must also be adequately supplied. Sufficient financial capital and skilled human resources are equally necessary.

*See Page 13*

## Budget of the Union from 2020-2021 FY to 2025-2026 FY

(Kyat in Billion)

| Sr. | Subject | 2020-2021 (real) | 2021-2022 (6-month real) | 2022-2023 (real) | 2023-2024 (Preliminary) | 2024-2025 (Provisional) | 2025-2026 (Original estimate) |
|---|---|---|---|---|---|---|---|
| 1 | Total earnings | 17,585.550 | 12,601.570 | 26,725.464 | 27,892.985 | 34,553.509 | 38,242.311 |
| 2 | Total expense | 25,761.044 | 14,209.266 | 30,162.644 | 31,830.158 | 38,862.347 | 46,595.231 |
| 3 | Surplus(+) Deficit(-) | -8,175.494 | -1,607.696 | -3,437.180 | -3,937.173 | -4,308.838 | -8,352.920 |
| 4 | GDP value | 108,205.724 | 75,044.663 | 125,338.951 | 140,191.000 | 160,654.827 | 171,498.125 |
| 5 | Deficit and GDP ratio | 7.56% | 2.14% | 2.74% | 2.81% | 2.68% | 4.87% |

*From Page 12*

During visits to support MSMEs across the country, labor shortages were frequently raised as an issue. Therefore, in 2024, data on the working-age population (ages 15 to 65) was collected. According to the figures, the estimated working-age population is 34.806 million, while around 19.141 million are employed in some capacity. There are over 1 million civil servants, 140,000 university students, and 17.130 million registered domestic and migrant workers. Despite having a capable workforce, there is a need to utilize this labor more productively. Although our country has a strong foundation and favorable conditions for employment, actual work implementation is still lacking. Job creation must be facilitated, and the government has already allocated economic development funds to regions and states. Further support will continue as needed. The state will provide necessary capital and technology, but the most crucial aspect is putting in real effort to work.

The World Bank has assessed that Myanmar's GDP may decline due to conflicts disrupting production activities and the economic damage caused by the Mandalay earthquake. In response, our government has prioritized post-disaster recovery measures, including providing low-interest investment loans to help businesses recover quickly. We are fully committed to revitalizing the affected economy and will continue supporting production growth. For the nation's economic development, we must encourage those willing to contribute, and we believe these efforts will lead to tangible progress.

Regarding the country's economic advancement, the Union Minister for Planning and Finance presented key updates. These included the fiscal year's Union budget revenue and expenditure estimates, the utilization of emergency funds for natural disasters, and financial support allocated to the National Disaster Management Fund. The minister also discussed the draft budget for the 2025-2026 fiscal year, trends in consumer prices and inflation rates, expenditures and remaining balances from the MSME Development Fund, and the establishment and additional funding of the National Economic Promotion Fund, including its distribution to regions and states. The Union Minister for Agriculture, Livestock, and Irrigation reported on efforts to develop the agricultural and livestock sectors while boosting production. The presentation covered export and import volumes, income and expenditure trends from the 2020-2021 to 2024-2025 fiscal years, and a comparative analysis of production and export capacities in neighboring countries. The Union Minister for Energy outlined measures to strengthen the energy sector for economic growth. These included strategies to reduce dependence on imported petroleum products, progress in domestic high-grade fuel production and its benefits, plans to cut fertilizer imports, and key foundational steps needed for the energy sector's advancement. The Union Minister for Industry detailed initiatives to promote industrial growth and enhance MSME production. This included the formation of supporting committees and commissions, the organization of MSME product exhibitions, efforts to ensure quality in construction-related steel and iron production, and the optimization of cement factory output. The minister also highlighted developments in industrial zones, progress in domestic pharmaceutical manufacturing, and the production performance of state-owned factories across fiscal years.

Afterwards, the attendees discussed and presented a range of issues concerning the nation's economic development.

In response to the briefings, the Senior General emphasized the importance of ensuring adequate domestic production of pharmaceuticals, particularly those with the highest local demand. To promote MSME development, emphasis should be placed on the use of locally sourced raw materials, increasing production, and expanding export capacity. He stated that in the manufacturing sector, it is essential to focus on producing market-driven products in large quantities with high quality, and then address other necessary requirements.

The Senior General then delivered his concluding remarks. He stated that the topics discussed were constructive, emphasizing that efforts are underway to improve the national economy and reduce the prices of goods. He noted the importance of addressing both immediate concerns and long-term challenges. He stressed that short-term priorities must focus on the country's economic development. It is essential to enhance manufacturing activities and meet business needs as much as possible. He added that conducting research will enable further improvements in the business sector.

In the agricultural sector, it is necessary to conduct research aimed at cultivating and producing high-yield, high-quality strains that are well-suited to current conditions. It is also necessary for every region and state to implement measures that ensure domestic wheat self-sufficiency. Corn farming is also a national need; therefore, it is necessary to produce high-quality corn raw materials domestically and to export finished corn products. Increasing the production of oilseed crops, such as sunflower, will significantly contribute to achieving domestic oil self-sufficiency. There is a need to conduct research to ensure that crops such as Burmese durian and Sein Talone mango, which are grown in the country, can be cultivated and produced with high quality. If crops suitable for each region are cultivated within designated zones, it will be possible to produce large quantities of high-quality crops in a centralized area. Efforts to increase the production of kitchen crops such as onions, garlic, potatoes, and others will directly benefit farmers.

Research efforts will enhance the production of crops vital to the country and significantly contribute to its economic growth. Similarly, in the farming sector, the local chicken industry serves both domestic and international markets, with necessary animal feed available locally. It is essential to conduct research on livestock farming—including chickens, ducks, pigs, goats, cattle, fish, and shrimp—to improve domestic farming and support those engaged in livestock farming. Further improvements in agricultural and livestock production, coupled with achieving domestic self-sufficiency and increasing exports, will significantly contribute to the country's economic development. The country is suffering substantial losses due to illegal trade in border areas and the unauthorized extraction of natural resources across various regions. Therefore, instructions were given to regional and state governments to continue systematic monitoring of the situation, and the meeting came to a conclusion in the evening. 100

## Budget of the Union for 2024-2025 FY

(Kyat in Billion)

| Sr. | Subject | Original estimate | Revised estimate | Provisional budget |
|---|---|---|---|---|
| 1 | Total earning | 31,793.332 | 35,863.696 | 34,553.509 |
| | Current | 28,876.661 | 33,152.979 | 33,296.820 |
| | Capital | 461.755 | 480.969 | 193.728 |
| | Debt | 2,454.916 | 2,229.748 | 1,062.961 |
| 2 | Total expense | 39,672.620 | 42,243.569 | 38,862.347 |
| | Current | 31,443.366 | 32,918.614 | 31,064.436 |
| | Capital | 5,811.258 | 7,352.336 | 6,618.482 |
| | Debt | 2,417.996 | 1,972.619 | 1,179.429 |
| 3 | Surplus(+) Deficit (-) | -7,879.288 | -6,379.873 | -4,308.838 |
| 4 | GDP value | 155,543.534 | 155,543.534 | 160,654.827 |
| 5 | Deficit and GDP ratio | 5.07% | 4.10% | 2.68% |



# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**မေဇင်ထွန်း**

# မိုးရာသီတွင် သတိပြုဆင်ခြင်ဖွယ် အန္တရာယ်အသွယ်သွယ်



မြန်မာနိုင်ငံမှာရှိတဲ့ ရာသီဥတုသုံးမျိုးထဲမှာ မိုးရာသီဟာ အေးမြစိုစွတ်တဲ့ ရာသီပဲဖြစ်ပါတယ်။ အခုနှစ်မှာ မိုးရာသီဟာ အရင်မိုးရာသီတွေထက် မိုးအဝင်စောတယ်လို့ဆိုရမှာဖြစ်ပါတယ်။ မိုးရာသီကိုရောက်လာတာနဲ့ လူသားတွေအနေနဲ့ သတိပြုနေထိုင်သင့်တဲ့အရာများစွာရှိနေသလို လုပ်ဆောင်သင့်တာတွေလဲရှိပါတယ်။ ဒီဆောင်သင့်၊ ရှောင်သင့်တာလေးတွေကို အခုတစ်ပတ်မှာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**သတိပြုစရာဝမ်းရောဂါ**

ရာသီသုံးပါးထဲမှာ မိုးရာသီဟာ သီးနှံတို့ဖြစ်ထွန်းတဲ့ ရာသီဖြစ်တာကြောင့် သရက်သီးမှည့်၊ နာနတ်သီးမှည့်၊ သင်္ဘောသီးမှည့် စတဲ့အသီးတွေ လှိုင်လှိုင်ပေါတဲ့အချိန်ဖြစ်ပါတယ်။ အသီးတွေလှိုင်လှိုင်ပေါသလို ယင်နဲ့ ဖြုတ်ကောင်တွေလဲ အင်မတန်ပေါများတဲ့အချိန်ပါ။ ယင်တွေဟာ မှည့်နေတဲ့အသီးအနံ့တွေပေါ်မှာနားပြီး ယင်ဥတွေဥချခဲ့တဲ့အတွက် ယင်နားစာတွေကိုစားမိပါက ပြင်းထန်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေမှာ မလွဲကေန်ပဲဖြစ်ပါတယ်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကိုကာကွယ်ဖို့ဆိုရင် ယင်နားစာအပါအဝင် မသန့်ရှင်းတဲ့ အစားအစာစားသုံးတာကိုရှောင်ကြဉ်ရပါမယ်။ ဒ့ါပြင် ရေကိုကျိုချက်ပြီးဖြစ်ဖြစ်၊ သောက်ရေသန့်ကိုဖြစ်ဖြစ် သောက်တာအကောင်းဆုံးပါ။ လက်ကို ညစ်ညမ်းတဲ့အရာတစ်ခုခုကိုင်ပြီးတိုင်း ဆပ်ပြာနဲ့ဆေးပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကိုလဲ ဂရုစိုက်ရပါမယ်။ ယင်လုံအိမ်သာကိုသုံးစွဲပြီး အမှိုက်တွေကိုလဲ စနစ်တကျစွန့်ပစ်ကာ ဝမ်းပျက်ဝမ်းလျှောမဖြစ်အောင် ဂရုစိုက်ကြရပါမယ်။

**သတိပြုကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်**

သွေးလွန်တုပ်ကွေးရောဂါဟာလဲ မိုးရာသီမှာအဖြစ်များတဲ့ရောဂါဖြစ်ပါတယ်။ အထူးသဖြင့် ဇွန်လကနေ စက်တင်ဘာလအတွင်းမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါတယ်။ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေးဖြစ်ပွားနိုင်ပြီး အရင်က အသက် ၁၅ နှစ်အောက်မှာသာအဖြစ်များပြီး အခုနောက်ပိုင်းမှာ အသက် ၁၅ နှစ်အထက် အသက်အရွယ်အုပ်စုတွေမှာပါ ဖြစ်ပွားမှုများပြားလာတာကို တွေ့ရှိရပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ရတဲ့ အဓိကတရားခံကတော့ သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်တဲ့ ခြင်ကျားအကိုက်ခံရလို့ ဖြစ်ပွားတာဖြစ်ပါတယ်။ ခြင်ကျားဟာ နေ့အချိန်မှာ လူများကိုကိုက်လေ့ရှိတာကြောင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ရလေအောင် နေ့ဘက်မှာ ခြင်ကိုက်မခံရအောင် ဂရုစိုက်နေထိုင်ကြရမှာဖြစ်ပါတယ်။ ဒ့ါပြင် ခြင်ကျားတွေမပေါက်ဖွားနိုင်အောင် ရေသိုလှောင်တဲ့နေရာတွေကို စနစ်တကျလုံအောင်ဖုံးအုပ်တာ၊ စစ်ဆေးတာတွေ အမြဲလုပ်ပါ။ ရေဆိုးမြောင်း၊ ရေဝပ်တတ်တဲ့နေရာတွေကို သန့်ရှင်းရေးမကြာခဏလုပ်ပေးပါ။ နေ့ခင်းဘက် အိပ်အိပ်၊ ညနေစောင်း အိပ်အိပ် ဘယ်အချိန်မဆို ခြင်ထောင်ထောင်အိပ်ပါ။ ခြင်မကိုက်ဆေးလိမ်းတာ၊ ခြင်ဆေးထွန်းတာတွေလုပ်ပြီး သွေးလွန်တုပ်ကွေးဖြစ်စေတဲ့ ခြင်ကျားအကိုက်မခံရအောင် ဆောင်ရွက်ထားကြရမှာဖြစ်ပါတယ်။

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတွေနဲ့ ရာသီတုပ်ကွေးအန္တရာယ် သတိပြုဖွယ်**

မိုးရာသီဟာ အသက်ရှူလမ်းကြောင်းစနစ်ကို ဒုက္ခပေးတဲ့ တုပ်ကွေးဗိုင်းရပ်တွေ ရှင်သန်ပေါက်ဖွားချိန်လဲဖြစ်ပါတယ်။ ရာသီတုပ်ကွေးအပြင် ကိုဗစ်-၁၉ ရောဂါလိုအသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတွေ အတော်လေးအဖြစ်များတဲ့အချိန်လဲဖြစ်ပါတယ်။ ဒီရောဂါတွေကူးစက်ခံရရင် အသက်အရွယ်ကြီးသူတွေ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါအခံရှိသူတွေ၊ ကလေးငယ်တွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေမှာ ရောဂါရဲ့ပြင်းထန်မှုဒဏ်ကို ပိုခံရကာ အသက်အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ဒီရောဂါတွေမဖြစ်မီ ကာကွယ်ဆေးအပြင် ထပ်ဆောင်းကာကွယ်ဆေးတွေကို ကြိုတင်ထိုးနှံရပါမယ်။ ဒါမှ ရောဂါရဲ့ပြင်းထန်မှုကြောင့် အသက်ဆုံးရှုံးမှုကနေ ထိရောက်စွာ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

ဒ့ါပြင် ဒီရောဂါတွေမဖြစ်အောင် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်နေဖို့က အရေးကြီးတာကြောင့် အာဟာရပြည့်ဝအောင် အစာအုပ်စုအစုံကို မျှတစွာစားပေးပါ။ ဗီတာမင်စီနဲ့ ဗီတာမင်အီးဓာတ်တွေပါတဲ့ အစားအစာတွေ၊ အားဆေးတွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ စားသုံးထားဖို့လိုအပ်ပါတယ်။ ဗီတာမင်စီဟာ ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးပြီး နာမကျန်းဖြစ်မှုတွေကို ကာကွယ်ပေးသလို အအေးမိဖျားနာတာတွေကို ကာကွယ်တိုက်ဖျက်ရာမှာလဲ အထောက်အကူဖြစ်စေပါတယ်။ ဗီတာမင်အီးကတော့ အအေးမိဖျားနာတာကြောင့် ကိုက်ခဲနာကျင်တာကို ကာကွယ်ပေးပါတယ်။ ဒ့ါပြင် အိပ်ရေးဝဝအိပ်စက်တာ၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတွေ နေ့စဉ်ပုံမှန်ပြုလုပ်တာတွေလုပ်ရပါမယ်။ ရောဂါကူးစက်ခံရသူတွေမှာ ဖျားတာ၊ နှာစေးတာ၊ နှာချေတာ၊ ချောင်းဆိုးတာ၊ လည်ပင်းနာတာ စတဲ့လက္ခဏာတွေ ဖြစ်ပေါ်တတ်တာကြောင့် ဒီလက္ခဏာရှိသူတွေက မိမိဆီကနေ တခြားသူတွေမကူးစက်စေဖို့အတွက် လူထူထပ်တဲ့နေရာတွေကို သွားတာရှောင်ရပါမယ်။ မဖြစ်မနေသွားရပါက မက်စ်ကို စနစ်တကျတပ်ဆင်ရပါမယ်။ မက်စ်မတပ်ဆင်ထားတဲ့အချိန် နှာချေ၊ ချောင်းဆိုးရင် လက်ကိုင်ပဝါ၊ တံတောင်ကွေးနဲ့ လုံအောင်အုပ်ပြီး နှာချေ၊ ချောင်းဆိုးတာတွေလုပ်ရပါမယ်။ ဒါမှသာ မိမိကနေ တခြားသူကို ရောဂါထပ်မံကူးစက်မှု မဖြစ်စေမှာ ဖြစ်ပါတယ်။

**သတိပြုပြီး မောင်းနှင်ပါ**

မိုးရာသီမှာ ရေလွှမ်းမိုးမှုတွေ ဖြစ်တတ်တာကြောင့် မိုးရေထဲ ဘယ်ယာဉ်ကိုမဆို သတိထားပြီးမောင်းတာဟာ မိမိရဲ့အသက်အန္တရာယ်လုံခြုံရေးကို ကြိုတင်ကာကွယ်ရာရောက်ပါတယ်။ လမ်းမတွေပေါ်ကို ရေတွေကျော်လို့ပဲဖြစ်ဖြစ်၊ မိုးရေတွေကြောင့် လမ်းရေမြုပ်သွားလို့ပဲဖြစ်ဖြစ် သတိထားမောင်းနှင်ရပါမယ်။ မိုးရေကြောင့် ဆိုင်ကယ်ဘီးနဲ့ ကားဘီးတွေဟာ အလွယ်တကူချော်တတ်တာကြောင့် ပုံမှန်အရှိန်နှုန်းထက်မပိုစေဘဲ ဖြည်းဖြည်းမှန်မှန် မောင်းနှင်တာက မိမိအသက်အန္တရာယ်အတွက် ဘေးအကင်းဆုံးပဲဖြစ်ပါတယ်။ မိုးသည်းနေချိန်၊ မြင်ကွင်းမရှင်းနေချိန်မှာအရှိန်နဲ့မောင်းတာဟာ အင်မတန်အန္တရာယ်များတဲ့အတွက် သတိထားပြီး မောင်းနှင်သွားလာတာဟာ မိမိအတွက်ကော မိသားစုတစ်ခုလုံးအတွက်ပါ စောင့်ရှောက်ရာရောက်ပါတယ်။

**လေကြီး၊ ရေကြီး၊ မြေပြိုမှုအစဉ်သတိပြု**

မိုးရာသီမှာ အန္တရာယ်အကြီးဆုံးကတော့ သဘာဝဘေးအန္တရာယ်ပဲဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတဲ့အတိုင်း သဘာဝအလျောက် ဖြစ်ပေါ်လာတာဖြစ်ပြီး တားဆီးလို့မရပါဘူး။ သဘာဝဘေးဖြစ်လာလျှင် ကြိုတင်ပြင်ဆင်မှုနဲ့ သဘာဝဘေးနဲ့ပတ်သက်တဲ့ အရေးပေါ်အသိတွေရှိထားမှ ထိခိုက်၊ ပျက်စီး၊ သေကျေမှုတွေ သက်သာမှာဖြစ်ပါတယ်။ ဒါကြောင့် လူသားတွေအနေနဲ့ သဘာဝဘေးကိုလဲ သတိထားဖို့လိုအပ်ပါတယ်။ မိုးရာသီမှာ မိုးသည်းထန်မှုနဲ့အတူ လေပြင်းတိုက်ခိုက်မှုတွေလဲ ဖြစ်နိုင်တဲ့အပြင် မုန်တိုင်းတွေလဲ ဖြစ်ပေါ်လာတတ်ပါတယ်။ မိုးကြိုးအန္တရာယ်ကလဲ သတိပြုရမဲ့ထဲမှာ ပါပါတယ်။ ဒါကြောင့် မိုးရာသီရောက်လာတာနဲ့ မိုးရာသီရဲ့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး မိမိတို့ရဲ့ မိသားစုဝင်တွေကို ပညာပေးပြောပြပေးထားတာဟာ အကောင်းဆုံးပဲဖြစ်ပါတယ်။

သစ်ပင်ကျိုးကျတာ၊ ဓာတ်ကြိုးပျက်ကျတာတွေကြောင့် ဓာတ်လိုက်သေဆုံးတာ၊ သစ်ပင်ပိမိသေဆုံးတာတွေ ဖြစ်တတ်တဲ့အတွက် မိုးထဲလေထဲကို ထွက်မဆော့ဖို့ မိမိရဲ့ကလေးတွေကို သတိပေးထားဖို့လဲလိုပါတယ်။ ဒ့ါပြင် စိုစွတ်တဲ့မိုးရာသီမှာ မြွေ၊ ကင်းတို့လို အဆိပ်ပြင်းတဲ့ပိုးမွှားတိရစ္ဆာန်တွေ ထွက်တတ်တဲ့အတွက် သတိနဲ့သွားလာကြဖို့လိုပါတယ်။ ဒါတွေဟာ မိုးရာသီမှာ သတိထားစရာတွေပဲ ဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ အခုလို မိုးရာသီမှာ မိုးလေဝသ သတင်းတွေကိုလဲ အမြဲမပြတ်နားထောင်ဖို့လိုပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်လာတော့မဲ့ ကြေညာချက်တွေ ထုတ်ပြန်တဲ့အခါမှာလဲ သက်ဆိုင်ရာဌာနတွေရဲ့ ညွှန်ကြားချက်တွေအတိုင်း အတိအကျလိုက်နာ ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ ထိခိုက်၊ ပျက်စီးမှုတွေကို လျှော့ချနိုင်ပြီး ဘေးကင်းမှာဖြစ်ပါတယ်။

**❖ စိုစွတ်တဲ့မိုးရာသီမှာ မြွေ၊ ကင်းတို့လို အဆိပ်ပြင်းတဲ့ပိုးမွှားတိရစ္ဆာန်တွေ ထွက်တတ်တဲ့အတွက် သတိနဲ့သွားလာကြဖို့လိုပါတယ်။ ဒါတွေဟာ မိုးရာသီမှာ သတိထားစရာတွေပဲ ဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ အခုလို မိုးရာသီမှာ မိုးလေဝသ သတင်းတွေကိုလဲ အမြဲမပြတ်နားထောင်ဖို့လိုပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်လာတော့မဲ့ ကြေညာချက်တွေ ထုတ်ပြန်တဲ့အခါမှာလဲ သက်ဆိုင်ရာဌာနတွေရဲ့ ညွှန်ကြားချက်တွေအတိုင်း အတိအကျလိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ ထိခိုက်၊ ပျက်စီးမှုတွေကိုလျှော့ချနိုင်ပြီး ဘေးကင်းမှာဖြစ်ပါတယ်။ ❖**

အခုဖော်ပြသွားခဲ့တာကတော့ မိုးရာသီမှာ သတိပြုဆင်ခြင်ဖွယ်ရာ ဘေးအန္တရာယ်အကြောင်းတွေပဲ ဖြစ်ပါတယ်။ အထက်မှာဖော်ပြသွားခဲ့တာတွေကို သတိပြုဆင်ခြင်သွားမယ်ဆိုရင် မိုးရာသီရဲ့ အန္တရာယ်အသွယ်သွယ်ကို အလွယ်တကူနဲ့ ကျော်လွှားသွားနိုင်မှာပဲ ဖြစ်ပါတယ်လို့ ရေးသားဖော်ပြလိုက်ရပါတယ်။

**ကိုးကား**

– Rainy Season Precautions to Stay Safe in the Monsoon

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၉၅၈၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၉၅၈၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၄၉၈၅ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၅၈၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်းကေ ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်းတောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)




# တောင်တွင်းကြီးမြို့နယ် အောင်းပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



တောင်တွင်းကြီး ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရှမ်းကိုင်းကျေးရွာအုပ်စု အောင်းပေါက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ အောင်းပေါက်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အောင်းပေါက် ကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်း၊ ကျေးရွာနေပြည်သူလူထုထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် သိန်း ၂၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် အောင်းပေါက်ကျေးရွာရှိ အိမ်ခြေ ၁၃၀၊ လူဦးရေ ၆၄၇ ဦးတို့ ရာသီမရွေး သွားလာလွယ်ကူတော့မည် ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နွံ့ယဉ်

# လပွတ္တာမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ



လပွတ္တာ ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ ယခုနှစ် ဇွန်လ တတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ် ကောင်းနေတာပါ။ မျှင်ငါးပိတစ်ပိဿာကို ငွေကျပ် ၂၅၅၀၀ ထိ ဈေးပေါက်နေပါတယ်။ လပွတ္တာမြို့နယ်က မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် မော်လမြိုင်ကျွန်းဘက်နဲ့ အခြားဒေသတွေက ဝယ်ယူမှု အားကောင်းနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒီဘက်က မျှင်ငါးပိရောင်းဝယ်သူတွေက ဒေသထွက် မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးနေပါတယ်"ဟု လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် မျှင်ငါးပိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို စနစ်တကျထုပ်ပိုးကာ အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါမျှင်ငါးပိများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# အုတ်တွင်းမြို့နယ် ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အုတ်တွင်း ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲဒေါင့်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်များနှင့် လုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဇီးကုန်းကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၃၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၂၀၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ် ၄၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး




**ရှေ့ဖုံးမှအဆက်**

အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီနှင့် အသားငါးများကို အထွက်နှုန်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ဈေးနှုန်းမှာ သင့်တင့်သည့်ဈေးနှုန်းတစ်ခုဖြစ်ရန်လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး အမြဲမပြတ်တိုက်တွန်းပြောကြားလျက်ရှိကြောင်း၊စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရှိပြီးဖြစ်သည့်အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့် သီးနှံများကို စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းဆီဖူလုံမှုမှာ လိုအပ်ချက်များရှိနေခြင်းကြောင့် စားသုံးဆီများကို ပြည်ပမှ တင်သွင်းနေရကြောင်း၊ ဆီဖူလုံရေးအမြဲတွန်းအားပေးဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတစ်ခု၏ စီးပွားရေးကို GDP ဖြင့် တိုင်းတာကြကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၄ ဘီလီယံရှိကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆ ဘီလီယံထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး ၅ ဒသမ ၂ ဘီလီယံခန့်တိုးတက်အောင် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့မိမိတို့အနေဖြင့် မျှော်မှန်းဆောင်ရွက်နေချိန်တွင် ကမ္ဘာ့ဘဏ်မှမိမိတို့နိုင်ငံ၏ စီးပွားရေးကို ယခင်က ၂ ဒသမ ၅ ထိ မျှော်မှန်းထားသော်လည်း လက်ရှိအချိန်တွင် အနုတ် ၂ ဒသမ ၅ ထိ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့တွက်ချက်သည့် စာရင်းများတွင် အချက်အလက်များမှန်ကန်မှုမရှိခြင်းနှင့် ပြည့်စုံမှုမရှိခြင်းများရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအတွက် အရေးကြီးသည်မှာ အမှန်တကယ်အလုပ်လုပ်ရန်လိုကြောင်း၊မည်သို့ပင် နိုင်ငံ၏ GDP ကျဆင်းမည်ဟု ၎င်းတို့အနေဖြင့် မျှော်မှန်းထားသော်လည်း နိုင်ငံအတွင်းနေထိုင်သူများက ကြိုးပမ်းဆောင်ရွက်ပါက နိုင်ငံ၏ GDP မှာ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့်အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက GDP နည်းပါးလျက်ရှိသဖြင့် GDP တိုးတက်စေရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် စွမ်းအားရှိသမျှအားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဘယ်လာရုစ်နိုင်ငံတွင်ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ခဲ့ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် Agro base industries ကို ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁ ဘီလီယံရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှရရှိမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံမှ ၈ ဒသမ ၂ ဘီလီယံရှိကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှရရှိမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့်သာရှိကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ ထက်ဝက်ခန့်သာရှိပြီး ခေတ်မီစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖိုရမ်တက်ရောက်ရန် အဓိကဖြစ်သော်လည်း နိုင်ငံအတွက်အချိန်ပေး၍ ၎င်းကဏ္ဍများကိုလေ့လာခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့်နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံထက် ဧရိယာအကျယ်အဝန်းအရ သေးငယ်ခြင်း၊ လူနေထိုင်မှုအရ နည်းပါးခြင်းရှိသော်လည်း

**ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေ**
**၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ**

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ (အမှန်) | ၂၀၂၁-၂၀၂၂ (၆)လ (အမှန်) | ၂၀၂၂-၂၀၂၃ (အမှန်) | ၂၀၂၃-၂၀၂၄ (ရှေ့ပြေးအမှန်) | ၂၀၂၄-၂၀၂၅ (ယာယီအမှန်) | ၂၀၂၅-၂၀၂၆ (မူလခန့်မှန်းခြေ) |
|---|---|---|---|---|---|---|---|
| ၁ | စုစုပေါင်းရငွေ | ၁၇,၅၈၅.၅၅၀ | ၁၂,၆၀၁.၅၇၀ | ၂၆,၇၂၅.၄၆၄ | ၂၇,၈၉၂.၉၈၅ | ၃၄,၅၅၃.၅၀၉ | ၃၈,၂၄၂.၃၁၁ |
| ၂ | စုစုပေါင်းအသုံးစရိတ် | ၂၅,၇၆၁.၀၄၄ | ၁၄,၂၀၉.၂၆၆ | ၃၀,၁၆၂.၆၄၄ | ၃၁,၈၃၀.၁၅၈ | ၃၈,၈၆၂.၃၄၇ | ၄၆,၅၉၅.၂၃၁ |
| ၃ | ပိုငွေ(+)/လိုငွေ(-) | -၈,၁၇၅.၄၉၄ | -၁,၆၀၇.၆၉၆ | -၃,၄၃၇.၁၈၀ | -၃,၉၃၇.၁၇၃ | -၄,၃၀၈.၈၃၈ | -၈,၃၅၂.၉၂၀ |
| ၄ | ဂျီဒီပီတန်ဖိုး | ၁၀၈,၂၀၅.၇၂၄ | ၇၅,၀၄၄.၆၆၃ | ၁၂၅,၃၃၈.၉၅၁ | ၁၄၀,၁၉၁.၀၀၀ | ၁၆၀,၆၅၄.၈၂၇ | ၁၇၁,၄၉၈.၁၂၅ |
| ၅ | လိုငွေနှင့်ဂျီဒီပီအချိုး | ၇.၅၆% | ၂.၁၄% | ၂.၇၄% | ၂.၈၁% | ၂.၆၈% | ၄.၈၇% |

၄

GDP မှာ ပိုမိုမြင့်မားသည်ကိုတွေ့ရကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ထုတ်ကုန်များကိုထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မှုပိုမိုများပြားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကမ္ဘာပေါ်၌ အဆင့်မီလယ်ထွန်စက်ပစ္စည်းများ ထုတ်လုပ်တင်ပို့သည့်နိုင်ငံတစ်ခုဖြစ်သည်ဟုသိရှိခဲ့ရကြောင်း၊ အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း နို့စားနွားများမွေးမြူ၍ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး နို့ထွက်ပစ္စည်းများထုတ်လုပ်ခြင်းများ ဆောင်ရွက်၍ ပြည်ပသို့တင်ပို့သည်ကိုလေ့လာသိရှိခဲ့ရကြောင်း။

အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Republic of Buryatiaသို့ ရောက်ရှိချိန်တွင်လည်း ၎င်းတို့အနေဖြင့် ဒေသတွင်းမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ ခေတ်မီနည်းစနစ်များကိုအသုံးပြု၍ မျိုးကောင်းမျိုးသန့်များဖြင့်မွေးမြူပြီး ထွက်ရှိလာသည့် အသားများကို ပြည်ပသို့တင်ပို့လျက်ရှိသည်ကိုသိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ ၎င်းနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုနည်းလမ်းများကိုအတုယူ၍ မိမိတို့နိုင်ငံတွင် ရှိပြီးဖြစ်သည့်အခြေခံကောင်းများကို အသုံးချပြီး စနစ်တကျဖြင့် ဆောင်ရွက်သွားမည်ဆိုပါက ၎င်းတို့ကဲ့သို့အောင်မြင်သည့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**MSME လုပ်ငန်းများအားပေးဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကိုအဓိကထား၍ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရန်လို၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်လိုအပ်ချက်ရှိသည့်ထုတ်ကုန်များကို အဓိကထား၍ ပမာဏများများဖြင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရောင်းချနိုင်ရန်လို . . .**

မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံးဆန်ဖူလုံမှုအနေဖြင့် ၁၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဆန်ဖူလုံမှုမရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များလည်းရှိသည်ကိုတွေ့ရှိရပြီး ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆန်ဖူလုံမှုများရှိလာမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဆန်ဖူလုံမှုမရှိသည်ကိုတွေ့ရကြောင်း၊ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပန်းတိုင်ရည်မှန်းချက်အတိုင်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆန်ဖူလုံမှုတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့်ဆန်များကိုပြည်ပနိုင်ငံများသို့ အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်အစေ့ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများ ဆောင်ရွက်ရန်တိုက်တွန်းခဲ့ပြီး လုပ်ငန်းများပိုမိုတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ စပါးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပင်ကြားတန်းကြားများ မှန်ကန်ရန်နှင့် ကောက်ကွက်များပြည့်မီမှသာ စပါးပင်များ ရှင်သန်ဖြစ်ထွန်း၍ အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ အပင်ရှိမှသာ အနှံ၊ အစေ့နှင့်အသီးများရှိလာမည်ဖြစ်သဖြင့် အပင်များ စနစ်တကျရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်လိုကြောင်း။

သီးနှံများ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ စိုက်ဧကများကို တိုးချဲ့ဆောင်ရွက်ပြီး သီးထပ်များစိုက်ပျိုးသွားရန်လည်းလိုကြောင်း၊၂၀၂၂-၂၀၂၃ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးမှုစုစုပေါင်းမှာဧက ၁၇ သန်းရှိကြောင်း၊ အသားတင်စိုက်ပျိုးမှုမှာ ဧက ၁၅ သန်း ရှိပြီး သီးထပ်စိုက်ပျိုးမှုမှာ ဧက ၂ ဒသမ ၂၄ သန်း၊ သီးညှပ်စိုက်ပျိုးမှုမှာ ဧက ၂၈၀၀၀ ရှိကြောင်း၊ တစ်နှစ်လုံးတွင် စပါးတစ်သီးတည်းသာစိုက်ပျိုးသည့် လယ်ယာမြေမှာ ဧက ၇ ဒသမ ၃၃ သန်းရှိကြောင်း၊ အဆိုပါစိုက်ပျိုးမြေများပေါ်၌ စပါး သို့မဟုတ် အခြားသီးနှံများကိုသီးထပ် စိုက်ပျိုးသွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်တွင်တစ်သီးသာစိုက်ပျိုးသည့်စိုက်ပျိုးမြေမှာ ဧက သန်း ၂၀ ခန့် ရှိကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များက အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး အပင်အရေအတွက်ပြည့်မီအောင် စနစ်တကျစိုက်ပျိုးခြင်းမှစ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးသန့်အသုံးပြုခြင်း၊ မြေဩဇာထည့်ခြင်း၊ မြေပြုပြင်ခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေး အောင်ရေများရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ဆက်လက်တာဝန်ယူရမည့် ကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာခဲ့သည့်အခြေအနေမှလွဲ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် နှီးနွှယ်သည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင်အားထည့်၍ ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများအောင်မြင်မှုကို မိမိတို့အစိုးရ၏ မှတ်ကျောက်အဖြစ် ကျန်ရှိအောင်ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း။

**ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များအလိုက်ခွဲ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက သီးနှံများကို တစ်နေရာတည်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်မည်ဖြစ်၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် အခြားသီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်မည်ဆိုပါက တောင်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ် . . .**

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို များစွာအထောက်အကူဖြစ်စေမည်**

မြန်မာနိုင်ငံ၏ ဆင်းရဲမှုအညွှန်းကိန်းသည် ပိုမိုမြင့်တက်လာသည်ဟု သုံးသပ်မှုများရှိခဲ့ပြီး ဆင်းရဲမှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုမရှိခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် အလုပ်မလုပ်နိုင်၍ ဆင်းရဲခြင်းဟူ၍ဖြစ်နိုင်ခြေနှစ်ရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသည် မြို့ပေါ်နေသူများဖြစ်ကြောင်း၊ ယင်းတို့အနက် ၅၀ ရာခိုင်နှုန်းကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍတို့တွင် တစ်နည်းနည်းဖြင့် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ အဓိကထားလုပ်ကိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဆင်းရဲမှုလျှော့ချရေးတွင် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့ချရေးနှင့်ပတ်သက်၍ ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ သာမက မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏နေရာတိုင်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွား၊ ငါး စသည်တို့ကို အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေရှိကြောင်း၊ မိမိတို့ဒေသအလိုက်၊ လူဦးရေအလိုက် နေ့စဉ်အသားငါးဥအမျိုးမျိုးနှင့် အသီးအနှံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မည်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမဆို ကျေးလက်ကိုဗဟိုပြု၍ ဆောင်ရွက်ကြသည်ဖြစ်၍ ကျေးလက်နေပြည်သူများ ဝင်ငွေများပြားလာမည်ဖြစ်ပြီး ဆင်းရဲမှုညွှန်းကိန်းများလည်းကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

**ဝါနှင့် ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အခြေခံသည့် MSME လုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ်ခန့်မှစ၍ အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ လုပ်ငန်းများ လည်ပတ်ကာအောင်မြင်မှုများရရှိနေသည်ကို တွေ့မြင်ရကြောင်း၊ နိုင်ငံတကာကိုကြည့်ပါကလည်း MSME

လုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှ MSME လုပ်ငန်းများကို ကြည့်မည်ဆိုပါကအများစုသည် စားကုန်၊ သောက်ကုန်ပစ္စည်းများဖြစ်သည်ကို တွေ့မြင်ရသဖြင့် အခြားဈေးကွက်ဝင်ထုတ်ကုန်များဖြစ်သည့် စက်မှုထုတ်ကုန်များ၊ လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင် အလုပ်လုပ်ပြီးထုတ်လုပ်ရသည့်ထုတ်ကုန်များရှိသကဲ့သို့ သဘာဝမှပေးထားသည်များနှင့်ထုတ်လုပ်၍ရသည့် ထုတ်ကုန်များလည်းရှိကြောင်း၊ ဥပမာအားဖြင့် သဘာဝအတိုင်းပေါက်ရောက်လျက်ရှိသည့် ဝါးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ များစွာထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများစွာရရှိစေနိုင်မည်ဖြစ်သဖြင့် သတိချပ်စေလိုကြောင်း၊စိုက်ပျိုးသီးနှံနှင့်ပတ်သက်၍ ဝါစိုက်ဧက ငါးသိန်းခန့်ရှိကြောင်း၊ ဝါကိုအခြေခံသည့်စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဝါသီးနှံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းသည့် သီးနှံတစ်ခုဖြစ်သဖြင့် အားပေးတိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝါနှင့်ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်သင့်ကြောင်း။

ပြည်ပမှ သွင်းကုန်များအစားထိုးရန်၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားငွေ ရှာဖွေနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းများရရှိရေးသည် အဓိကအရေးကြီးသဖြင့် ဒေသမှထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများ၊ စက်မောင်းဆီများနှင့် လျှပ်စစ်ဓာတ်အားများကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း၊ ငွေကြေးအရင်းအနှီးများလည်း ပြည့်စုံရန်လိုသကဲ့သို့ လူသားအရင်းအမြစ်ကောင်းများလည်း လုံလောက်စွာရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံအတွင်း MSME လုပ်ငန်းများကိုသွားရောက်အားပေးဆောင်ရွက်ခဲ့ရာတွင် လုပ်သားရှားပါးမှုနှင့်ပတ်သက်၍ တင်ပြမှုများရှိကြောင်း၊ သို့ဖြစ်၍ ၂၀၂၄ ခုနှစ်တွင် မိမိတို့နိုင်ငံ၌ရှိသည့်လူဦးရေအပေါ်တွင်အခြေခံသည် အလုပ်လုပ်နိုင်သည့်သူစာရင်းကိုတောင်းခံခဲ့ကြောင်း၊အချက်အလက်များအရ အလုပ်လုပ်နိုင်သည့်သူ(အသက် ၁၅ နှစ်အထက်မှ ၆၅ နှစ်အကြား)လူဦးရေခန့်မှန်းခြေအနေဖြင့် ၃၄ ဒသမ ၈၀၆ သန်းရှိကြောင်း၊ တစ်နည်းမဟုတ်တစ်နည်းဖြင့် အလုပ်လုပ်နေသည့်သူမှာ ၁၉ ဒသမ ၁၄၁ သန်းရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းအနေဖြင့် တစ်သန်းကျော်ရှိကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေသူ ၁ ဒသမ ၄ သိန်းရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ၌ အလုပ်သမားအဖြစ်မှတ်ပုံတင်၍အလုပ်လုပ်နေသူ ၁၇ ဒသမ ၁၃၀ သန်းရှိကြောင်း၊ လုပ်အားအင်အားများရှိနေသော်လည်းအကျိုးရှိရှိအသုံးချနိုင်ရန်လိုအပ်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အလုပ်လုပ်ကိုင်နိုင်မည့် ရေခံမြေခံကောင်းများ၊အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်နေသေး

**ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ပုစွန်စသည့် မွေးမြူရေးနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်၍ ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်များ တိုးတက်အောင်ဆောင်ရွက်သွားရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများကိုလည်း အားပေးဆောင်ရွက်သွားရန်လို၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်၍ ပြည်တွင်းဖူလုံမှုရှိပြီး ပြည်ပပို့ကုန်များ ပိုမိုရရှိအောင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ် . . .**

ကြောင်း၊ အလုပ်လုပ်နိုင်ရေးအတွက်လည်း ဖန်တီးပေးရန်လိုပြီး နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း တင်ပြနေသည်များကို ထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည့် အရင်းအနှီးများ၊ နည်းပညာများကိုဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အရေးကြီးသည်မှာ အမှန်တကယ်အလုပ်လုပ်ရန်ဖြစ်ကြောင်း။

ကမ္ဘာ့ဘဏ်အနေဖြင့် မိမိတို့နိုင်ငံတွင် ပဋိပက္ခများကြောင့် ကုန်ထုတ်လုပ်မှုများ ထိခိုက်၍အလုပ်မလုပ်နိုင်ခြင်း၊ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများထိခိုက်ရခြင်းစသည်တို့ကြောင့် GDP လျော့နည်းနိုင်သည်ဟု သုံးသပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်သဘာဝဘေးအလွန်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၌ စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဦးမော့လာစေရေး အတိုးနှုန်းသက်သာစွာဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးရေးသည်လည်းပါဝင်ကြောင်း၊မိမိတို့အနေဖြင့် ထိခိုက်ခဲ့ရသည့် နိုင်ငံ့စီးပွားပြန်လည်ကောင်းမွန်စေရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးတွင် ဆောင်ရွက်လိုသူများကို မြေတောင်မြှောက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေးနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စု၏ အရ အသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေများ၊ သဘာဝဘေးဒဏ်ကြောင့် အရေးပေါ်ရန်ပုံငွေသုံးစွဲခဲ့ရမှုအခြေအနေများနှင့်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ထောက်ပံ့ငွေများပေးအပ်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲထားရှိမှု၊ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှသုံးစွဲငွေနှင့် လက်ကျန်ငွေအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ခဲ့မှုနှင့် ထပ်မံထည့်ဝင်ခဲ့မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ပေးခဲ့မှုများကိုလည်းကောင်း၊စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင်

ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ထိ ပို့ကုန်သွင်းကုန်ပမာဏများနှင့် ဝင်ငွေထွက်ငွေများကို လေ့လာတွေ့ရှိရမှု၊ အိမ်နီးချင်းနိုင်ငံများ၏ ထုတ်လုပ်မှုနှင့် ပို့ကုန်ပမာဏများကို လေ့လာတွေ့ရှိရမှုများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍတွင် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ရေနံထွက်ပစ္စည်းများ တင်သွင်းမှုလျှော့ချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊အဆင့်မြင့်လောင်စာဆီများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရန်ဆောင်ရွက်လျက်ရှိမှုနှင့် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ခြင်း၏ အကျိုးကျေးဇူးများ၊ ဓာတ်မြေသြဇာများ တင်သွင်းမှုလျှော့ချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ စွမ်းအင်ကဏ္ဍတိုးတက်စေရန်အတွက် အခြေခံအချက်ကြီးများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ကော်မတီ၊ကော်မရှင်များဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊MSMEထုတ်ကုန်ပြပွဲများကျင်းပဆောင်ရွက်ခဲ့မှု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးသံနှင့်သံမဏိများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဘိလပ်မြေထုတ်လုပ်သည့် စက်ရုံများစွမ်းအား ပြည့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ မြန်မာ့ဆေးဝါးများ တိုးတက်ထုတ်လုပ်လျက်ရှိမှု၊ နိုင်ငံပိုင်စက်ရုံများ၏ ဘဏ္ဍာနှစ်အလိုက် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတော်၏စီးပွားရေးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အသီးသီး ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်တွင်းအဓိကလိုအပ်ချက်အများဆုံးရှိသည့်ဆေးများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊မိမိတို့အနေဖြင့် **MSME လုပ်ငန်းများ အားပေးဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကိုအဓိကထား၍ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရန်လို**ကြောင်း၊ **ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အဓိကထား၍ ပမာဏများများဖြင့် အရည်အသွေးကောင်းမွန်စွာထုတ်လုပ်ရောင်းချနိုင်ရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ ကောင်းမွန်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ကုန်ဈေးနှုန်းများကျဆင်းရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရေရှည်အတွက်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိသကဲ့သို့လတ်တလောဖြေရှင်းရန်လိုအပ်သည့်ကိစ္စရပ်များကိုလည်းဖြေရှင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အချိန်တိုကာလအတွင်း နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားရန် လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် အထွက်ကောင်းမျိုးများနှင့် အရည်အသွေးကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းဂျုံဖူလုံမှုရှိအောင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည်လည်း နိုင်ငံအတွက်လိုအပ်ချက်တစ်ခုဖြစ်သဖြင့် အရည်အသွေးပြည့်မီသည့် ပြောင်းကုန်ကြမ်းများထုတ်လုပ်၍ ပြည်တွင်း၌ ပြောင်းထွက်ကုန်ကုန်ချောများကို ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် မြန်မာဒူးရင်းနှင့် စိန်တလုံးသရက်ကဲ့သို့သော သီးနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ **ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များအလိုက်ခွဲ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက သီးနှံများအားတစ်နေရာတည်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများထုတ်လုပ်နိုင်မည်ဖြစ်**ကြောင်း၊ **မီးဖိုချောင်သုံးသီးနှံများဖြစ်သည့်ကြက်သွန်နီ၊ကြက်သွန်ဖြူ၊အာလူးနှင့် အခြားသီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဆိုပါက တောင်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း။

သုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အဓိကလိုအပ်သည့် သီးနှံများထုတ်လုပ်ရေးတွင် တိုးတက်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသကြက်မွေးမြူခြင်းလုပ်ငန်းသည်လည်း ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိပြီးဖြစ်သကဲ့သို့ လိုအပ်သည့် တိရစ္ဆာန်အစာများကိုလည်း ပြည်တွင်း၌လုံလောက်စွာရရှိနိုင်ကြောင်း၊ **ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ပုစွန်စသည့် မွေးမြူရေးနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်၍ ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်များတိုးတက်အောင်ဆောင်ရွက်သွားရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများကိုလည်း အားပေးဆောင်ရွက်သွားရန်လို**ကြောင်း၊ မိမိတို့အနေဖြင့် **စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်၍ ပြည်တွင်းဖူလုံမှုရှိပြီး ပြည်ပပို့ကုန်များပိုမိုရရှိအောင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုများပြုလုပ်ခြင်း၊ ဒေသအလိုက် တရားမဝင် သယံဇာတများထုတ်ယူခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် များစွာထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်းဖြင့်မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

| ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း | | | | |
|---|---|---|---|---|
| | | | | (ကျပ်ဘီလီယံ) |
| စဉ် | အကြောင်းအရာ | မူလခန့်မှန်းခြေ | ပြုပြင်ခန့်မှန်းခြေ | ယာယီအမှန် |
| ၁ | စုစုပေါင်းရငွေ | ၃၁,၇၉၃.၃၃၂ | ၃၅,၈၆၃.၆၉၆ | ၃၄,၅၅၃.၅၀၉ |
| | (က) သာမန် | ၂၈,၈၇၆.၆၆၁ | ၃၃,၁၅၂.၉၇၉ | ၃၃,၂၉၆.၈၂၀ |
| | (ခ) ငွေလုံးငွေရင်း | ၄၆၁.၇၅၅ | ၄၈၀.၉၆၉ | ၁၉၃.၇၂၈ |
| | (ဂ) ကြွေးမြီ | ၂,၄၅၄.၉၁၆ | ၂,၂၂၉.၇၄၈ | ၁,၀၆၂.၉၆၁ |
| ၂ | စုစုပေါင်းအသုံးစရိတ် | ၃၉,၆၇၂.၆၂၀ | ၄၂,၂၄၃.၅၆၉ | ၃၈,၈၆၂.၃၄၇ |
| | (က) သာမန် | ၃၁,၄၄၃.၃၆၆ | ၃၂,၉၁၈.၆၁၄ | ၃၁,၀၆၄.၄၃၆ |
| | (ခ) ငွေလုံးငွေရင်း | ၅,၈၁၁.၂၅၈ | ၇,၃၅၂.၃၃၆ | ၆,၆၁၈.၄၈၂ |
| | (ဂ) ကြွေးမြီ | ၂,၄၁၇.၉၉၆ | ၁,၉၇၂.၆၁၉ | ၁,၁၇၉.၄၂၉ |
| ၃ | ပိုငွေ(+)/လိုငွေ(-) | -၇,၈၇၉.၂၈၈ | -၆,၃၇၉.၈၇၃ | -၄,၃၀၈.၈၃၈ |
| ၄ | ဂျီဒီပီတန်ဖိုး | ၁၅၅,၅၄၃.၅၃၄ | ၁၅၅,၅၄၃.၅၃၄ | ၁၆၀,၆၅၄.၈၂၇ |
| ၅ | လိုငွေနှင့်ဂျီဒီပီအချိုး | ၅.၀၇% | ၄.၁၀% | ၂.၆၈% |

၅

# သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံထောက်ပံ့လှူဒါန်းခဲ့သော အမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၉၄ /၂၀၂၅
၁၃၈၇ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကား ပြန့်ပွားစေရန်အလို့ငှာ သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါအမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည် -

သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဒေါ်စုညွန့်ဦး | ဥတ္တရသီရိမြို့နယ် | နေပြည်တော် |
| ၂။ | ဒေါ်ခင်ဝင်းရီ | ဇမ္ဗူသီရိမြို့နယ် | နေပြည်တော် |
| ၃။ | ဒေါ်သီတာလွင် | ဇေယျာသီရိမြို့နယ် | နေပြည်တော် |
| ၄။ | ဒေါ်ခင်လေးမြင့် | သဃ်န်းကျွန်းမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ခင်ခင်မင်း | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |
| ၆။ | ဒေါက်တာနန္ဒာမွန်း | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |
| ၇။ | ဒေါ်ကြူကြူစိုး | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၉၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ဝါဆိုလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးများအား အောက်ဖော်ပြပါစွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့
ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | စောမြရာဇာလင်း | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ |
| ၂။ | နော်ကပေါ်ထူး | ဒုတိယဥက္ကဋ္ဌ | ကရင်အမျိုးသားအစည်းအရုံး၊ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| ၃။ | ဒေါက်တာဒေါ်ပို | ပါမောက္ခ/ ဌာနမှူး(ငြိမ်း) | ပညာရေးဝန်ကြီးဌာန |

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်
ရဲဗလတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဒေါ်တင်တင်ရီ | မြို့နယ်ပညာရေးမှူး | ပညာရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်နီလာဝင်း | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်စုလတ်ဖြူ | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ငြိမ်းငြိမ်းအိ | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ | ဒေါ်ခင်မိုးသန်း | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်သန်းညွန့် | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်သန်းသန်းနွဲ့ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်နန်းလှဝင်း | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်ရီရီထွေး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်ဇင်ဝေလွင် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁။ | မ-၆၅၃၆ | တပ်ကြပ်ကြီး/ သားဖွား ဟန်နီပြည့်ပြည့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်သက်ဟေမာမြတ် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်သင်းသင်းအေး | အငယ်တန်းစာရေး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၄။ | လ၂၇၀၁၅၅ | ရဲဒုတိယတပ်ကြပ်လက်ချီမီး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | အ-၁၂၆၉၀၅ | အကူသူနာပြုဒေါ်သီရိငွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | အ-၁၄၁၈၄၀ | တပ်သား/ရိပ်သာ(အစားခန့်) ဒေါ်သူဇာဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါ်တင်ဇာမိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဒေါ်နှင်းနှင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်ဝင့်ဝါစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်ငြိမ်းငြိမ်းအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်ဇင်မွန်ကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဒေါ်စိမ်းဝင့်ဝါမင်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဒေါ်မြယွန်းမို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်မြတ်နိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဒေါ်ထူးမွန်ဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဒေါ်စန်းစန်းဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဒေါ်မေသူဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ဒေါ်နန်းကေသီအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဒေါ်ညိုထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဒေါ်ကိုင်ထန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ဒေါ်သန္တာလင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်အေးအေးသူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်မြင့်မြင့်ငွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်ခေါင်နန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်သန္တာချို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်သင်းသီတာစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်ငွေးငွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | ဒေါ်ထားထားနွယ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | ဒေါ်ဝိုင်းစိန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်မနန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်အိဖြိုးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်စွဲစလီညာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မိုးမိုးဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါ်မိုးမိုးအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | ဒေါ်ခင်စန်းထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါ်ချစ်စုလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါ်မေဇင်ရှိုင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါ်အိအိသိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဒေါ်ချစ်စုဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဒေါ်ဇာခြည်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဒေါ်စိန်ကြည်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဒေါ်ပန်းအိဖြူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဒေါ်တင်တင်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဒေါ်ထွန်းနန္ဒာလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဒေါ်ခင်စန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၆။ | ဒေါ်ခိုင်သဇင်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဒေါ်လှလှထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဒေါ်ချယ်ရီမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဒေါ်အိဇင်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၀။ | ဒေါ်သိင်္ဂီထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၁။ | ဒေါ်ဘင်သရာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၂။ | ဒေါ်ညိုဝင်း | | တနင်္သာရီတိုင်းဒေသကြီး |
| ၆၃။ | ဒေါ်သီတာယုမွန် | | မန္တလေးတိုင်းဒေသကြီး |
| ၆၄။ | ဒေါ်နှင်းသီတာ | | ရန်ကုန်တိုင်းဒေသကြီး |
| ၆၅။ | ဒေါ်လီလီနိုင်စိုး(ခ) လီလီနိုင်ကျော် | | အနုပညာရှင် |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ် ရဲကျော်စွာတံဆိပ်

| | | |
|---|---|---|
| ၁။ ရဲအုပ် | နှင်းဝေငြိမ်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ရဲအုပ် | သင်းစုဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ

### စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါက်တာခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ ဒေါ်အေးအေးသိန်း | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

### စီမံထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ပါမောက္ခဒေါက်တာနုနုမေ | ပါမောက္ခ(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ ဒေါ်စန္ဒာမြင့် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃။ ဒေါ်မှုံရွှေရည် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄။ ဒေါက်တာလှလှဌေး | ဒုတိယဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ ဒေါက်တာရွှေစင်လှိုင် | ညွှန်ကြားရေးမှူး(ဓာတ်ခွဲ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်လင်းလင်းမာ | ဒုတိယညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၇။ ဒေါက်တာအေးသူအောင် | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ ဒေါက်တာအိအိခင် | ခရိုင်ကုသရေးဦးစီးဌာနမှူး/ ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ ဒေါက်တာကြူကြူနိုင် | အထူးကုဆရာဝန်ကြီး (ဓာတ်မှန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ ဒေါ်နန်းအိသန္တာချော | မြို့နယ်တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၁၁။ ဒေါ်ဇင်မင်းခိုင် | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၂။ ဒေါ်နွယ်နွယ်ဦး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၃။ ဒေါ်စောခင်ခင်ချို | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၄။ ဒေါ်ဖွားမြိုင် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၅။ ဒေါ်ခင်စောယုမော် | | မန္တလေးတိုင်းဒေသကြီး |

### လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်ခင်ချယ်ရီသက် | အားကစားမှူး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂။ ဒေါ်မာစီ | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃။ ဒေါ်ခင်မင်းဦး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄။ ဒေါ်ဖြူဖြူသင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၅။ ဒေါ်မြင့်မြင့်စိန် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်ဇာဇာဝင်း | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇။ ဒေါ်အိအိဖြိုး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈။ ဒေါ်စိုးမြတ်သူဇာ | | အနုပညာရှင် |
| ၉။ ဒေါ်မေသဉ္ဇာဦး(ခ) ဒေါ်သူဇာထွေး | | အနုပညာရှင် |

### လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါက်တာတင်ချိုချိုကို | ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ ဒေါ်ထက်ထက်အေး | လက်ထောက်ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃။ ဒေါ်နှင်းဝေဝေလွင် | အထက်တန်းပြ(ကာ/ယ) | ပညာရေးဝန်ကြီးဌာန |
| ၄။ လ၂၇၄၄၅၇ | ရဲတပ်ကြပ်ကြီး မေဟန်နီအောင်လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

### လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်သီဂီရဲထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | အလုပ်သမားဝန်ကြီးဌာန |
| ၂။ ပါမောက္ခဒေါက်တာ သန္တာဝင်းနွယ် | ပါမောက္ခ/ ဌာနမှူး (အရေးပေါ်ကုသမှု ဆေးပညာဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ ပါမောက္ခဒေါက်တာ သင်းသင်းဝင်း | ပါမောက္ခ (အရေးပေါ်ဆေးပညာ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ ပါမောက္ခဒေါက်တာမိုးနွယ် | ပါမောက္ခ (သားဖွားမီးယပ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ ပါမောက္ခဒေါက်တာချိုချိုဝင်း | ပါမောက္ခ(ကလေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်အေးအေးမော် | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇။ ဒေါ်နှင်းသန္တာအောင် | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၈။ ဒေါ်နော်ချောစု | ဒုတိယညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၉။ ဒေါ်စောရွှေ | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ ဒေါ်သိန်းသိန်းဦး | တိုင်းဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ ဒေါ်နီနီခိုင် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂။ ဒေါ်နန့်အေးအေးနွယ် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၃။ ဒေါက်တာ ခင်ထက်ထက်ထွန်း | အထူးကုဆရာဝန် (မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ ဒေါ်သီဂီအောင် | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅။ ဒေါ်ခင်မျိုးသန့် | ဒုတိယဦးစီးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၆။ ဒေါ်သဇင်ထွန်း | ဒုတိယဦးစီးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၇။ ဒေါ်သိန်းသန်းရီ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၈။ ဒေါ်ခင်မာအေး | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၉။ ဒေါ်မိုးမိုးစံ | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၀။ ဒေါ်မာမာအေး | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၁။ ဒေါ်သူဇာနွယ် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၂။ ဒေါ်တိုးတိုးသန်း | ကျန်းမာရေးမှူး(၂) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၃။ ဒေါ်ခိုင်နွဲ့ဇော် | အကြီးတန်းစာရေး | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂၄။ ဒေါ်ဇင်မို့မို့ကျော် | အထက်တန်းသူနာပြု | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၅။ ဒေါ်ယွန်းသီရိထွန်း | အကြီးတန်းစာရေး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၂၆။ ဒေါ်ဌေးဌေးမြင့် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၇။ ဒေါ်ဆွေဆွေမိုး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၈။ ဒေါ်မြမြမိုး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၉။ ဒေါ်စန္ဒာစိန် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃၀။ ဒေါ်ရွှေစင်ဝင်း | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃၁။ ဒေါ်ကျော့ကျော့ဆွေ | စက်မှုကျွမ်းကျင်(၄) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃၂။ ဒေါ်ဌေးနုဝါ | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၃။ ဒေါ်မူမူဝင်း | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၄။ ဒေါ်နွယ်နွယ်စိုး | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၅။ ဒေါ်အေးအေးမော် | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၆။ ဒေါ်ဖြိုးဖြိုးမြတ် | သန့်ရှင်းရေးအကူ | ပညာရေးဝန်ကြီးဌာန |
| ၃၇။ ဒေါ်သင်းသင်းကျော် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း |
| ၃၈။ ဒေါ်ဖြူဖြူမြင့် | သွေးအလှူရှင် | နေပြည်တော် |
| ၃၉။ ဒေါ်ဝင်းဌေး | ရပ်ကွက်အုပ်ချုပ်ရေးမှူး | တနင်္သာရီတိုင်းဒေသကြီး |
| ၄၀။ ဒေါ်သိမ့်သိမ့်လွင် | ရပ်ကွက်အုပ်ချုပ်ရေးမှူး | ပဲခူးတိုင်းဒေသကြီး |
| ၄၁။ ဒေါ်သန်းရှိန် | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး | မကွေးတိုင်းဒေသကြီး |
| ၄၂။ ဒေါ်စုစုဟန် | ရာအိမ်မှူး | မကွေးတိုင်းဒေသကြီး |
| ၄၃။ ဒေါ်ဖြိုးသန္တာအောင် | ရပ်ကွက်အုပ်ချုပ်ရေးမှူး | မန္တလေးတိုင်းဒေသကြီး |
| ၄၄။ ဒေါ်ညွှန့်ညွှန့်ဆွေ | ရာအိမ်မှူး | မန္တလေးတိုင်းဒေသကြီး |

## စီးပွားထူးချွန်တံဆိပ်များ

### လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်အယ်ဗလင်း | ဦးစီးအရာရှိ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

### ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်ဖူးငုံဝေ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂။ ဒေါက်တာမြတ်သီတာမြင့် | ဥက္ကဋ္ဌ | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |
| ၃။ ဒေါက်တာတိုးနန္ဒာတင် | အကြီးတန်းဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် |
| ၄။ ဒေါ်ကြွေကြွေဇင် | အကြံပေး | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |

## ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ

### အနုပညာထူးချွန်တံဆိပ် (ပထမဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်ဆွေဇင်ထိုက် | | အနုပညာရှင် |

### စာပေပညာထူးချွန်တံဆိပ် (ပထမဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်မြမြသန်း (ခ) မနှင်းဖွေး | | စာပေပညာရှင် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်စေတီ၌ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေမုဌောစေတီ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာအားပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟိယင်္ဂဏစေတီနှင့် လေးကျွန်းမာရ်အောင်စေတီတို့အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေသည့် အခြေအနေများ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ မဟာဇေတဝန်ကျောင်းတိုက်၊ ရှင်ပင်နန်းဦးကျောင်းတိုက်၊ လေးကျွန်းမြေအုဋ္ဌ်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ပေါင်းလည်ဘုရားနှင့် မဟာစည်းခုံကြီးစေတီတို့သို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပါရမီရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံ အပြိုအပျက်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် တာဝန်ရှိသူများနှင့်အတူ မန္တလေး အမရပူရမြို့နယ်ရှိ သမိုင်းဝင် အောင်မြေရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ ဂန္ဓကုဋိတိုက်အမိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများအား တပ်မတော်သားများနှင့်အဖွဲ့အစည်းအသီးသီးက အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက်တို့သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ဖြိုဖျက်ရန်ကျန်ရှိသောအဆောက်အအုံများကို အမြန်ဆုံးရှင်းလင်းဖယ်ရှား ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# "မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်"တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နှစ် ၁၀၀ ပြည့်မြောက်မည့် မန္တလေးတက္ကသိုလ်ကြီးအား ဂုဏ်ပြုသောအားဖြင့် "မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၄ရက် သောကြာနေ့ ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မန္တလေးမြို့မတူရိယာအသင်းကြီး၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် သန်းမြတ်စိုး၊ ဖိုးသောကြာ၊ အိအိချွန်၊ မစံပယ်တို့နှင့်အတူ မန္တလေး မြို့မတူရိယာအသင်းကြီး၏ ပင်တိုင်တေးသံရှင်များဖြစ်ကြသည့် ညီနေမင်း၊ အောင်မျိုးမြင့်၊ ကျော်ဌေးအောင်၊ စွမ်းရည်ထက်၊ ကျော်ဇင်၊ မြတ်နုသွေးနှင့် ပန်းအိန္ဒြေထက်(ပန်းလေး)တို့က ခေတ်အဆက်ဆက်ကျော်ကြားခဲ့သည့် မန္တလေး၏ ပုံရိပ်များကိုဖော်ကျူးထားသည့် မြို့မတေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။


"မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇူလိုင် ၆ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

❒ **နေရာကွက်၍ မိုးကြီးနိုင်မှုအဆက်**


ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၇-၂၀၂၅ ရက်နေ့မှ ၄-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

❍ မြန်မာအမျိုးသမီးအသင်းမှအဆက်

ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့် အနိုင်ဂိုး လိုအပ်နေသည့် မြန်မာအသင်းက ပိုမိုဖိအားပေးကစားခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်အသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ဒုတိယဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီးနောက် မြန်မာအသင်းက ခြေပဂိုးရရှိရေး ဆက်လက်ကြိုးပမ်းခဲ့ရာ ဝင်းဝင်းက မြန်မာအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ဘင်္ဂလားဒေ့ရှ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် တာ့ခ်မင်နစ္စတန်အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ခြေစစ်ပွဲအောင်မြင်ရန်အတွက် အခွင့်အရေးနည်းခဲ့ပြီး နောက်ဆုံးပွဲစဉ်တွင် တာ့ခ်မင်နစ္စတန်အသင်းနှင့်ဘင်္ဂလားဒေ့ရှ်အသင်းတို့ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇူလိုင် ၄ ရက်တွင် ဘာရိန်းအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။ STA

| | |
|---|---|
| ၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်<br>ဓာတ်သတ္တု(ရွှေ)<br>ရည်ညွှန်းဈေး(Market Rate) | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ<br>တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။<br>ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**




**ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၆)ရက် (တနင်္ဂနွေနေ့)

WORLD RURAL DEVELOPMENT DAY 6 JULY

**“Empower Rural Community – transform our world together”**

**“တို့ကမ္ဘာမြေတိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့”**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉–၃၄၉၀၃၅၅၃၄၊ ၀၉–၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉–၃၄၉၀၁၅၈၄၇၊ ၀၉–၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈–၂၀၂၄၅၃၀၊ ၀၅၈–၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀–၂၀၂၂၃၆၈၊ ၀၇၀–၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉–၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁–၂၀၃၂၀၉၁၊ ၀၇၁–၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉–၂၀၂၄၀၃၇၊ ၀၅၉–၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂–၂၂၀၁၉၃၉၊ ၀၅၂–၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃–၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂–၄၀၂၁၂၄၅၊ ၀၂–၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇–၂၀၂၇၉၃၅၊ ၀၅၇–၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉–၂၅၅၀၀၂၅၁၇၊ ၀၉–၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁–၈၃၀၀၀၁၆၊ ၀၁–၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁–၂၁၂၄၅၄၀၊ ၀၈၁–၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂–၂၀၂၅၉၉၃၊ ၀၄၂–၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များဖြင့် ပစ်ခတ်၍ အချုပ်တရားခံအားခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံကို လက်နက်ခဲယမ်းများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိ



ရဲတပ်ဖွဲ့ဝင်များကို လက်နက်ငယ်များဖြင့် ပစ်ခတ်၍ အချုပ်တရားခံအားခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံကို လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်း၌ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)ဖြင့် ဖမ်းဆီးထားသည့် အချုပ်တရားခံ ဇွန်ပွင့်လှိုင် ၃၀ နှစ် (ဘ) ဦးလှမင်းအား ရဲတပ်ဖွဲ့မှ လုံခြုံရေးတာဝန်ရှိသူများက ဇူလိုင် ၁ ရက် ညပိုင်းတွင် ကျောက်ကပ်ရောဂါ အရေးပေါ်ကုသရန် အမှတ်(၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ သပြေအထူးကုဆေးခန်းသို့ ပို့ဆောင်ပေးပြီးအပြန် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ Ocean Center သို့ ဝင်ရောက်ဆေးဝယ်ကာ ပြန်ထွက်လာစဉ် ကားပါကင်အနီးသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စောင့်ကြိုပစ်ခတ်ခဲ့ရာ ဆေးခန်းသို့လိုက်ပါပို့ဆောင်သည့် ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ကျည်များထိမှန်၍ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး အချုပ်တရားခံ ဇွန်ပွင့်လှိုင်အား ခေါ်ဆောင်ထွက်ပြေးသွားကြောင်း သိရှိရသည်။

အဆိုပါ အချုပ်တရားခံနှင့် ခေါ်ဆောင်ထွက်ပြေးသွားသူများအား အမြန်ဆုံးပြန်လည် ဖမ်းဆီးရမိနိုင်ရေးအတွက် ပိတ်ဆို့ရှာဖွေမှုများပြုလုပ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ခြောက်လမ်းသွားလမ်းဆုံနေရာ၌ ဇွန်ပွင့်လှိုင်အပါအဝင် ရဲလုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဘားအံမြို့နယ် တောင်ဝိုင်းကျေးရွာနေ ချစ်ဇင်လင်း(ခ)စောအယ်ထူး ၃၈ နှစ် (ဘ)ဦးစိန်မင်းနှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်(၁၃)ရပ်ကွက်နေ သီဟသူ ၂၃ နှစ် (ဘ)ဦးဘိုဘိုသူတို့ကိုလည်းကောင်း၊ စစ်ပင်ကွင်းကျေးရွာအနီး သန်လျင်-သုံးခွကားလမ်းရှိ စစ်ပင်ကွင်းကားမှတ်တိုင်၌ ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာနေ သုခပြည့်စုံ(ခ) ဖိုးခွား ၂၀ နှစ် (ဘ)ဦးနေထွန်း၊ လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက်နေ သူရဝင်း ၃၅ နှစ် (ဘ)ဦးသန်းဇော်နှင့် မုံရွာမြို့နယ် မြို့သစ်ရပ်ကွက်နေ အောင်စန်းမိုး(ခ) ပေါင်မုန့် ၂၂ နှစ် (ဘ) ဦးမိုးသီးတို့ကိုလည်းကောင်း ပစ္စတိုနှစ်လက်၊ ကျည်မျိုးစုံ ၄၃ တောင့်၊ ကျည်အိမ်သုံးခု၊ လက်ပစ်ဗုံးလေးလုံးတို့နှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အချုပ်တရားခံ ဇွန်ပွင့်လှိုင်အပါအဝင် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် PDF အမည်ခံ အကြမ်းဖက်သမား ခြောက်ဦးကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



အချုပ်တရားခံ
ဇွန်ပွင့်လှိုင်



ပစ်ခတ်ရာတွင်ပါဝင်ခဲ့သူ တရားခံ
ချစ်ဇင်လင်း(ခ) စောအယ်ထူး



ပစ်ခတ်ရာတွင်ပါဝင်ခဲ့သူ တရားခံ
သီဟသူ



ပစ်ခတ်ရာတွင်ပါဝင်ခဲ့သူ တရားခံ
သုခပြည့်စုံ(ခ) ဖိုးခွား



ပစ်ခတ်ရာတွင်ပါဝင်ခဲ့သူ တရားခံ
သူရဝင်း



ပစ်ခတ်ရာတွင်ပါဝင်ခဲ့သူ တရားခံ
အောင်စန်းမိုး(ခ) ပေါင်မုန့်

# ပုံနှိပ်ခြင်း၊ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၆ ရက်က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၇-၂-၂၀၂၅ ရက်မှ ၆-၆-၂၀၂၅ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၃၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း တစ်ဦး စုစုပေါင်းဦးရေ ၄၀ ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၄၇ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၁ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၆၅၇ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Myat Noe Thu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ကျန်စစ်သားရပ်ကွက်နေ ဟသ်ာမြင့်(ခ)မြတ်နိုးသူအား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ “Soe Win Zaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၁၈)ရပ်ကွက်နေ စိုးဝင်းဇော်(ခ) ကောင်လေး(ခ) ဗိုလ်ဇော်အား ည ၆ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ် တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းမှု သို့မဟုတ် ရုတ်တရက်ရာသီဥတုဆိုးရွားမှုကြောင့် ဆက်သွယ်မှုပြတ်တောက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် ဇူလိုင် ၁ ရက် ညပိုင်း၌ ညအချိန် ခရီးဝေးလေ့ကျင့်ပျံသန်းဆောင်ရွက်စဉ် နေပြည်တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၃၀ အကွာ၌ ရုတ်တရက် ရေဒါမြင်ကွင်းမှပျောက်ကွယ်၍ ဆက်သွယ်မှုပြတ်တောက်လျက်ရှိသည်။

တာဝန်ရှိသူများ၏ ပဏာမစစ်ဆေးချက်အရ စက်ချွတ်ယွင်းမှု သို့မဟုတ် ရုတ်တရက်ရာသီဥတုဆိုးရွားမှုများကြောင့် ဖြစ်နိုင်ကြောင်းသိရှိရပြီး ဆက်သွယ်မှုပြတ်တောက်ရာနေရာတစ်ဝိုက်သို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်နိုင်ရေး ရာသီဥတုဆိုးရွားလျက်ရှိသော်လည်း သက်ဆိုင်ရာမှ စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၈၄ | MANDALAY DA ZHONG COMPANY LIMITED. | Mr. MA RONGFU | Nanage/4-74, 41x42 STR, 62x63 STR, Maharmyaing 2 QTR, Maharaungyay Township, Mandalay | E92386267 |
| ၈၅ | MANDALAY LONGYEAR SHOES COMPANY LIMITED. | Mr. Fu KunYuan | Factory Zone, Phase 1A, Block (A), Plot No. F-D1-4, Myotha Industrial Park, Ngazun Township, Mandalay | ED2724508 |
| | | Mr. OU QIANG | | E46527224 |
| | | Mr. ROGER BOPPART | | X3801140 |
| | | Mr. ZHANG ZAIJUN | | EE2038373 |
| ၈၆ | MAW BEAUTIFUL LAND CO.,LTD. | U Aung Aung Htwe | No. (1/C), Pyilhtung Su Street, Mineyu (105) Mile, Muse Township, Shan (North) | 9/MAYATA(N)001885 |
| | | U Min Zaw Thein | | 12/YAKANA(N)073640 |
| ၈၇ | MAY TRADING YANGON COMPANY LIMITED. | U Aung Naing Soe | No. (209), First Floor, 39th Street, Middle Block, Kyauktada Township, Yangon | 12/DAGATA(N)122765 |
| | | U Hla Win | | 12/DAGATA(N)132028 |
| | | U Tin Win | | 12/DAGATA(N)132025 |
| ၈၈ | MEGA A 99 COMPANY LIMITED. | U Aye Tun | No. 163, 3rd Floor, 101 Street, Phot Myay Quarter,Mingalar Taung Nyunt Township, Yangon | 12/THAGAKA(N)160231 |
| | | U Kaung Myat Tun | | 12/MAGATA(N)104391 |
| | | U Kaung Set Tun | | 12/MAGATA(N)104392 |
| ၈၉ | MOE HAN OO TRADING CO.,LTD. | Daw May Myint Khine | Dhamar Yong (1) Street, No.90-A (13) Quarter, Yankin Township, Yangon | 12/TAMANA(N)105609 |
| | | U Aung Myint@ Mohamed Mustafa | | 12/TAMANA(N)012373 |
| ၉၀ | MOE MYINT YAN COMPANY LIMITED. | Daw War War Tun | Thiri Myaing (3) Street, No.(6-A),Ground Floor, No.(13) Quarter, Hlaing Township,, Yangon | 8/YANAKHA(N)077576 |
| | | Naw Roser | | 13/THAPANA(N)039433 |
| | | U A Druck | | 2/DAMANA(N)008556 |
| | | U Moe Myint | | 12/LAMANA(N)136293 |
| ၉၁ | MOUNT VEBHARA TRADING COMPANY LIMITED. | Daw Thida Aye | Building 239, Room No.3, Sein Pan Myaing Street, 25-Ward, Thuwunna, Thingangyun T/S, Yangon | 12/Tha Ga Ka (N)083018 |
| | | Daw Yin Yin Win | | 12/Ta Ta Na (N)223184 |
| ၉၂ | MPTK COMPANY LIMITED. | MR. PHAKORN KOSONSITTIWIT | No.6(3B), 149 TH Street, Pyar Yay Goe Quarter, Tamwe Township, Yangon | AA 8766410 |
| | | MR. THANAKRIT KOSONSITTIWIT | | AA 7556400 |
| ၉၃ | MTS MYANMAR 2018 COMPANY LIMITED. | Daw Nan Mel Thwe Sein | West Hinthar Gone,, Block No, (42), (4) Quarter, Hpa An Township,, Kayin State | 3/BAAHNA(N)229233 |
| | | Nan Thuzar Win | | 3/MAWATA(N)088051 |
| | | Saw Khin Kyaw Oo | | 3/BAAHNA(N)219772 |
| ၉၄ | MUSE KO KANG CO., LTD. | Daw Khwar Nyo Aye | No.12, Swan Saw(4) Street, Swan Saw Quarter, Muse Township, Shan State | 13/LAYANA(N)005723 |
| | | Daw Hla Hla Aye | | 13/LAYANA(N)085165 |
| | | U Maung Win | | 13/LAYANA(N)124880 |
| | | U Nay Myo Naing | | 12/MAYAKA(N)162053 |
| | | U Soe Tint | | 13/LAYANA (N) 072430 |
| | | U Yann Khite Chan | | 13/KALATA (N)017253 |
| | | U Yann Laung;Sann | | 13/KALATA(N)017825 |
| | | Yan May Kyu @ Hnin Pwint Soe | | 13/LAYANA (N) 088431 |
| ၉၅ | MYA NAN SHWE YE KYAW COMPANY LIMITED. | Kyaw Win | No.(3032), MoeMakha Street, Yarza Thingaha Quarter, Ottara Thiri Township, Naypyitaw | 12/LAKANA(N)171843 |
| | | May Mie Kyaw | | 12/SAKHANA(N)069811 |
| | | Moh Moh Kyin | | 13/PATAYA(N)002884 |
| | | Yin Yin Kyaw | | 13/KALANA (N) 062611 |
| ၉၆ | MYANMAR ASIA EXPRESS TRADING CO., LTD. | Daw Ei Ei Shwe | Mya Wut Yi 5TH Street, No.12/A, Parami Yeikthar 9TH Quarter, Mayangone Township, Yangon | 12/MABANA(N)085504 |
| | | Daw Thi Thi Aye | | 10/BALANA(N)057589 |
| | | U Win Naing | | 12/MABANA(N)076949 |
| ၉၇ | MYANMAR BALAJI COMPANY LIMITED. | U Kay Zin Soe | No.182,4th Street, Ward No.93, Dagon (Seikkan) Township, Yangon | 14/Ah Ga Pa (N) 221114 |
| | | Daw Thin Thin Naing | | 7/Da Ou Na (N) 001412 |
| ၉၈ | MYANMAR BIMETAL COMPANY LIMITED. | Myo Min Oo | Thazin (1) Street, No. (751) (15)Ward, Dagon Myothit(East) Township, Yangon | 12/THAGAKA(N)190655 |
| ၉၉ | MYANMAR CULLET COMPANY LIMITED. | Aung Aye Htut | Golden City Business Center,C1,Zone C,1ST Floor Yankin Township, Yangon | 566013783 |
| | | Ei Shwe Sin | | 9/MAYAMA(N)013829 |
| | | Kyaw Kyaw Sein | | 13/LAYANA(N)000447 |
| | | Kyaw Min Oo | | 1/BAMANA (N)049363 |
| | | Ni Aung Khaing Myint | | 9/MAYATA(N)000178 |
| | | Tun Tun | | 9/MAYATA(N)108273 |
| | | Tun Win | | 9/MAYAMA(N)053811 |
| | | Zaw Win | | 13/TAKANA(N)003097 |
| ၁၀၀ | MYANMAR HAI LI AIR COMPANY LIMITED. | U Phyo Aung | Shwe Taung Tan Street, No.129 Lanmadaw Township, Yangon | 9/Makana(N)128856 |
| | | U Pyae Phyo Oo | | 14/AHGAPA(N)241234 |
| ၁၀၁ | MYANMAR HONG YE IMPORT AND EXPORT TRADING COMPANY LIMITED. | CHU JIANPING | Myaungtagar Industry Zone, No.82 HMAWBI, Yangon | EG6615891 |
| | | Khin Mar Cho | | 12/AHSANA(N)115558 |
| ၁၀၂ | MYANMAR MINGXINPACKING MATERIAL COMPANY LIMITED. | Moe Moe Aye | Block 1036 A, Hta Min Soape Gone Kwin, No.2/Ga Gyi& No.41/Ga Gyi,Pike Gyi Well Village Group, Hlegu Township, Yangon | 13/LAYANA(N)185028 |
| | | Zhao Shougong | | E42282105 |

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှအဆက်

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၁၀၃ | MYANMAR RECYCLES COMPANY LIMITED. | HENRY CLEEVE COX<br>KEVIN MICHAEL MURPHY<br>ZHIPU DIANA WU | U Aung Kane Street, No.91/C3 Bahan Township, Yangon Plot 16, Myaungdaga Industrial Zone Hmawbi, Yangon Plot 16, Myaungdaga Industrial Zone Hmawbi, Yangon | E4119572<br>530457134<br>530986676 |
| ၁၀၄ | MYANMAR YADANAR JASMINE COMPANY LIMITED. | U Chit Khaing<br>U Kyaw Soe | No.(272), Ponnya Street,, Yat Kwet Gyi (2), (45) Ward, Pyin Oo Lwin Township, Mandalay | 9/PAOULA(N)056003<br>9/TATAOU(N)110296 |
| ၁၀၅ | MYANMAR YES COMPANY LIMITED. | | | |
| ၁၀၆ | MYANMAR YI YUCHENG RENEWABLE RESOURCES TECHNOLOGY CO., LTD. | Khin Moe Myint<br>Li, Sone | Mya Taung Win Gyee Oo Hmo Street, Warehouse No394 Shwe Lin Ban Industrial Zone, Hlaing Thar Yar Township, Yangon | 13/YASANA(N)002867<br>EC1797684 |
| ၁၀၇ | MYANMAR YULIN CO., LTD. | LI ZUOLONG<br>TANG JIANMING<br>ZHU YONGKANG | Kyi Su Industrial Zone, Plot No. (C-10), Myay Taing Block No. (175) Dagon Myo Thit (Seikkan), Yangon | EE6260940<br>E72646953<br>E96389537 |
| ၁၀၈ | MYAT HTET THU COMPANY LIMITED. | Daw Ei July<br>U Soe That | Thayet Taw (4) Street, No.(69) Thayet Taw (South) Ward, Kyeemyindaing Township, Yangon | 6/LALANA(N)074744<br>6/LALANA(N)063803 |
| ၁၀၉ | MYAT KYAW KYAW COMPANY LIMITED. | U Kyaw Than | No.1/133, Sepin Street, Taung Thar Quarter, Pyinmana Township,, Naypyitaw | 9/PAMANA(N)088116 |
| ၁၁၀ | MYAWADDY WHITE ELEPHANT COMPANY LIMITED. | Daw Hay Mar Phyo<br>Daw Phyo Thet Kyaw | Padauk Street,, No.(3) Quarter, Myawaddy Township, Kayin | 6/KATHANA(N)043591<br>12/OUKATA(N)166073 |
| ၁၁၁ | MYSICO CONSTRUCTION & TRADING COMPANY LIMITED. | U Saw Rock Son | No(146/L1), Pyay Road Mayangon Township, Yangon Yanshin Road,, Building (24), Room 34, Shwe Ohn Pin Housing (Yankin Palm Village (2)), Yankin Township,, Yangon | 12/MABANA(N)083355 |
| ၁၁၂ | N H O COMPANY LIMITED. | U Khin Htwe<br>U Khin Maung Latt<br>U Myo Htet Oo<br>U Shwe Win | Maharbandula Road , Between-30 x 29 Street,, No.491, 6-Ward, Pabedan Township, Yangon | 12/THAKATA(N)116441<br>12/PABATA(N)026253<br>12/PABATA(N)032566<br>12/PABATA(N)021705 |
| ၁၁၃ | N.Y.K GLOBAL DIAMOND CROWN COMPANY LIMTIED. | Daw Khin Sabei Aye @ Khatizar Bi Bi<br>U Tin Soe<br>U Wai Yan Soe | 54th Street, No.(17), 1st Floor Ward No.(2), Pazundaung Township, Yangon | 12/PAZATA(N)004829<br>12/PAZATA(N)000451<br>12/PAZATA(N)035743 |
| ၁၁၄ | NAN WAI WAI AUNG TRADING COMPANY LIMITED. | Daw Khin Nan Wai<br>U Htein Win<br>U Lian Sian Mung | No.(5), Oo Phee Street, Sanchaung (South) Quarter, Sanchaung Township, Yangon | 14/MAAHPA(N)203071<br>12/KAMAYA(N)036993<br>5/TAHSANA(N)097239 |
| ၁၁၅ | NATRON (MYANMAR) TRADING COMPANY LIMITED. | Daw Bout Jar.<br>U Tin Ko Oo | Thumingalar Road, Between Parami Road & Thitsar Road, No.(993), south Okkalapa Township, Yangon | 13/TAKANA(N)147499<br>8/PAMANA(N)002597 |
| ၁၁၆ | NEW FUTURE STAR COMPANY LIMITED. | Daw Nan Aye Cho | LA/AH(54), Taung Ni Kwae Street, Pait Swel Quarter, Moegoke Township, Mandalay | 13/MANGANA(N)006497 |
| ၁၁၇ | NGWE THEE INTERNATIONAL COMPANY LIMITED. | Daw Aye Thandar Khaing<br>U Win Thu | Ayar (18) Street, No(819), (NYA) Ward, North Okkalapa Township, Yangon | 12/OUKAMA(N)150079<br>12/OUKAMA(N)150284 |
| ၁၁၈ | NILAR YAUNG CHI COMPANY LIMITED. | U Maung Maung | No(158), (3) Street, (15)Ward, South Okkalapa Township, Yangon | 11/SATANA(N)119513 |
| ၁၁၉ | NYI MIN KHANT TRADING CO.,LTD. | U Aung Ko Latt @ Monarmed Usus<br>U Hein Htet Aung | 4th Street, No(94), Zaing North Quarter, Bago | 7/PAKHANA(N)002169<br>7/PAKHANa(N)378345 |
| ၁၂၀ | NYI NAUNG OO MWD COMPANY LTD. | U Saw Nyi Nyi<br>U Saw Than Naing Tun<br>U Aung Kyaw<br>U Naing Tun | ASIA Main Road, No. (A), Myawaddy Economic Zone, Myawaddy Township, Kayin State | 3/MAWATA(N)057515<br>3/MAWATA(N)057514<br>13/PHAKHANA(N)081567<br>9/MAKANA(N)072612 |
| ၁၂၁ | OSS ENGINEERING COMPANY LIMITED. | Daw Naw Nyar Moo | Pyaynawaday Street, 1/36 No.96, Shwe-pyithar Township, Yangon | 7/KATAKHA(N)076959 |
| ၁၂၂ | PA DA MYARR NYI NAUNG COMPANY LIMITED. | U Ye Min Zin<br>U Kaung Myat Kyaw<br>U Khin Maung Win<br>U Soe Min Lwin<br>U Min Ko<br>U Aung Naing Oo<br>U Lin Bin Hu @ Win Naing | No. 106, Myothit, Asia Main Road, Thin Gan Nyi Naung, Myawaddi Township, Kayin State | 8/PAKHAKA(N)208046<br>9/MAKHANA(N)149234<br>3/MAWATA(N)024223<br>3/BAAHNA(N)313829<br>8/PAMANA(N)107574<br>12/MAWATA(N)041138<br>12/LATHANA(N)000309 |

(ဆက်လက်ဖော်ပြပါမည်)

## ဝတ္ထုတိုကလျာ

# မှိုခို

### ခင်ဇော်(သီတာကုန်းပြင်)



(၁)

ကျွန်တော် ရွာကို ပြန်ဖို့အတွက် ရန်ကုန်-လှိုင်သာယာအဝေးပြေးကားဝင်းထဲကိုရောက်တော့ မနက်ခြောက်နာရီခွဲပဲရှိသေးတယ်။ စီးရမဲ့ကားက ရန်ကုန်-မြန်အောင်ကိုပြေးဆွဲနေတဲ့ "ရွှေဝါဖူး"ကား။ ဒီကားက ပုသိမ်-မုံရွာလမ်းမကြီးအတိုင်း ကျွန်တော်နေတဲ့ရွာကိုဖြတ်ပြီးတော့မှ ကွင်းကောက်၊ မြန်အောင်ထိဆက်သွားရတာ။ ဒါ့ကြောင့်မို့ ရွာကို တစ်ခါထဲရောက်နိုင်တဲ့ ဒီကားကိုစီးတာပါ။ ရွှေဝါဖူးကားက နေ့စဉ်ရန်ကုန်နဲ့မြန်အောင်ကို အသွားအပြန် နှစ်စီးရှိတယ်။ ရန်ကုန်ကနေထွက်တဲ့ ပထမတစ်စီးက မနက် ၈ နာရီနဲ့နောက်တစ်စီးက မနက် ၁၁ နာရီထွက်တာပါ။

အချို့ခရီးသွားတွေကလဲ ကျွန်တော့်လိုပဲ ရွာကိုပြန်ဖို့၊ မြို့ကိုပြန်ဖို့အတွက် အထုပ်အပိုးကိုယ်စီနဲ့ကားတက္ကစီပေါ်မှ ဆိုင်ကယ်တက္ကစီပေါ်မှ အသီးသီးအဝေးပြေးကားဝင်းထဲဝင်ရောက်လာကြတယ်။ ထုံးစံအတိုင်းဆိုင်ရာကားဂိတ်အသီးသီးက ကားစပယ်ယာတွေကလဲ မိမိတို့သွားမဲ့မြို့တွေကို ခရီးသည်အော်ခေါ်ပြီးစုကြတယ်ပေ့ါ။

ကျွန်တော်စီးရမဲ့ကားက မနက် ၈ နာရီမှစထွက်မှာမို့ အချိန်ရသေးတာနဲ့ မနက်စာအဆာပြေစားဖို့အတွက် ဆိုင်တစ်ခုလိုက်ရှာမိတယ်။ အဝေးပြေးကားဝင်းထဲ ကျွန်တော်ရောက်လာတဲ့အချိန်ဟာ စောသေးတာမို့ အချို့ဆိုင်တွေဖွင့်ကြဖို့အတွက် ပြင်ကြဆင်ကြတုန်းပဲ။ အချို့ဆိုင်တွေမှာတော့ လက်ဖက်ရည်သောက်သူ၊ ထမင်းကြော်စားသူတွေနဲ့ အနည်းငယ်စည်စပြုနေတာကိုတွေ့ရတယ်။ ဆိုင်အဝင်ကနေ ရနိုင်တဲ့မနက်စာတွေကို သနပ်ခါးအဖွေးသားနဲ့ဆိုင်ဝန်ထမ်းလူငယ်လေးတွေက တစ်စာစာဟစ်အော်ကာ သူတို့ရဲ့တစ်နေ့တာအချိန်ဇယားကို စတင်လည်ပတ်နေကြပြီ။

အချို့အမျိုးသမီးတွေက ရေသန့်ဘူး၊ ကွမ်းယာ၊ ဆေးလိပ်၊ အချဉ်ထုပ်တွေ၊ သစ်သီးတွေကို မနိုင်တစ်နိုင် ခေါင်းမှာရွက်လျက်၊ လက်မှာဆွဲလျက်နဲ့လွယ်အိတ်ကိုယ်စီလွယ်ကာ ဝမ်းရေးအတွက်ဈေးတွေစရောင်းနေကြလေရဲ့။ ပလက်ဖောင်းဘေးမှာကပ်ပြီးရောင်းတဲ့ဝက်သားတုတ်ထိုးနဲ့ အသုပ်မုန့်ဟင်းခါးရောင်းတဲ့ဆိုင်လေး လေးဆိုင်လောက်တော့ရောက်နှင့်နေကြပြီ။ ဒီလိုနဲ့ ဝက်သားတုတ်ထိုးနဲ့ အသုတ်စုံရောင်းတဲ့အစွန်ဆုံးက ဆိုင်လေးမှာစားမယ်လို့ စိတ်ကူးလိုက်တယ်။

(၂)

ဆိုင်လေးမှာ ကျွန်တော်ထိုင်ဖို့ ထိုင်ခုံက အဆင်သင့်မဖြစ်သေးဘူး။ ကျွန်တော်ရောက်မှ ဈေးသည်အစ်မက တုတ်ထိုးအတွက်မီးမွှေးနေရင်း မအားတဲ့ကြားက ထိုင်ခုံချပေးဖို့လုပ်တယ်။ ကျွန်တော်က "ရပါတယ်အစ်မ လုပ်စရာရှိတာသာလုပ်ပါ။ ကျွန်တော်ထိုင်ခုံယူပြီးထိုင်လိုက်ပ့ါမယ်။ သူစိမ်းတွေမှမဟုတ်တာအမျိုးတွေပဲမလား"ဆိုပြီးပြောတော့ မနက်စောစော ဈေးအချိန်မီရောင်းနိုင်ဖို့အတွက် ပြင်ဆင်ခင်းကျင်းနေရလို့ ချွေးသံတရွှဲရွှဲဖြစ်နေတဲ့ ဈေးသည်အစ်မရဲ့မျက်နှာဟာ အနည်းငယ်ပြုံးရောင်လေးသန်းသွားတယ်။

ကျွန်တော်လဲဆိုင်ဘေးမှာ ကပ်ထားတဲ့ဖိုက်ဘာထိုင်ခုံအပုလေးတွေကိုတစ်လုံးချင်းယူပြီး အသုပ်ဆိုင်လေးရဲ့ရှေ့မှာ နေရာတကျချလိုက်ပြီးမှ ထိုင်လိုက်တယ်။ သစ်သားစားပွဲခုံလေးနှစ်လုံးရယ် အမိုးအတွက် ထီးကြီးတစ်ချောင်းရယ်စားသုံးသူထိုင်ဖို့ ထိုင်ခုံကလေး ငါးလုံးရယ်နဲ့ဆိုင်ကလေး၏အပြင်အဆင်က ဤမျှသာ။ မီးမွှေးပြီးလို့ ဈေးရောင်းချဖို့အတွက် ပြင်ဆင်လုပ်ကိုင်နေတဲ့ ဈေးသည်အစ်မရဲ့ဘေး၌ သုံးနှစ်သားအရွယ် ကလေးတစ်ယောက်က နှစ်ထပ်ခေါက်၍ခင်းထားတဲ့ ခပ်နွမ်းနွမ်းပိုက်ဖျာလေးပေါ်မှာ ပုဆိုးကလေးခြုံလို့ ကွေးကွေးကလေးအိပ်နေရှာတာကိုတွေ့ရတယ်။

"အစ်မက ရန်ကုန်ဇာတိပဲလား"လို့ ကျွန်တော်ကမေးတော့ ပန်းကန်တွေပြင်ဆင်နေရင်းနဲ့ ဖြေတယ်။

"မော်ကျွန်းကပါ"တဲ့။

ဈေးသည်အစ်မထံက စကားကိုကြားတော့ ကျွန်တော်က-

"ဘယ်နှယ့်လဲ ကျွန်တော်အစက အမျိုးတွေလို့မပြောဘူးလား။ ကျွန်တော်လဲ ရောဝတီ ရေကြည်ကပဲ"လို့ပြောတော့ ဆိုင်ရှင်အစ်မက ဒုတိယအကြိမ်ပြုံးလိုက်ပြန်တယ်။

ပြီးတော့ ကျွန်တော်ထံ အသုပ်တစ်ပွဲကမ်းပေးတယ်။ ထို့နောက် ဓာတ်ဘူးတစ်လုံးနဲ့ ရေနွေးပန်းကန်ချပေးတယ်။ အငွေ့တထောင်းထောင်းနဲ့ ပူနွေးစပြုနေပြီဖြစ်တဲ့ ဝက်သားတုတ်ထိုးအိုးထဲက ဟင်းရည်တစ်ပန်းကန်ကိုခပ်ပြီးပေးတယ်။ ဒီအချိန်မှာတော့အဝေးပြေးကားဝန်းထဲမှာလူသံ၊ကားသံတွေနဲ့ဆူညံစပြုလာပါပြီ။

(၃)

"မနက်အစောကြီး မိခက်တို့ကတော့ ဈေးဦးပေါက်နေပြီ အားကျတယ်ဟေ့။ တို့ကတော့ ဒီနေ့ကံမကောင်းဘူးတော့။ အိမ်ကစထွက်ကတည်းက ဆိုင်ကယ်ဘီးပေါက်တာဟေ့"

ဈေးရောင်းဖို့အတွက် ထိုင်ခုံစားပွဲတွေကိုနေရာချရင်း ကျွန်တော်တို့ဘက်ကို လှည့်ပြီးပြောနေတဲ့ ဘေးနားကအသုပ်ဆိုင်အဒေါ်ကြီးထံမှကြားရတဲ့စကားကြောင့် ကျွန်တော်ထိုင်နေတဲ့ဈေးသည်အစ်မရဲ့အမည်မှာ မိခက်ဖြစ်ကြောင်း သိရတယ်။ ကျွန်တော်လဲ နှစ်ခြိုက်စွာအိပ်နေရှာတဲ့ကလေးဘက်ကိုကြည့်ရင်း နှုတ်ကမေးမိပြန်တယ်။

"ဘေးကအိပ်နေတာ အစ်မကလေးလား"

ဈေးသည်အစ်မက ဆေးကြောပြီးပန်းကန်တွေကို အဝတ်တစ်ခုနဲ့ သုတ်နေရင်းဖြေတယ်။

"ဟုတ်တယ် သူကအငယ်ကောင်လေ။ သားနှစ်ယောက်ရှိတယ်။ အကြီးကောင်က စားဝတ်နေရေးအဆင်မပြေလို့ ခြောက်တန်းနဲ့ကျောင်းထုတ်လိုက်ရတယ်။ အစ်မပင်ပန်းတာမကြည့်ရက်လို့ဆိုပြီး သူများဆိုင်မှာ ခေါက်ပြန်ကြေးယူပြီး အဝေးပြေးကားဝင်းထဲမှာ ရေသန့်ဘူးလိုက်ရောင်းနေတယ်လေ"

တုတ်ထိုးဟင်းရည်ကကောင်းတော့ ဈေးသည်အစ်မထံက စကားတွေကိုနားထောင်ရင်း အသုပ်ကိုမစားဖြစ်ဘဲ ဟင်းရည်ကိုပဲသောက်နေမိတဲ့အတွက် အသုပ်တစ်ပွဲမကုန်ခင် ဟင်းရည်ကုန်ပြီဖြစ်လို့ ဈေးသည်အစ်မက နောက်တစ်ပန်းကန်စာဟင်းရည်ကို ဇွန်းနဲ့ခပ်ထည့်ပေးပြီးတော့ ဝက်သားတုတ်ထိုးအတွက် အချဉ်ရည်စပ်နေပြန်တယ်။ တစ်နေ့တာဈေးရောင်းဖို့အတွက် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နေတဲ့ ဈေးသည်အစ်မကိုကြည့်ရင်း ကျွန်တော်သိချင်တဲ့အကြောင်းတွေ မေးမိပြန်တယ်။

"ဆိုင်က ဘယ်နှနာရီပိတ်တာလဲ။ အရောင်းအဝယ်ကော ကောင်းရဲ့လား"

"ဆိုင်က ညနေ ၆ နာရီပိတ်တာ။ ဒီကာလအရောင်းအဝယ်ကတော့ ပုံမှန်လေးပါပဲ။ အမြတ်အစွန်းသိပ်မကျန်ရင်နေပါစေ ဝမ်းဝဖို့နဲ့အိမ်လခလေးရရင်အစ်မကတော့ ကျေနပ်ပါပြီ"

"အစ်မက ဒီလှိုင်သာယာထဲမှာပဲ နေတာလား။ အိမ်ငှားခက ဘယ်လောက်ပေးရတာလဲ"

"ဟုတ်တယ်မောင်လေး လှိုင်သာယာမှာပဲနေတာ။ အိမ်ငှားခက အရင်က ငါးသောင်းပေးရတယ်။ ခုကာလမှာအိမ်ရှင်က ရှစ်သောင်းတောင်းနေလို့ခြောက်သောင်းပဲယူပါဆိုပြီး မနည်းတောင်းပန်ပြီး ပြောထားရတယ်"

ကျွန်တော်ဒီအသုပ်ဆိုင်လေးမှာ အဆာပြေစားဖို့အတွက် စိတ်ကူးမိရခြင်းရဲ့ အဓိကအကြောင်းက တစ်နေ့တာဝမ်းရေးအတွက် ဒီလိုလုပ်ကိုင်စားသောက်နေရတဲ့ အခြေခံလူတန်းစားတွေရဲ့ ဘဝတစ်စိတ်တဒေသကို နားထောင်ချင်တဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်နှုတ်က မေးခွန်းတွေအလိုလိုထွက်ကျလာပြန်တယ်။

"အစ်မတို့ဆိုင်က တစ်နေ့ဘယ်လောက်ဖိုးလောက်ရောင်းရတာလဲ"

ကျွန်တော့်အမေးစကားကြောင့် ဈေးသည်အစ်မက ကျွန်တော့်ဘက်ကို တစ်ချက်လှည့်ကြည့်ပြီး ပြောတယ်။

"အစ်မကို မေးခွန်းတွေတစ်ခုပြီးတစ်ခုမေးနေတော့ ငါ့မောင်က ထောက်လှမ်းရေးကလာတာလားအေ။ အစ်မကတော့ ငါ့မောင်ကိုထောက်လှမ်းရေးလို့တော့မထင်ပါဘူး။ စောစောက ဆိုင်ကိုစဝင်လာကတည်းက အသားကမည်းမည်း ပါးစပ်ကတစ်ဖြဖြနဲ့ ဆိုကတည်းက ဇာတ်အဖွဲ့ထဲက လူရွှင်တော်ပဲဖြစ်မယ်လို့ ထင်ထားတာ။ ဟုတ်တယ်မလား"

အသားမည်း၍ ပျော်ပျော်နေတတ်သည့်ကျွန်တော့်အားနည်းချက်ကို အပိုင်ချည်၍ပြောလိုက်သည့် အစ်မစကားကြောင့် စားလက်စအသုပ်ကိုဘေးကိုထွေးပစ်ပြီး အသံထွက်အောင် ကျွန်တော်ရယ်မိပါတယ်။ ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ဈေးသည်အစ်မလဲ ရယ်မောနေတယ်။ ပြီးမှ သူ့နဖူးကချွေးစတွေကို ဘယ်တံတောင်နဲ့သုတ်ရင်း ပြောပြန်တယ်။

"ငါ့မောင်ကို အစ်မကစတာပါ။ အစ်မတို့ဆိုင်ရဲ့ တစ်နေ့ရောင်းအားက ပုံမှန်ကတော့ ရှစ်သောင်းဖိုးလောက်ရောင်းရတယ်။ တချို့ရောင်းရတဲ့ရက်တွေဆိုရင် တစ်သိန်းနှစ်သောင်းဖို့သောက်ထိ ရောင်းရဖူးတယ်။ အိမ်ကနေ အဝေးပြေးရောက်အောင် မနက်ရော ညနေပါဆိုင်ကယ်ကယ်ရီငှားခက ရှစ်ထောင်ပေးရတယ်။ ဒီနေရာမှာဈေးရောင်းလို့ စားပွဲထိုင်ခုံအပ်ခတွေ နုတ်လိုက်ရင် အစ်မအတွက် တစ်နေ့အမြတ်ငွေ တစ်သောင်းခွဲ နှစ်သောင်းလောက်တော့ကျန်တယ်။ ဒီငွေနဲ့ မိသားစုလေးယောက်အတွက်အပိုအလျှံမထွက်ပေမဲ့ ထမင်းနပ်မှန်အောင်တော့စားနိုင်ပါတယ်"

"မိသားစုလေးယောက်ဆိုတော့ အစ်မမှာယောကျာ်းရှိသေးတာလား"

ကျွန်တော့်အမေးစကားကြောင့် ဈေးသည်အစ်မရဲ့မျက်နှာကွက်ကနဲပျက်သွားတယ်။

"ယောကျာ်းကအရက်သမား ငါ့မောင်ရေ။ ကလေးတွေပညာရေးကို ခဏထားအုံး။ မိသားစုစားဝတ်နေရေးအတွက်တောင် ဘာတစ်ခုမှအကူအညီမရဘူး။ သူ့ခေါင်းထဲမှာ တစ်နေ့တစ်နေ့အိမ်မှာရှိတဲ့ ဘယ်လိုပစ္စည်းကို ဘယ်လိုယူပြီးဘယ်လိုပေါင်သောက်ပစ်မယ်ဆိုတာပဲ တွေးနေတာ။ ဒီနေ့အစ်မတို့သားအမိတွေ အိမ်ပြန်ရင်တောင်ဘယ်လိုအိုးခွက်ပန်းကန်တွေ ပျောက်အုံးမယ်မသိသေးဘူး"

စောစောက အားမာန်အပြည့်နဲ့တက်ကြွလန်းဆန်းနေတဲ့ ဈေးသည်အစ်မရဲ့မျက်နှာဟာ ညှိုးနွမ်းသွားသလို သူ့နှုတ်ကထွက်လာကျတဲ့စကားလုံးတွေကလဲ လေးလံထိုင်းမှိုင်းစပြုလာတာကို တွေ့ရတယ်။ ဒီအချိန်မှာ ဈေးသည်အစ်မရဲ့ဘဝအကြောင်းတွေကို ကျွန်တော့်ဆက်၍မေးရမှာ နားထောင်ရမှာကိုအားနာမိတယ်။ ဒါကြောင့် အသုပ်အတွက်ကျသင့်ငွေကိုရှင်းပြီး ကားဆီကိုထွက်ဖို့ရန် တာစူမိတယ်။ ကျွန်တော့် စိတ်ကိုခန့်မှန်းမိတဲ့ ဈေးသည်အစ်မက-

"ကားထွက်ဖို့အချိန်လိုသေးတယ်မလား။ ခဏနေပါအုံး ငါ့မောင်ရေ။ အစ်မလဲ ကိုယ့်ဘဝအကြောင်းကို တလေးတစားမေးသူရှိတုန်းရင်ဖွင့်ရတာ။ ရင်ထဲပေါ့သွားသလိုလဲ ခံစားမိတယ်။ အစ်မပြောချင်တဲ့အဓိကနေရာကိုမရောက်သေးဘူး။ ဆုံးအောင်နားထောင်သွားပါအုံး"လို့ ပြောလာတဲ့အတွက် ကျွန်တော်ထိုင်ခုံလေးမှာ ပြန်ထိုင်လိုက်မိတယ်။ ဈေးသည်အစ်မရဲ့နှုတ်ကတော့ သူပြောပြချင်တဲ့စကားတွေကို ဆက်ပြီးပြောပြနေဆဲ။ **စာမျက်နှာ ၂၆ သို့ ➤**

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၆၈၃ ဧကထိ စိုက်ပျိုးပြီးစီး



**ရေဦး ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၆၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၂၁၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၈၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟုရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပြည်ပသို့တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးကြင်းပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးကြင်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အား တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးကလဲ အခြေအနေမဆိုးပါဘူး။ ဒီဘက်ပွဲရုံတွေကို ငါးကြင်းအဝင်နည်းနေတာရယ်၊ ရန်ကုန်ဈေးကွက် ဘက်ကဒေသထွက်ငါးကြင်းတွေအဝယ်လိုက်နေတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအားတက်လာတာပါ။ ရန်ကုန်ဈေးကွက်ကို ငါးကြင်းတွေ ဇွန်လ ပထမအပတ်က ပိုမိုတင်ပို့ခဲ့ရပါတယ်။ ဒေသထွက်ငါးကြင်းတွေအပြင် အခြားငါးတွေလဲ ဝယ်ယူအားတက်လာပါတယ်။ ငါးကြင်းတွေ ဝယ်ယူအားတက်လာပေမဲ့ ဈေးကတော့သိပ်မတက်သေးပါဘူး"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးအပြင် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➢ စာမျက်နှာ ၂၅ မှအဆက်

(၄)

"ဒီအဝေးပြေးကားဝန်းထဲမှာ ဈေးရောင်းနေတဲ့ ဈေးသည်အတော်များများကို ငါ့မောင်သတိထားမိရဲ့လား။ ဈေးသည်အများစုဟာ အမျိုးသမီးတွေများတယ်။ အမျိုးသားက အနည်းအကျဉ်းပဲရှိတာပါ။ ဈေးသည်အမျိုးသမီးအများစုဟာ အားကိုးစရာ ယောကျ်ားတွေရှိပါလျက်နဲ့ အရက်သမား၊ လောင်းကစားသမားတွေဖြစ်နေလို့ အမျိုးသမီးတွေဟာ ထမင်းမငတ်ရေးအတွက် ကိုယ့်ဘဝကိုယ့်ရုန်း၊ ကိုယ့်ဒူးကိုယ်ချွန်ပြီး အခုလိုအလုပ်တွေလုပ်နေရတာပဲ ငါ့မောင်ရေ။ ခင်ပွန်းတွေရှိပါလျက်နဲ့ မှီခိုအားကိုးထိုက်တဲ့ ခင်ပွန်းကောင်းမရခဲ့တော့ အိမ်ထောင်ရေးကံမကောင်းဘူးလို့ပဲ ဖြေသိမ့်ထားရပါတယ်။ ပြီးတော့လေ..."

စကားပြောနေရင်း ဆိုင်ရှင်အစ်မ၏လေသံခဏပြတ်သွားတယ်။ ဒီစကားများဟာ သာမန်နားထောင်ကောင်းအောင် လုပ်ကြံပြောသည့်စကားများမဟုတ်။ ဘဝထဲ နှလုံးသားထဲက ယိုစီးကျလာသည့်စကားများသာဖြစ်ကြောင်း ကျွန်တော်သိပါ၏။ ထို့ကြောင့်လဲ ဆိုင်ရှင်အစ်မသည် နောက်ထပ်ပြောလိုသည့် စကားများကို အနည်းငယ်အားယူနေရဟန်ရှိသောကြောင့် ကျွန်တော်ကအလိုက်တသိပင်–

"ပြီးတော့ ဘာလဲအစ်မ။ ဆက်ပါအုံး ဇာတ်သိမ်းခါနီးမှ MRTV–4 က ဇာတ်ကားတွေလို အခန်းဆက်ချန်ထားဖို့မလုပ်နဲ့။ တစ်ခါထဲပြောလိုက်ပါ။ နောက်တစ်ခေါက် ရန်ကုန်ကိုပြန်လာဖို့က မလွယ်ဘူး။ ကားခတွေက ဈေးတွေတက်နေတာ"လို့ဆိုလိုက်တော့ ညှိုးနွမ်းနေတဲ့ ဆိုင်ရှင်အစ်မရဲ့မျက်နှာမှာ အပြုံးစကလေးတွေတိုးဝင်လာတာကိုသတိထားတယ်။

" အစ်မပြောချင်တဲ့စကားက မှတ်ပုံတင်ထဲမှာ အမျိုးသမီးတွေဆိုရင် မှီခိုလို့ရေးထားတာ ငါ့မောင်တို့တွေ့တယ်မလား။ အဲဒီစာလုံးကို အစ်မက ဖျက်လို့ရရင်ဖျက်ချင်တယ်လို့ပြောချင်တာ။ အိမ်ထောင်ဦးစီးယောကျ်ားသက်ရှိထင်ရှားရှိလျက်နဲ့ မိသားစုရဲ့ စီးပွားရေး၊ ပညာရေးကိုဘာမှ ဦးစီးခေါင်းဆောင်အနေနဲ့ရှာဖွေလုပ်ကိုင်၍လဲမပေးနိုင်။ တစ်နေ့တစ်နေ့ မိန်းမ လုပ်စာကိုထိုင်စား၊ သုံးဖြုန်းပြီး မိသားစုကိုအမြဲဒုက္ခပေးနေတဲ့သူတွေကို အိမ်ထောင်ဦးစီးလို့ပြောပြီး ယောကျ်ားတွေလုပ်ရမဲ့ တာဝန်နေရာတွေကို မိန်းမသားတန်မဲ့နေရာဝင်ယူပြီး ကိုယ့်ဘဝကိုယ်ရုန်းကိုယ့်အားကိုယ် ကိုးနေရတဲ့အစ်မတို့လို မိန်းမသားတွေကို မှတ်ပုံတင်ထဲမှာမှီခိုလို့ရေးထားတာဖြစ်သင့်မဖြစ်သင့် ငါ့မောင်တွေးသာကြည့်တော့။ ဟောဟိုမှာ ငါ့မောင်စီးရမဲ့ကားက ဟွန်းတီးနေပြီသွားတော့ နောက်ကျနေအုံးမယ်"

ခါးသီးလှတဲ့ဘဝလောကဓံကို ရင်ဆိုင်အန်တုနေရတဲ့ ဈေးသည်အစ်မကိုနှုတ်ဆက်ပြီး အသုပ်ဆိုင်လေးကနေ ခရီးသည်တင်ကားဆီကို ကျွန်တော်ထွက်လာမိတယ်။ သို့သော် ကျွန်တော့်အတွေးအာရုံထဲမှာ နေရာအတည်တကျမရှိတဲ့ လမ်းဘေးအသုပ်ဆိုင်လေးရဲ့နံဘေးမှာ အပူအပင်ကင်းမဲ့စွာနှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရှာတဲ့ ကလေးလေးတစ်ယောက်ရဲ့ပုံရိပ်ရယ်၊ လူငယ်အတော်များများက ပညာဖြင့် ဘဝကိုတိုးတက်မြင့်မားအောင် တည်ဆောက်ဖို့အတွက် ပညာရေးကို အသည်းအသန် ရှာဖွေဆည်းပူးကြိုးစားနေကြတဲ့အချိန်မှာ သူ့ဘဝက ပညာရေးသည်အဓိကမဟုတ် ဘဝဝမ်းရေးသည်သာ အဓိကဆိုပြီး မိခင်နဲ့အတူ ဘဝတိုက်ပွဲကို အနိုင်နိုင်ရင်ဆိုင်တိုက်ပွဲဝင်နေရရှာတဲ့ ကျောင်းသားအရွယ်လူငယ်လေးတစ်ယောက်ရဲ့ ပုံရိပ်တွေရယ်၊ မှတ်ပုံတင်ထဲမှာ အမျိုးသမီးတွေအတွက် ရေးထားတဲ့မှီခိုဆိုတဲ့စာလုံးကို ဖျက်ချင်တယ်ဆိုတဲ့ ဈေးသည်အစ်မရဲ့စကားတွေက လူးလိမ့်ခုန်ပေါက်ပြေးလွှားလျက်––––

## ဂုဏ်တင့်စွာ နေထိုင်ရေး

– မကောင်းမှု မပြုဘဲ
လူမှုထဲ ကောင်းအောင်နေ၊
တတ်ပညာ ဗဟုသုတ
ပြည့်ဝပါစေ၊
ဓွဲ လုံ့လ ဝီရိယအခြေ
ရှိကြလေ သိတရား၊
စေတနာ မေတ္တာစိတ်နှင့်
မြင့်မြတ်စေသား။

– ခွဲခြားစေ အမှန်အမှား
အမြင်အကြား သတိကြွယ်၊
ဖေးကူညီ လူမှုဘဝ
လှပစေကွယ်၊
အများအကျိုး သယ်ပိုးမယ်
ရွယ်ကိုးဖွယ် ကောင်းဖို့အရေး၊
စွမ်းနိုင်ရာ တစ်ဖက်တစ်လမ်းက
ဝန်ထမ်းလို့ပေး။

– ဖြူစင်ရာ စိတ်အတွေး
နိမိတ်ပေး အေးချမ်းရာ၊
ရှင်သန်ရာ ဘဝလမ်း
ဖြောင့်တန်းစေကာ၊
ရိုးသားလို့ နိုးကြားစွာ
ကြိုးစားပါ တရွေ့ရွေ့၊
စည်းကမ်းမှု ကောင်းအကျင့်နှင့်
ဂုဏ်တင့်စွာမွေ့။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# ကဝမြို့နယ်၌ စတီးသံပန်း သံဂဟေဆက်နည်းသင်တန်းဖွင့်

**ကဝ ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စတီးသံပန်း သံဂဟေဆက်နည်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက်က အဆိုပါ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က သင်တန်းဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စတီးသံပန်းသံဂဟေဆက်နည်း သင်တန်းကို ကဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက စာတွေ့လက်တွေ့ဖြင့် ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၀ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၀၂၇၈ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ စပါး ဧက ၆၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ စပါးများအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ၂၄ ပြည်ဝင် ဇီယာဆန် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ၂၄ ပြည်ဝင် ဇီယာဆန် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လအတွင်း ဇီယာဆန်အမျိုးအစား အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရတယ်။ ဓနုဖြူမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဇီယာဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်''ဟု ဓနုဖြူမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် တစ်အိတ်လျှင်ငွေကျပ် ၉၇၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ဇီယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မောက်မယ်မြို့နယ် နောင်ဗိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မောက်မယ် ဇူလိုင် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဗိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ ဦးစီးအရာရှိ ဒေါ်မာမာထွေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ နောင်ဗိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မောက်မယ်မြို့နယ် နောင်ဗိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သန်း ၂၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၃ ဦးကို ရန်ပုံငွေကျပ် ၂၂ ဒသမ ၉၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**

# မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**မြိတ် ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရေးဦးစွာ မြိတ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်များရရှိရန်၊ ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေ ရှာဖွေပေးနိုင်သည်ထိ ကြိုးစားလေ့လာ သင်ယူစေလိုကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်တန်းမှသင်ကြားပို့ချပေးမည့် သင်ခန်းစာများ၊ သင်တန်းစည်းမျဉ်း၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ထို့နောက် မြိတ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသူများထံသို့ ပေးအပ်ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းသို့ ကျောက်ဖျာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြောင်း၊ အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမများက ဇူလိုင် ၁ ရက်မှ ဩဂုတ် ၁၄ ရက်ထိ ၄၅ ရက်ကြာ ဒီဇိုင်းဘာသာရပ် ၁၀ မျိုးကို အခမဲ့ သင်ကြားပေးမည် ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

# မြဝတီမြို့နယ် မဲ့ပလဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြဝတီ ဇူလိုင် ၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မဲ့ပလဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေများကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မဲ့ပလဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စာရင်းဇယားများ စနစ်တကျဖြင့် ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသူရလွင်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယခုဘဏ္ဍာနှစ်တွင် မဲ့ပလဲ့ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၈ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၂၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၆ သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# ညွှန်းဖွဲ့စာဆို လဝါဆို

ဘုန်းသန့်စင်

**❖အေးမြလှပသည့် မိုးရာသီအလှနှင့်အတူ သဘာဝတရားကြီးနှင့် လူသားတို့အတွက် အလွန်အဖိုးတန်သည့် တော်ဝင်ပန်းကလေးများကလည်း အပြိုင်အဆိုင်ဖူးပွင့်လာကြသည်။ မြတ်လေး (မုလေး) ပန်းနှင့် ပုန်းညက်ပန်းတို့ပွင့်ချိန်၊ မိုးဖြိုင်ဖြိုင်ကျသည့်အခါသို့ ရောက်ချိန်တွင် "ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးမြတ်သည့်လ၊ ကုသိုလ်ထူးသည့်လ၊ ရှေးစာဆိုတို့ ညွှန်းဖွဲ့ဆိုရသည့်လ၊ ကဗျာများဖွဲ့၊ စာများဖွဲ့ရသည့်လ"ဝါဆိုလသို့ ရောက်ခဲ့ရပြန်သည်။ မိုးရေသည် လူတို့အတွက် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေတို့ကိုပေးစွမ်းနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း စိမ်းလန်းအေးမြလှပစေသည်။ ❖**

**အေးချမ်းသောလ**

သာယာလှပသော သဘာဝပတ်ဝန်းကျင်နှင့် မျှတမှန်ကန်သောဥတုရာသီတို့ရှိသော မြန်မာနိုင်ငံတွင် "နွေ၊ မိုး၊ ဆောင်း" ဆိုသည့် ဥတုသုံးပါးရှိသည်။ မြန်မာ့ ၁၂ လရာသီတွင် မိုးကာလသည် အလွန်သာယာလှပသည့် ကာလဟုဆိုနိုင်သည်။ လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံတွင် တောင်သူကြီးများအတွက် စိုက်ပျိုးရေကိုပေးစွမ်းနိုင်စွမ်းရှိသည့် မိုးစက်မိုးပေါက်တို့ မြေပြင်ပေါ်သို့ ခုန်ဆင်းသည့် ကာလပင်ဖြစ်သည်။ အပူချိန်ပြင်းသည့် နွေနေကိုအန်တုခဲ့ရပြီး မြေပြင်ထက်တွင် ရွက်ခြောက်ကြွေ၊ ရိုးတံကျဲဘဝဖြင့် တည်ရှိခဲ့ရသည့် သစ်ပင်အိုတို့သည်လည်း စိမ်းစိုလန်းဆန်းလာခဲ့ရသည်။ တောပန်း၊ တောင်ပန်းတို့သည်လည်း လန်းဆန်းတက်ကြွစွာ ဖူးပွင့်လာကြသည့် ကာလပင်ဖြစ်သည်။

အေးမြလှပသည့် မိုးရာသီအလှနှင့်အတူ သဘာဝတရားကြီးနှင့် လူသားတို့အတွက် အလွန်အဖိုးတန်သည့် တော်ဝင်ပန်းကလေးများကလည်း အပြိုင်အဆိုင်ဖူးပွင့်လာကြသည်။ မြတ်လေး (မုလေး) ပန်းနှင့် ပုန်းညက်ပန်းတို့ပွင့်ချိန်၊ မိုးဖြိုင်ဖြိုင်ကျသည့် အခါသို့ရောက်ချိန်တွင် "ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးမြတ်သည့်လ၊ ကုသိုလ်ထူးသည့်လ၊ ရှေးစာဆိုတို့ ညွှန်းဖွဲ့ဆိုရသည့်လ၊ ကဗျာများဖွဲ့၊ စာများဖွဲ့ရသည့် လ"ဝါဆိုလသို့ ရောက်ခဲ့ရပြန်သည်။ မိုးရေသည် လူတို့အတွက် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေတို့ကို ပေးစွမ်းနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်တစ်ခုလုံး ကိုလည်းစိမ်းလန်းအေးမြလှပစေသည်။ စိတ်ကြည်လင်လန်းဆန်းမှုကိုရစေသည့် ဝါဆိုလအခါသမယသည် ဘုရားသွားကျောင်းတက် ကုသိုလ်ယူကြသည့် လလည်းဖြစ်သဖြင့် အေးချမ်းသာယာလှပသည့် ထူးမြတ်သောလဟုပင်ဆိုနိုင်ပေသည်။

**တော်ဝင်ပန်းတို့ ဖူးပွင့်ချိန်**

သဘာဝအလှနှင့်အပြိုင် ဖူးပွင့်ဝေဆာလှပလာသည့် တောပန်းကလေးများကို ဦးဦးဖျားဖျားခူးဆွတ်၍ ဘုရားစေတီပုထိုးများတွင် လှူဒါန်းကြသောဝါဆိုပန်းခူးပွဲတော် ကျင်းပသည့်ကာလသည် မိုးဖြိုင်ဖြိုင်ကျသည့် ဝါဆိုလတွင်ဖြစ်သည်။ သဘာဝအလှပန်းမျိုးစုံလင်လှသည့်အနက် မြတ်လေး (မုလေး) ပန်းတို့ကလည်း မြိုင်ဆိုင်လှပစွာပွင့်ကြသည့်ကာလဖြစ်သည်။ ချုံနွယ်မျိုးဖြစ်သော မြတ်လေးပန်းသည် မျိုးစိတ်ပေါင်း ၁၀၀ ကျော်ရှိပြီး အနီရောင်၊ အဝါရောင်နှင့်အဖြူရောင်တို့ ရှိကြသည်ဟု သိရသည်။ မြတ်လေးပန်း၏ထူးခြားချက်တစ်ခုမှာ ခူးဆွတ်မည့်သူမရှိပါက အခြားပန်းများကဲ့သို့ ကြွေကျမြေခခြင်းမရှိဘဲနွမ်းခြောက်သွားသည်ထိ ပင်ယံထက်၌သာ စံမြန်းတတ်သည့် စွမ်းအင်ရှိသည်။ ထိုသို့သော ထူးခြားသည့် အစွမ်းကိုပမာယူကာ မြန်မာအမျိုးသမီးများအနေဖြင့် ဣန္ဒြေသိက္ခာနှင့် အလှကို ထိန်းသိမ်းကြရာ၌ မြတ်လေးပန်းကဲ့သို့ ကျင့်ကြသည်ဟု အဆိုရှိကြသည်။ မြတ်လေးပန်းတို့က အနံ့အားဖြင့် မွှေးကြိုင်ရုံသာမက အစွမ်းအားဖြင့်လည်း ထူးခြားသော တော်ဝင်ပန်းဖြစ်သဖြင့် ဝါဆိုလ၏ ရာသီပန်းအဖြစ် သတ်မှတ်ခဲ့ကြသည်။

မြတ်လေးပန်းသည် တော်ဝင်ပန်းဖြစ်သဖြင့် ဝါဆိုလအခါသမယတွင် ဦးဦးဖျားဖျားခူးဆွတ်၍ ဘုရားစေတီပုထိုးများတွင် လှူဒါန်းကြသည်။ ဝါဆိုပန်းအလှဖြစ်သည့် မြတ်လေးပန်းသည် ဆေးပညာအရာတွင်လည်း လူသားတို့ကို များစွာအကျိုးပြုသည်။ ကုန်းဘောင်ခေတ်တွင် မြတ်လေးပန်းအဆီကိုခေါင်းလိမ်းဆီအဖြစ် အသုံးပြုခဲ့သည်ဟုသိရသည်။ တိုင်းရင်းဆေးကုဌာနသုံးဆေးများဖြစ်သော ဒေဝဩသခဆေး၊ သည်းခြေဆေး၊ မဟာကလျာဏီများ ဖော်စပ်ရာတွင် မြတ်လေးပန်းကမရှိမဖြစ်ပါဝင်သည်ဟုသိရသည်။ ကာမအားတိုးဆေး၊ နားပြည်ယိုခြင်း၊ အဖျား၊ မူးဝေခြင်း၊ နှလုံးပူလောင်ခြင်း၊ မျက်စိရောဂါများ၊ သည်းခြေဖောက်ပြန်သောရောဂါများကုသရာတွင်လည်း မြတ်လေးပန်းကိုသုံးသည်။ သို့ဖြစ်ရာ ဝါဆိုလသည် လူတို့အတွက် အသုံးဝင်သော မြတ်လေးပန်းကဲ့သို့ တော်ဝင်ပန်းများ၊ သစ်ဥ၊ သစ်ဖုများ ရှာဖွေရယူနိုင်သည့်လလည်းဖြစ်ပေသည်။

**ကုသိုလ်ပြုချိန်**

ဝါဆိုလဆိုသည့်အသုံးအနှုန်းကို လေ့လာကြည့်သည့်အခါတွင် ရှေးအခါက"မြွယ်တာလ၊ နွယ်တာလ၊ နွေတာလ"ဟု သုံးနှုန်းခဲ့ကြောင်း သိရသည်။ ဂိမှာန်–နွေကာလမှ ဝသန်–မိုးကာလသို့ ကူးပြောင်းသည့် ကာလဟုသုံးနှုန်းခဲ့ကြခြင်းဖြစ်သည်။ ဝါဆိုလသည် မြတ်စွာဘုရားရှင်လက်ထက်တော်က ရဟန်းတော်များ ဝါတွင်းသုံးလတာကာလပတ်လုံး ခရီးလှည့်လည်ခြင်းမပြုဘဲ ပရိယတ္တိ၊ ပဋိပတ္တိအလုပ်တို့ကိုသာပြုလုပ်၍ ဝါဆိုဝါကပ်ခြင်းပြုရန် ခွင့်ပြုခဲ့သည်။ ရဟန်းသံဃာတော်တို့ကလည်း ဝါတွင်းသုံးလ တရားအားထုတ်ခြင်းအလုပ်ကို ပိုမိုလုပ်ဆောင်ကြသည်။ ရဟန်းသံဃာများအတွက် အလွန်ထူးခြားသည့် ကာလဟုဆိုနိုင်သည်။

ဝါဆိုဝါကပ်ကြသည့် ရဟန်းသံဃာများကို ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ အလှူဒါနပြုလုပ်ကြခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူခြင်း စသည့်ကုသိုလ်ကောင်းမှုများပြုလုပ်ကြရသည့် အချိန်ကာလပင်ဖြစ်သည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက်မူ ဝါဆိုလဟုဆိုလိုက်ပါလျှင် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်းဆိုသည့် ကုသိုလ်ကောင်းမှုပြုခြင်းအမှုတို့ကို လက်တွေ့လုပ်ဆောင်ကြသည့်ကာလသို့ ရောက်ရှိလာချိန်ဟုဆိုနိုင်သည်။ ကုသိုလ်ကောင်းမှုတို့ပြုကြသည့်ကာလဝါဆိုလတွင် အချိန်ကိုက် ဝါဆိုသင်္ကန်းလှူဒါန်းရခြင်းဖြင့် သံသရာတွင် အဝတ်အထည်ပေါများစွာရရှိခြင်း၊ ရုပ်ဆင်းအင်္ဂါလှပတင့်တယ်ခြင်း၊ အသားအရေလှပ၍ ခန္ဓာကိုယ် အရောင်အဝါထွန်းလင်းတောက်ပခြင်း၊ အသားအရေနူးညံ့ခြင်း၊ ခန္ဓာကိုယ်တွင် အညစ်အကြေးကင်းစင်ခြင်း၊ တောင့်တသမျှသော အဝတ်အထည်များကိုလွယ်ကူစွာရရှိနိုင်ခြင်း၊ ဘုရားရှင်တို့နှင့် ကြုံတွေ့ရသည့်အခါ ဧဟိဘိက္ခု ခေါ်ရုံမျှဖြင့် ရဟန်းအဖြစ်ကိုရယူနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိနိုင်သည်။

**ဓမ္မစကြာအခါတော်နေ့**

ဝါဆိုလဟုဆိုပါလျှင် ဝါဆိုသင်္ကန်းကပ်လှူဒါန်း၍ ဥပုသ်သီတင်းသီလဆောက်တည်ကြသည့် ကာလဟုသိကြသည့်အပြင် ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ ဓမ္မစကြာအခါတော်နေ့ကိုလည်းမေ့ထား၍မရပေ။ ဓမ္မစကြာအခါတော်နေ့ဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တရားထူးတရားမြတ်များကိုရရှိကာ ဘုရားအဖြစ်သို့ရောက်တော်မူပြီး ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦးဟောကြားခဲ့သည့်နေ့ကို ဆိုလိုခြင်းပင်ဖြစ်သည်။ ထိုနေ့သည် ထူးခြားမှုအပေါင်းနှင့် ပြည့်စုံသည့် တော်ဝင်ပန်းတို့ပွင့်သော လဝါဆိုလ၏ လပြည့်နေ့ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရခဲ့ပြီးနောက်တွင် သစ္စာလေးပါးတရားနှင့် မဂ္ဂင်ရှစ်ပါးတရားတို့ကိုပဉ္စဝဂ္ဂီငါးဦးကို ဟောကြားပြသခဲ့သည်။

"ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ" ဟူသည့် ပဉ္စဝဂ္ဂီငါးဦးသည် ဘုရားဟောကြားသည့် ဓမ္မစကြာတရားတို့ကို နာယူလိုက်ရသည့်အခါတွင် သောတာပန်တည်ခဲ့သည်။ သမ္မာဒိဋ္ဌိ –ကောင်းစွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပ – ကောင်းစွာကြံခြင်း၊ သမ္မာဝါစာ – ကောင်းစွာပြောဆိုခြင်း၊ သမ္မာကမ္မန္တ – ကောင်းစွာပြုလုပ်ခြင်း၊ သမ္မာအာဇီဝ – ကောင်းစွာအသက်မွေးခြင်း၊ သမ္မာဝါယာမ – ကောင်းစွာအားထုတ်ခြင်း၊ သမ္မာသတိ– ကောင်းစွာအောက်မေ့ခြင်း၊ သမ္မာသမာဓိ – ကောင်းစွာတည်ကြည်ခြင်းဟူသည့် မဂ္ဂင်ရှစ်ပါးမြတ်တရားတို့ကို လူနတ်ဗြဟ္မာသတ္တဝါအားလုံးသိရှိကြမည်ဆိုပါက လောကီလောကုတ္တရာ အကျိုးစီးပွားများ တိုးပွားနိုင်မည်ဖြစ်သည်။ ဘဝအသိကိုမှန်ကန်စွာရရှိ၍ သံသရာခရီးအဆုံးဖြစ်သည့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည့် တရားတော်များ အစတည်ရာဝါဆိုလပြည့်နေ့ အခါသမယတွင် ကောင်းမှုဟူသမျှ ရှာဖွေပြုကြရန်လိုသည်။

**ဝါဆိုလပြည့် စဉ်မမေ့**

လောကီလူသားတို့သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာအခြေခံရှိသော်လည်း ကောင်းမှု၊ မကောင်းမှုတို့ကိုခွဲခြားနိုင်ရန်အတွက်မူ ဒွိဟဖြစ်ကြရသည်။ ထိုကွက်လပ်ကိုဖြည့်စွက်နိုင်ရေး ကောင်းမှု၊ မကောင်းမှုတို့ကို မှန်ကန်စွာခွဲခြားပြသဆုံးမနိုင်မည့် ဘုရားရှင်ပွင့်ထွန်း ပေါ်ပေါက်လာရခြင်းဖြစ်သည်။ မိမိတို့ အသက်ရှင်သန်နေထိုင်ရာ ဤကမ္ဘာမြေပေါ်သို့ဘုရားအလောင်းတော်ပဋိသန္ဓေတည်ကာ ရောက်ရှိလာသည့်နေ့သည်က ဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။ ဘုရားအလောင်းတော်သည် လောကီလူသားအားလုံးကိုကူညီကယ်မ၍ တရားပြမည့် ဘုရားအဖြစ်သို့ရယူနိုင်ရေး မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် လူသားတစ်ဦးအဖြစ် ဝါဆိုလပြည့်နေ့တွင် စတင်ပဋိသန္ဓေယူခဲ့သည်။

လူ့ဘဝလူအဖြစ်သို့ရလာပြီး သိဒ္ဓတ္ထမင်းသားဘဝဖြင့် အချိန်ခဏကျင်လည်နေရသည့်အခိုက်တွင် "သူအို၊ သူနာ၊ သူသေ၊ ရဟန်း" ဆိုသည့် နိမိတ်ကြီးလေးပါးကိုမြင်ခဲ့ရသည်။ ထိုအခါတွင် လောကီလူ့ဘောင်၏အဖြစ်အပျက်တို့က ဆင်းရဲလွန်းလှသဖြင့် လူသားတို့ကိုကယ်တင်လိုသည့် ဆန္ဒဖြစ်ကာ တောထွက်ခဲ့သည့်နေ့ကလည်း ဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။ ဘုရားအဖြစ်သို့ ရတော်မူသည့်အခါတွင်လည်း ဓမ္မစကြာတရားကို ပဉ္စဝဂ္ဂီငါးဦးကို ဝါဆိုလပြည့်နေ့၌ပင် ဟောကြားခဲ့သည်။ "သန္ဓေ၊ တောထွက်၊ ဓမ္မစကြ်" ဆိုသည်နှင့်အညီ ဗုဒ္ဓဘာသာအတွက် မမေ့အပ်သည့် အဖြစ်အပျက်များအပြင် "ဘုရားအဖြစ်တရားဝင်ကြေညာခဲ့သောနေ့၊ တရားရတနာစတင်ပေါ်ထွက်လာသောနေ့၊ သံဃာရတနာပေါ်ထွက်လာသောနေ့၊ ဧဟိဘိက္ခုဟူသောမြတ်ဗုဒ္ဓ၏ ဗျာဒိတ်တော်ရ ရဟန်းစတင်ပေါ်ထွန်းလာသောနေ့၊ အဘိဓမ္မာတရားဟောကြားရန်အတွက် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူစဉ်ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာပြတော်မူသောနေ့" စသည်ဖြင့် မမေ့အပ်မမေ့ကောင်းသည့် ဖြစ်ရပ်များစုံသော နေ့ပင်ဖြစ်ပေသည်။

**ကုသိုလ်ထူးလှ ဝါဆိုလ**

စိုက်ပျိုးရေးဖြစ်ထွန်းရာမိမိတို့ မြန်မာမြေတွင် တောင်သူလယ်သမားကြီးများအတွက်စိုက်ပျိုးရေကို ပြည့်ဝစွာရရှိပြီး စိုက်ပျိုးစွမ်းအားဖြင့် ပြည်ထွန်းကားအောင် ဆောင်ရွက်နိုင်မည့်ကာလသည်လည်း ဝါဆိုလပင်ဖြစ်သည်။ ထိုလတွင် ပတ်ဝန်းကျင်တစ်ခွင်ကလည်း စိမ်းလန်းစိုပြည်လှပပြီး မြတ်လေးပန်းတို့ကဲ့သို့သော တော်ဝင်ပန်းများပွင့်လန်းရာကာလလည်းဖြစ်ပေသည်။ စာဆိုတို့က ဝါဆိုလနှင့်စပ်လျဉ်း၍ ညွှန်းဖွဲ့ဆိုကာ အမွှမ်းတင်ကြသည်ကလည်းများလှသည်။ သို့ရာတွင် ဝါဆိုသင်္ကန်းကဲ့သို့သောအကျိုးထူးသည့် မြတ်သင်္ကန်းကိုကပ်လှူခွင့်ရသည့်လ၊ ဥပုသ်သီတင်းသီလဆောက်တည်၍ ကုသိုလ်ကောင်းမှုများ ပြုခွင့်ရသည့်လဖြစ်သဖြင့် ဝါဆိုလသည် အလွန်ထူးခြားပြီး ကုသိုလ်များသည့်လဟုဆိုရပေမည်။

မြတ်စွာဘုရားရှင်သည် မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူ၍ လူသားအဖြစ် ရယူခဲ့သည့်ကာလသည်လည်း အေးမြသည့်ဝါဆိုလ၏ လပြည့်နေ့ပင်ဖြစ်သည်။ ထိုမှ အရွယ်ရောက်၍ တရားရှာဖွေရန် တောထွက်ခဲ့သည့် ကာလသည်လည်း မြတ်လေးပန်းတို့ ပွင့်ချိန်ဖြစ်သည့် ဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။ လောကီအခက်အခဲဟူသမျှကိုကျော်လွှားနိုင်ခဲ့ကာ ဘုရားအဖြစ်ရယူနိုင်ခဲ့ပြီး ပထမဦးစွာ ဓမ္မစကြာတရားဟောကြားခဲ့သည့် ကာလကိုပြန်လည်မြင်ယောင်မိစေသည့် အချိန်ပင်ဖြစ်သည်။ ဝါဆိုလနှင့်အတူ ဝါဆိုသင်္ကန်းကပ်လှူခြင်းမှစအပြု၍ ကောင်းမှုကုသိုလ်များ အစဉ်ထာဝရ တိုးပွားပြုလုပ်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ။

# အာဖဂန်နစ္စတန်နှင့် သံခင်းတမန်ခင်းတိုးချဲ့လာသော အိန္ဒိယ

ယခုနှစ် မေ ၁၆ ရက်တွင် သစ်သီးခြောက်များ တင်ဆောင်လာသော အာဖဂန်ထရပ်ကားအစီး ၁၆၀ သည် အက်တာနီစစ်ဆေးရေးဂိတ်ကို ဖြတ်သန်းပြီး ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ယခုနှစ် မေလတွင် နှစ်နိုင်ငံကြား ပဋိပက္ခကြောင့် အိန္ဒိယနှင့်ပါကစ္စတန်တို့ကြား ကုန်သွယ်မှုနှင့် ပြည်သူများသွားလာမှုကိုပိတ်သိမ်းထားသော်လည်း အိန္ဒိယ-အာဖဂန်နစ္စတန် ကုန်သွယ်မှုသည် လက်ရှိအချိန်တွင် ပုံမှန်အတိုင်းစီးဆင်းလျက်ရှိပြီး ပါကစ္စတန်က ဟန့်တားမှုမရှိသေးသရွေ့ ကုန်သွယ်မှုလမ်းကြောင်း ပွင့်နေဖွယ်ရာရှိသည်။

၂၀၂၅ ခုနှစ် ဧပြီလနောက်ဆုံးပတ်တွင် အိန္ဒိယနိုင်ငံသည် အာဖဂန်ပြည်သူများကို ပြည်ဝင်ခွင့်ဗီဇာအမျိုးမျိုးကို ပြန်လည်ထုတ်ပေးခဲ့သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဖဂန်နစ္စတန်နယ်မြေအချို့အား တာလီဘန်တို့ ထိန်းချုပ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် အာဖဂန်နိုင်ငံသားများအတွက် ဗီဇာထုတ်ပေးမှုလုပ်ငန်းစဉ်အတွက် လေးနှစ်ကြာရပ်ဆိုင်းခဲ့သည်။ အိန္ဒိယအစိုးရ၏ အာဖဂန်နိုင်ငံသားများကို အသစ်ထုတ်ပေးမည့် ဗီဇာများတွင် ကျောင်းသား၊ စီးပွားရေးလုပ်ငန်း၊ ဆေးကုသမှုနှင့်ကုလသမဂ္ဂအမှုထမ်းများဆိုင်ရာ သံတမန်ဗီဇာများပါဝင်သည်။ အိန္ဒိယနိုင်ငံသည် မူဝါဒပြောင်းလဲမှုတစ်ရပ်အနေဖြင့် တရားဝင်ကြိုတင်ထုတ်ပြန်ခြင်းမရှိဘဲ ဗီဇာထုတ်ပေးသည့် လုပ်ငန်းကို သိုသိုသိပ်သိပ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် မတ်လတွင် ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယအမြဲတမ်းကိုယ်စားလှယ်ဖြစ်သူ သံအမတ်ကြီး ပါဗက်သာနီဟာရစ်ရှ်က အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် နယ်ပယ်ပေါင်းစုံတွင် တာလီဘန်အဖွဲ့နှင့် ဆွေးနွေးလျက်ရှိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပြောကြားခဲ့သည်။ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများသည် အာဖဂန်နှင့်လက်ရှိထိတွေ့ဆက်ဆံမှု၏ အခြေခံအုတ်မြစ်ပင်ဖြစ်ကြောင်း သံအမတ်ကြီးက အလေးထားပြောကြားသွားခဲ့သည်။ ယခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဗီခရမ်မီဆရီသည် ဒူဘိုင်းမြို့၌ အာဖဂန်ခေတ္တနိုင်ငံခြားရေးဝန်ကြီး မော်လာဝီအမီယာခန်းမွတ်တာကီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

၂၀၂၁ ခုနှစ်နောက်ပိုင်း အာဖဂန်နှင့်ပထမဆုံးဆွေးနွေးမှုအတွင်း ဂျိုင်ရှန်ကာက အိန္ဒိယအနေဖြင့် အာဖဂန်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မွတ်တာကီကလည်း အာဖဂန်လူနာများနှင့် ခရီးသည်များအတွက် အိန္ဒိယသို့ဝင်ခွင့်ဗီဇာများထုတ်ပေးရန် ဂျိုင်ရှန်ကာကို တောင်းဆိုခဲ့သည်။ ထို့ပြင် မွတ်တာကီသည် အိန္ဒိယအကျဉ်းထောင်များရှိ အာဖဂန်အကျဉ်းသားများကိုလည်း လွှတ်ပေးရန် အိန္ဒိယအစိုးရကို တိုက်တွန်းတောင်းဆိုခဲ့သည်။

မွတ်တာကီအပါအဝင် တာလီဘန်များစွာသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၉၈၈ အရ ကုလသမဂ္ဂ၏ ပိတ်ဆို့မှု ချမှတ်ခံထားရသော စာရင်း၌ပါဝင်နေသည်။ အာဖဂန်အစိုးရအဖွဲ့သည် အိန္ဒိယနှင့်ပါကစ္စတန်တို့ကြား ရန်လိုမှုများမြင့်တက်နေသည့်အချိန်တွင် ဧပြီ ၂၂ ရက်တွင် တိုက်ခိုက်မှုကို ရှုတ်ချခဲ့သည့်အပြင် ဧပြီ ၂၇ ရက်တွင် ကဘူးလ်မြို့၌ အိန္ဒိယသံတမန် အနတ်ပရာကက်ရှ်ကို လက်ခံတွေ့ဆုံခဲ့သည်။ မတ်လ ၁၆ ရက်တွင် နယူးဒေလီမြို့ရှိ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန (MEA) မှ တာဝန်ရှိသူများက အိန္ဒိယနိုင်ငံအနေဖြင့် အာဖဂန်နှင့်စပ်လျဉ်း၍ အလေးထားလုပ်ဆောင်လျက်ရှိပြီး တာလီဘန်အစိုးရအဖွဲ့နှင့် ခိုင်မာအားကောင်းသောဆက်ဆံရေးထူထောင်ရန် လိုအပ်ချက်မှန်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့က အတင်းအကျပ်နှင်ထုတ်ခံရသော အာဖဂန်ပြည်သူများကိုလည်း လူသားချင်းစာနာထောက်ထားသော အကူအညီများပေးသွားမည်ဖြစ်ကြောင်း မီဒီယာများသို့ ပြောကြားသွားခဲ့သည်။ ထို့နောက် ရက်အနည်းငယ်အကြာတွင် ကဘူးလ်မြို့ရှိအိန္ဒိယသံရုံး၌ အာဖဂန်အမျိုးသမီး




များနှင့် ကလေးများကို ပံ့ပိုးပစ္စည်းများပေးအပ်ခဲ့သည့်ဓာတ်ပုံများကို မီဒီယာများ၌ ဖော်ပြခဲ့သည်။ အဆိုပါ ပံ့ပိုးပစ္စည်းအိတ်များတွင် အိန္ဒိယအလံများ ရိုက်နှိပ်ဖော်ပြထားသည်။

စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ အိန္ဒိယနိုင်ငံသည်အတိတ်ကလည်း တာလီဘန်များကို ဆန့်ကျင်ရန် အာဖဂန်ပြည်သူများကို လူသားချင်းစာနာထောက်ထားသော အကူအညီများပေးခဲ့သလို လက်ရှိအချိန်တွင်လည်း တာလီဘန်နှင့်ထိတွေ့ဆက်ဆံရန်အတွက် အာဖဂန်ပြည်သူများကို ကူညီပံ့ပိုးလျက်ရှိသည်။ အာဖဂန်ပြည်သူများသို့ အိန္ဒိယ၏ ကူညီပံ့ပိုးမှုသည် ထူးဆန်းမှုမဟုတ်သော်လည်း ပုံမှန်ပံ့ပိုးကူညီခြင်းအားဖြင့် အိန္ဒိယနိုင်ငံသည် ကဘူးလ်မြို့၌ ၎င်း၏တည်ရှိမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည့်အပြင် အာဖဂန်တွင် တိုးချဲ့ရပ်တည်ရေးအတွက်လည်း အခွင့်အလမ်းများရရှိစေမည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဩဂုတ်လမှစ၍ အိန္ဒိယနိုင်ငံသည် ကယ်ဆယ်ရေးပစ္စည်း ၂၇ တန်၊ ဂျုံတန်ချိန် ၅၀၀၀၀၊ ပိုးသတ်ဆေး လီတာ ၄၀၀၀၀၊ ဆေးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းတန်ချိန် ၃၀၀ ကျော်ကို အာဖဂန်သို့ ပေးပို့လှူဒါန်းထားပြီးဖြစ်သည်။ ထို့ပြင် ၂၀၂၂ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသည်အာဖဂန်ရှိ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုထိန်းချုပ်ရေးရုံး (UNODC) နှင့်ပူးပေါင်းကာ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းအစုံ ၁၁၀၀၀၊ ကလေးအစားအစာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် အခြားပံ့ပိုးပစ္စည်းတန်ချိန် ၃၀ ကျော်ကို ပံ့ပိုးကူညီထားပြီးဖြစ်သည်။ သို့သော် အိန္ဒိယက အကောင်အထည်ဖော်မည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံအဆောက်အအုံစီမံကိန်းများကိုမူ ပြန်လည်စတင်နိုင်ခြင်းမရှိသေးပေ။ တာလီဘန်တို့သည်လည်း အဆိုပါ စီမံကိန်းများအကောင်အထည်ဖော်ရန် တောင်းဆိုလျက်ရှိသည်။

အာဖဂန်နိုင်ငံခြားရေးဒုတိယဝန်ကြီး မိုဟာမက်နီအမ်ဝါဒက်က တာလီဘန်အဖွဲ့အနေဖြင့် အိန္ဒိယ၏ အကူအညီများ ပိုမိုလိုအပ်ကြောင်း၊ အိန္ဒိယနှင့်ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ အိန္ဒိယတွင် ဆေးကုသမှုခံယူရေးနှင့် ပညာသင်ကြားရေးတို့အတွက် ဗီဇာများ ပိုမိုခွင့်ပြုပေးစေလိုကြောင်း၊ အိန္ဒိယအနေဖြင့် ဥဇဘက်ကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်ရှိ လွတ်လပ်သောဇုန်၌ အသစ်ထူထောင်ထားသော ဆေးရုံသို့ ဆေးဝါးအထောက်အပံ့နှင့် ဆရာဝန်များ ပေးပို့ကူညီနိုင်ပါကြောင်း၊ အာဖဂန်ကုန်သည်များအနေဖြင့်လည်း အိန္ဒိယနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်သွားလိုကြောင်း ပြောကြားသွားခဲ့သည်။

အိန္ဒိယအနေဖြင့် အာဖဂန်နစ္စတန်တွင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားလိုသော ဆန္ဒရှိပါက လုပ်ဆောင်နိုင်စွမ်းရှိနေသည်။ ကာလတိုနှင့်ကာလလတ်အတွင်း အာဖဂန်နစ္စတန်ကို ကူညီနိုင်ရေးအတွက် မူဝါဒများပြောင်းလဲသွားရန် လိုအပ်သည်။ ကဘူးလ်မြို့ရှိသံရုံးမှ စီမံဆောင်ရွက်နေသော နည်းဗျူဟာမြောက်မစ်ရှင်များကို ကျော်လွန်ပြီး အသေးစားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း (SDP) နှင့် အခြေခံအဆောက်အအုံစီမံကိန်းများ ပြန်လည်စတင်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးကဲ့သို့သော SDPs များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ထူထောင်ခြင်းသည် စီးပွားရေးနှင့်လူမှုရေးရင်းနှီးမြှုပ်နှံမှုများ တည်ဆောက်ရာ၌ အထောက်အကူပြုစေမည်ဖြစ်သည်။ အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းအဖွဲ့ချုပ် (FICCI) နှင့် အာဖဂန်ကုန်သည်ကြီးများအသင်းတို့ကြား ကြီးမားသောချိတ်ဆက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားနိုင်သည်။ ထို့ပြင် အခိုင်အမာအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ခြင်းသည် အာဖဂန်နစ္စတန်ကို နယ်စပ်ဖြတ်ကျော်မှုနှင့်ချိတ်ဆက်မှုတို့အတွက် တံတားအဖြစ် သယ်ပိုးနိုင်စေမည့်အပြင် အာဖဂန်ပြည်သူများအတွက် အခွန်ငွေရရှိမှုနှင့် အလုပ်အကိုင်ခန့်ထားမှုအခွင့်အလမ်းများကိုလည်း ကမ်းလှမ်းပေးနိုင်မည်ဖြစ်သည်။ သို့သော် အတားအဆီးအခက်အခဲများကို ကျော်လွှားပြီးမှသာလျှင် ကဘူးလ်မြို့သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

မကြာသေးမီကဖြစ်ပွားခဲ့သော အိန္ဒိယ-ပါကစ္စတန်ပဋိပက္ခသည် တာလီဘန်အစိုးရအဖွဲ့ကို မျှော်လင့်မထားသော အကျိုးကျေးဇူးများရရှိလာဖွယ်ရာရှိနေသည်။ အာဖဂန်နစ္စတန်အနေဖြင့် အရှေ့ဘက်ရှိအိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်လာမည့်အရိပ်အရောင်ကို မတွေ့ရှိရပေ။ ပထဝီနိုင်ငံရေးအခြေအနေများကြောင့် မျှော်လင့်သလောက် ဆက်ဆံရေးတိုးချဲ့နိုင်မည်မဟုတ်ပေ။ ကုန်းတွင်းပိတ် အာဖဂန်နစ္စတန်သည် ပင်လယ်ထွက်ပေါက်အတွက် ပါကစ္စတန်ကို မှီခိုအားထားနေရဆဲပင်ဖြစ်သည်။ အစ္စလမ္မာဘတ်သည် မကြာသေးခင်က ကသောင်းကနင်းဖြစ်ခဲ့သော်လည်း တရုတ်နိုင်ငံ၏ အကူအညီဖြင့် အာဖဂန်နစ္စတန်နှင့်ဆက်ဆံရေး တိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။ အာဖဂန်နစ္စတန်ဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးခန့်အပ်သွားရန်နှင့် တာလီဘန်အစိုးရအဖွဲ့ထံမှလည်း သံအမတ်တစ်ဦးလက်ခံသွားရန် နီးစပ်လာပြီဖြစ်သည်။

မည်သို့ပင်ဆိုစေ အာဖဂန်နစ္စတန်နိုင်ငံသည် နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပြီး တာလီဘန်အဖွဲ့သည် အိန္ဒိယ၊ ပါကစ္စတန်၊ တရုတ်စသည့် အိမ်နီးချင်းသုံးနိုင်ငံနှင့် ထိတွေ့ဆက်ဆံရန် စိတ်အားထက်သန်လျက်ရှိသည်။ တာလီဘန်အဖွဲ့သည် မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုများမှတစ်ဆင့် သံခင်းတမန်ခင်းနှင့် နိုင်ငံခြားရေးမူဝါဒချမှတ်ခြင်းတို့ကို အလျင်အမြန်လုပ်ဆောင်လျက်ရှိသည်။ အိန္ဒိယ၏ ရှုထောင့်အရမူ အာဖဂန်နစ္စတန်သည် အိန္ဒိယ၏ အလယ်အာရှမူဝါဒအတွက် အရေးပါလျက်ရှိသည်။

အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့် မွတ်တာကီတို့ကြား ယခုနှစ် ဇန်နဝါရီလ၌ တွေ့ဆုံဆွေးနွေးစဉ် ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် ချန်ဘာဟာဆိပ်ကမ်းကို တိုးမြှင့်သုံးစွဲသွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ သို့သော် အီရန် – အစ္စရေးစစ်ပွဲစတင်လာမှုနှင့်အတူ အရာရာတိုင်းသည် ဆိုးရွားစွာပြောင်းလဲဖြစ်ပေါ်လာခဲ့တော့သည်။ ၎င်းစစ်ပွဲသည် ဆိပ်ကမ်းလုပ်ငန်းလည်ပတ်မှုအပေါ် ကာလအတန်ကြာ သက်ရောက်မှုရှိနိုင်ပေသည်။

မည်သို့ပင်ဆိုစေ အိန္ဒိယနိုင်ငံသည် တာလီဘန်အဖွဲ့နှင့် နွေးထွေးသောဆက်ဆံရေးထူထောင်ခြင်းအားဖြင့် ပထဝီနိုင်ငံရေးအခင်းအကျင်းကို အကျိုးရှိစွာ အသုံးချလာလျက်ရှိသည်။ လက်ရှိအချိန်တွင် အိန္ဒိယတာဝန်ရှိသူများသည် အာဖဂန်နစ္စတန်နိုင်ငံ၌ အကျုံးဝင်သော အစိုးရတစ်ရပ်ထူထောင်ရန် တောင်းဆိုခဲ့မှုကို မသိကျိုးကျွန်ပြုထားပြီဖြစ်သည်။ ထို့ကြောင့် အကျိုးရလဒ်များပေါ်ထွက်လာရန် ရည်မှန်းထားသည့် မဟာဗျူဟာမြောက်လှုပ်ရှားမှုများသည် အိန္ဒိယ၏ သံခင်းတမန်ခင်းအတွက် မှတ်ကျောက်တစ်ခုဖြစ်လာတော့မည်ဖြစ်ပေသည်။

**ကိုးကား**

– **Understanding India's Strategic Out reach to the Taliban in Afghanistan by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# ကနေဒါနိုင်ငံ ယူကွန်နယ်မြေတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်



အော့တဝါ ဇူလိုင် ၂

ကနေဒါနိုင်ငံ ယူကွန်နယ်မြေ အီသယ်လိုက်ဒေသ အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးအန္တရာယ်မှာ စိုးရိမ်ရဖွယ်ရှိနေသည့်အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ယူကွန်နယ်မြေ မီးသတ်တပ်ဖွဲ့က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယူကွန်နယ်မြေတွင် ပြီးခဲ့သောမေလနှင့် ဇွန်လတို့ကလည်း တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း၊ ဇူလိုင် ၁ ရက်မှ စတင်လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် သစ်တောမြေ ၇ ဒသမ ၅ စတုရန်းကီလိုမီတာထိ ပျက်စီးခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာနှင့်နီးကပ်သည့် အီသယ်လိုက်ဒေသမှ ဒေသခံတချို့ကို ကယ်ဆယ်ရေး ဝန်ထမ်းများ၏ အကူအညီဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေကြောင်း သိရသည်။

"ယူကွန်နယ်မြေ အီသယ်လိုက်ဒေသအနီးမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးအန္တရာယ်ဟာ မိုးလေဝသအခြေအနေပေါ်မူတည်ပြီးတော့ အပြောင်းအလဲရှိနိုင်ပါတယ်။ အပူချိန်မြင့်တက်နေတဲ့အတွက် အချိန်တိုအတွင်း သစ်တောမြေ ၇ ဒသမ ၅ စတုရန်းကီလိုမီတာထိ လောင်ကျွမ်းပျက်စီးခဲ့ပါတယ်။ အခြေအနေပိုဆိုးလာနိုင်တဲ့အတွက် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ သတိပေးချက် ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်"ဟု ယူကွန်မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အီတလီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် လူနှစ်ဦးသေဆုံးကာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

ရောမ ဇူလိုင် ၂

အီတလီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံးကာ ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း အီတလီ အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့သည် ပီမွန့်နယ်မြေတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး သေဆုံးသူနှစ်ဦးမှာ ရေကြီးရေလျှံမှုနှင့်မြေပြိုကျမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ကြောင့် သဘာဝဘေးဒဏ်ကို အဝါရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် မြို့ ၁၈ မြို့ထိ ရှိနေကြောင်း၊ မြို့ ၁၈ မြို့မှ အန္တရာယ်ဇုန်အတွင်းတည်ရှိသည့် နေအိမ်များမှ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း သိရသည်။

"ပီမွန့်နယ်မြေမှာ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူတစ်ယောက်ရှိခဲ့ပြီး မြေပြိုကျမှုကြောင့် သေဆုံးသူတစ်ယောက် ရှိခဲ့ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ မြို့ ၁၈ မြို့ထိ ရှိနေပါတယ်။ ဒေသခံတချို့ကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့အတွက် ညွှန်ကြားထားပါတယ်"ဟု အီတလီအရေးပေါ် စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အီတလီနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် ရေဘေးအန္တရာယ်၊ မြေပြိုကျမှုဖြင့် ရင်ဆိုင်နေရသည့် နယ်မြေများရှိနေသကဲ့သို့ ထရန်တိုမြို့တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေကြောင်း၊ အပူလှိုင်းဖြတ်သန်းနေသည့် ထရန်တိုမြို့တွင် အမိုးအကာမရှိသည့်နေရာများ၌ အလုပ်တာဝန်ထမ်းဆောင်နေသူများကိုအလုပ်နားခွင့်ပြုထားသကဲ့သို့ စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# သြစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် ဘွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်း

ကင်ဘာရာ ဇူလိုင် ၂

သြစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် တည်ရှိသော ဆစ်ဒနီမြို့၏ ကမ်းနားကို ဇူလိုင် ၁ရက်နံနက်ပိုင်းက ဘွန်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် အဆိုပါဒေသရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း နိုင်ငံအာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။



မုန်တိုင်းကြောင့် ဆစ်ဒနီမြို့အပါအဝင် နယူးဆောက်ဝေးကမ်းရိုးတန်းတစ်ခုလုံးနီးပါးကို မိုးလေဝသဌာနက သဘာဝဘေးအရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်ပေါင်း ၂၉၀၀၀ လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး မုန်တိုင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၁၂၅ ကီလိုမီတာထက် ကျော်လွန်နေကြောင်း၊ မိုးရေချိန်သည် မီလီမီတာ ၃၂၀ ထိရှိသဖြင့် ကမ်းရိုးတန်းအနီးဒေသ တစ်ဝိုက်နှင့် မြေအနိမ့်ပိုင်း ဒေသများတွင် ရေလွှမ်းမိုးနိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ယနေ့တွင် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ပိုမိုအားကောင်းလာနိုင်သဖြင့် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ ခရီးသွားလာခြင်းကို ရှောင်ကြဉ်ရန်နှင့် ရေကြီးရေလျှံမှုဖြစ်ပွားပါက ယာဉ်များကို မောင်းနှင်ခြင်းမပြုရန်၊ မုန်တိုင်း၏နောက်ဆုံးအခြေအနေသတင်းနှင့် အရေးပေါ်သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိရန် နိုင်ငံပိုင်သတင်းဌာနများကို စောင့်ကြည့်ရန်လိုကြောင်း နယူးဆောက်ဝေးပြည်နယ် အရေးပေါ်ဝန်ဆောင်မှုဝန်ကြီး ဂျီဟတ်ဒစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဆွစ်ဇာလန်နိုင်ငံ အယ်လ်ပိုင်းအပန်းဖြေစခန်းတွင် ရေခဲလွှာပြိုကျမှုကြောင့် နေအိမ်များအနီးရှိ ကျောက်ဆောင် ထပ်မံပြိုကျမှုဖြစ်ပွား

ဘန်း ဇူလိုင် ၂

ဆွစ်ဇာလန်နိုင်ငံ အယ်လ်ပိုင်းအပန်းဖြေစခန်းတွင် ရေခဲလွှာပြိုကျမှုကြောင့် ဇူလိုင် ၁ ရက်က နေအိမ်များအနီးရှိကျောက်ဆောင် ထပ်မံပြိုကျမှုဖြစ်ပွားခဲ့ရာ ဆွစ်ဇာလန်ကျေးရွာရှိ အိမ်ခြေများမှာ ကျောက်အပိုင်းအစများ ပိနိုင်ခြေများသည့်အတွက် ဒေသအာဏာပိုင်များက အနီးကပ်စောင့်ကြည့်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါကျောက်ဆောင်ပြိုကျရာအနီးကျေးရွာသည် Loetschental ချိုင့်ဝှမ်းအနီးတွင် တည်ရှိပြီး ဒေသခံ ၃၀၀ ခန့် နေထိုင်လျက်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် အယ်လ်ပိုင်းတောင်တန်းများပေါ်တွင် အပူချိန်မြင့်လာခြင်းက ရေခဲလွှာပြိုကျမှုကို ဖြစ်စေပြီး ရေခဲလွှာပြိုကျမှု အရှိန်ကြောင့် ကျောက်ဆောင်ပြိုကျမှု ထပ်မံဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဒေသ အာဏာပိုင်များ၏ ကြိုတင်သတိပေးမှုကြောင့် ဒေသခံများသည် ကျောက်အပိုင်းအစများ မပြိုကျမီတွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ခဲ့သဖြင့် ဘေးကင်းခဲ့ကြောင်း သိရသည်။

"ကျောက်ဆောင်ပြိုကျနိုင်လို့ ဒေသခံတွေကိုသတိပေးခဲ့ပါတယ်။ ခန့်မှန်းထားတဲ့အတိုင်း ပြိုကျခဲ့ပါတယ်။ ဒေသခံတွေကို ကြိုတင် ရွှေ့ပြောင်းထားလို့ ဘေးကင်းခဲ့ပါတယ်"ဟု Kandersteg ကျေးရွာ၏ အုပ်ချုပ်ရေးမှူး ရာနီမယ်ဒါက ပြောကြားခဲ့သည်။

အဆိုပါ အယ်လ်ပိုင်းတောင်တန်းများပေါ်မှ ရေခဲလွှာများသည် နှစ်ပေါင်း ၃၀၀၀ ခန့် ငြိမ်သက်ခဲ့ပြီး အပူချိန်မြင့်တက်မှုကြောင့် ယခုကဲ့သို့ဖြစ်ရပ်မျိုး ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# မြေထဲပင်လယ်၏ ရေဧရိယာတွင် ရေမျက်နှာပြင်အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေ

ဘရပ်ဆဲလ် ဇူလိုင် ၂

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂ အဖွဲ့အစည်း၏ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် Copernicus Climate Change Service(C3S) အဖွဲ့အစည်းက မြေထဲပင်လယ်၏ ရေဧရိယာတွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြေထဲပင်လယ်သည် ဥရောပတိုက်နိုင်ငံအများစု၏ နယ်နိမိတ်ချင်းထိစပ်နေသည့် ရေဧရိယာဖြစ်ပြီး ရေမျက်နှာပြင် အပူချိန်မြင့်တက်မှုကြောင့် အဏ္ဏဝါဆိုင်ရာ စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ပြီးခဲ့သောဇွန်လကလည်း မြေထဲပင်လယ်ရေဧရိယာအတွင်း အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပြီး အပူချိန်ပမာဏမှာ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ ၎င်းပမာဏမှာ ၁၉၈၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အပူချိန်မြင့်တက်ခဲ့သည့် ပမာဏထက် မြင့်မားနေကြောင်း Copernicus Climate Change Service(C3S) အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"မြေထဲပင်လယ် ရေဧရိယာမှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် မြင့်တက်နေပါတယ်။ အပူချိန်ဟာ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အဏ္ဏဝါဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဩဂုတ်လလယ်ပိုင်းရောက်မှသာ အပူချိန်မြင့်တက်လာမယ်လို့ ခန့်မှန်းထားပေမဲ့ မျှော်လင့်ထားတာထက် အချိန်စောပြီးတော့ အပူချိန်မြင့်တက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လထဲမှာလဲ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မြေထဲပင်လယ် ရေဧရိယာနဲ့ ထိစပ်နေတဲ့ ရေဧရိယာတွေမှာ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု Copernicus Climate Change Service(C3S) အဖွဲ့အစည်းမှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat







### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်နေ ဦးနိုင်အေးကျော် (ဘ) ဦးစိန်မြင့်(၉/နထက(နိုင်)၀၉၉၉၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၉၆၁၁၄၂

### ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်၊ နယ်မြေ(၃)နေ မောင်ခင်မောင် (ဘ) ဦးလှဝင်း(၉/မထလ(နိုင်)၂၀၂၆၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(493664)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၄၂၂၈၆၈

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ အိမ်အမှတ်(၁၀)နေ မရည်ဆွေနွယ်အောင် (ဘ) ဦးအောင်လှတင်(၉/မခန(နိုင်)၂၁၄၆၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-163451)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၈၀၇၉၈၅၁

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄(A)လမ်း၊ ၁၃၀ x ၁၃၁ လမ်းကြားနေ ကျော်ကျော်နိုင် (ဘ) ဦးမောင်မောင်နိုင်(၉/ပကခ(နိုင်)၀၄၀၁၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-933939)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၂၀၂၅၉၅၀

### ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၈)၊ Grade- 12 တွင် ပညာသင်ကြားနေသော မအိငုံဖူး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်သောင်းဖြစ်ပါကြောင်း။

ဦးမောင်သောင်း(၉/ပသက(နိုင်)၁၃၀၆၆၇)

### မိဘအမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ Ever-Learn ကိုယ်ပိုင်ကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော မောင်ညီဘုန်းမြတ်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးပြည့်ဖြိုးအောင် + ဒေါ်ဝင်းသီတာဖြစ်ပါကြောင်း။

ဦးပြည့်ဖြိုးအောင်(၉/ပကခ(နိုင်)၀၁၀၃၉၉)
ဒေါ်ဝင်းသီတာ(၉/ကပတ(နိုင်)၂၀၁၉၈၈)

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ် သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ **စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေးကို အထူးအားပေးဆောင်ရွက်ကြရန်လိုပါသည်။ ပြည်ပရောင်းတမ်းဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးများနှင့်ပြည်နယ်များအကြား ညီမျှစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကျရောက်သော ကရင်နှစ်သစ်ကူးအမျိုးသားနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အမျိုးသမီးအာရှဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်တွင် ရှုံးပွဲကြုံခဲ့သည့် မြန်မာအသင်း ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးနည်းပါး



**ရန်ကုန် ဇူလိုင် ၂**

အမျိုးသမီးအာရှဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းအနေဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်အသင်းက

**စာမျက်နှာ ၂၁ ကော်လံ ၁** ❍

## ပဲခူးမြစ်ရေ ပဲခူးမြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သိရသည်။

## မုတ်သုံလေအားကောင်းနေခြင်းကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊

**စာမျက်နှာ ၂၀ ကော်လံ ၁** ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

